ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**စီးပွားတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏ အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏ အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်၊ အင်္ဂါနေ့။ Tuesday, 2 June 2020 ၁၀၀၃၁

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြည်သူတွေရဲ့စွမ်းအားနဲ့ covid အလွန်ကာလမှာ ယခင်ကထက် ပိုမိုစည်းလုံးခိုင်မာတဲ့ နိုင်ငံဖြစ်လာဖို့ မျှော်လင့်ပါကြောင်း သတင်းစကားပါး




**နေပြည်တော် ဇွန် ၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြည်သူတွေရဲ့ စွမ်းအားနဲ့ covid အလွန်ကာလမှာ ယခင်ကထက် ပိုမိုစည်းလုံးခိုင်မာတဲ့နိုင်ငံ ဖြစ်လာဖို့ မျှော်လင့်ပါကြောင်း ၎င်း၏ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် သတင်းစကားပါးရေးသားထားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဒီကနေ့ ဇွန်လ(၁)ရက်နေ့ဖြစ်ပါပြီ၊ အချိန်ရဲ့သဘောသဘာဝက ထူးဆန်းပါကြောင်း၊ တစ်ဖက်ကကြည့်ရင် သတ္တဝါတွေ လုံးဝပိုင်တဲ့၊ နိုင်တဲ့အရာမဟုတ်ပါကြောင်း၊ သူ့ဘာသာသူ သွားနေပြီး ဘယ်သူ့ကိုမှလည်း လှည့်မကြည့်၊ ဘယ်သူ့ကိုမှလည်း ဂရုမစိုက်ပါကြောင်း။

နောက်တစ်ဖက်က ကြည့်ပြန်တော့ အချိန်ဟာ ကိုယ်ဖန်တီးတဲ့အတိုင်း ဖြစ်နေသလိုပဲဖြစ်ပါကြောင်း၊ မြန်နေလား၊ နှေးနေလား၊ ကိုယ့်ပေါ်မှာပဲ တည်ပါကြောင်း၊ တစ်နေ့ဟာ အလွန်ရှည်ကြာနေသလိုဖြစ်ပြီး နှစ်တွေကတော့ တစ်ခဏချင်း ပျောက်သွားသလိုနေတာလည်း ရှိပါကြောင်း၊ ကြာလှပြီထင်တဲ့ ကာလ၊ တကယ်ပြန်တွက်ကြည့်လိုက်တော့လဲ ဒီလောက် မကြာသေးပါလားလို့ တွေ့ရတာလည်း ရှိပါကြောင်း၊ အချိန်က လှည့်ဖြားတာထက် ကိုယ့်စိတ်က လှည့်ဖြားနေတာဖြစ်ပါကြောင်း။

Covid ကမ္ဘာကြီးထဲ မိမိတို့တွေရောက်နေကြတာ ဘယ်လောက်ကြာသွားပြီလဲ။ တွက်လိုက်တော့ (၅)လကျော် (၆)လလောက်ရှိပါကြောင်း၊ ဒီလောက်ကြီးလဲ မကြာသေးပါကြောင်း၊ ဒါပေမဲ့ ဒီကာလအတွင်းမှာ မိမိတို့တွေဟာ မွေးကတည်းက အလေ့အကျင့်ဖြစ်နေတဲ့ အပြုအမူတွေကို ပြောင်းကြရကြောင်း၊ တကယ့်စိန်ခေါ်မှုကြီးဖြစ်ပါကြောင်း။

ဒီစိန်ခေါ်မှုကြီးကို ရင်ဆိုင်ကျော်လွှားနိုင်ရင် ယခုအတွက်သာမက နောင်မျိုးဆက်တွေအတွက်ပါ အောင်မြင်မှုကြီးဖြစ်လိမ့်မည်ဖြစ်ပါကြောင်း၊ စာရေးဆရာမကြီးတစ်ဦးက ပြောဖူးပါကြောင်း၊ နိုင်ငံတစ်နိုင်ငံရဲ့ သမိုင်းမှာ ဂုဏ်ယူဖွယ်ရာဖြစ်ရပ်တွေဟာ ခေတ်အဆက်ဆက်မှာ ခက်ခဲတဲ့ကာလတွေကို ကျော်ဖြတ်ဖို့ အင်အားတွေ ဖြစ်စေပါကြောင်း၊ ဒို့တွေဟာ အခက်အခဲကြီးတွေကို ကျော်လွှားနိုင်စွမ်းရှိခဲ့ကြောင်း၊ ခုလည်း ကျော်လွှားနိုင်မှာပဲဆိုတဲ့ ယုံကြည်မှု စွမ်းအားဖြစ်ပါကြောင်း။

ပြည်သူတွေရဲ့စွမ်းအားနဲ့ covid အလွန်ကာလမှာ၊ ယခင်ကထက် ပိုမိုစည်းလုံးခိုင်မာတဲ့နိုင်ငံဖြစ်လာဖို့ မျှော်လင့်ပါကြောင်း ရေးသားဖော်ပြထားသည်။

- ☆ **ဒီစိန်ခေါ်မှုကြီးကို ရင်ဆိုင်ကျော်လွှားနိုင်ရင် ယခုအတွက်သာမက နောင်မျိုးဆက်တွေအတွက်ပါ အောင်မြင်မှုကြီးဖြစ်လိမ့်မည်။**
- ☆ **နိုင်ငံတစ်နိုင်ငံရဲ့သမိုင်းမှာ ဂုဏ်ယူဖွယ်ရာဖြစ်ရပ်တွေဟာ ခေတ်အဆက်ဆက်မှာ ခက်ခဲတဲ့ကာလတွေကို ကျော်ဖြတ်ဖို့ အင်အားတွေဖြစ်စေ။**



ကြေးမုံ

## ရောဂါဘေးကင်းဝေးရေး အချိန်အခါအလိုက်ပုံမှန်ကာကွယ်

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုသည် နိုင်ငံ၏လူဦးရေနှင့် နှိုင်းစာလျှင်လည်းကောင်း၊ ရောဂါကူးစက်မှုနှင့် ထိခိုက်မှုကို ချိန်ဆလျှင်လည်းကောင်း ဆိုးဆိုးရွားရွားဖြစ်ပွားမှုမရှိသေးသည်ကို တွေ့ရမည်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို သုံးသပ်ကြည့်လျှင် ရောဂါပိုးတွေ့အတည်ပြုလူနာများသည် နိုင်ငံပြင်ပမှ ဝင်ရောက်လာသူများဖြစ်ပြီး ပြည်တွင်းရှိပြည်သူလူထုအတွင်း ရောဂါကူးစက်ဖြစ်ပွားမှုအနည်းဆုံးဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။

လက်တွေ့တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ပြည်သူလူထု ဖြစ်ပွားထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်နေရာ ကိုဗစ်-၁၉ ရောဂါထက်ပင် ထိခိုက်ဖြစ်ပွားမှုအများဆုံးဖြစ်သော အခြားကူးစက်ရောဂါ/ မကူးစက်ရောဂါများ၏ အန္တရာယ်များကိုလည်း သတိမူကြဖို့လိုမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတစ်ဝန်းတွင် ဖြစ်လေ့ဖြစ်ထရှိသည့် အခြားသောကူးစက်ရောဂါအမျိုးမျိုးတို့ကြောင့် နှစ်စဉ်လူအများသေဆုံးပျက်စီးမှုကို လေ့လာကြည့်လျှင် ကိုဗစ်-၁၉ ရောဂါထက်ပင် သာလွန်သည်ကို တွေ့ရမည်ဖြစ်သည်။

အထူးသဖြင့် ကလေးငယ်များတွင် ရာသီအလိုက်ဖြစ်ပွားလေ့ရှိသည့် သွေးလွန်တုပ်ကွေး၊ ဝက်သက်၊ ဂျိုက်သိုး စသည့် ရောဂါအန္တရာယ်များမှာ နှစ်စဉ်ကြုံတွေ့လျက်ရှိပြီး ကမ္ဘာတစ်ဝန်း၌ ထိခိုက်ပျက်စီးမှု များပြားပါသည်။ ထိုရောဂါများကို ကာကွယ်နိုင်ရန်အတွက် ကာကွယ်ဆေးထိုးခြင်းဖြင့် နှစ်စဉ်နှစ်တိုင်း လှုပ်ရှားဆောင်ရွက်ခဲ့ကြပါသည်။ ယခုအခါ ကိုဗစ်-၁၉ ရောဂါကို အလေးထားဆောင်ရွက်နေသဖြင့် ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်များကို ဧပြီလ ၁ ရက်နေ့မှစတင်၍ ခေတ္တရပ်ဆိုင်းခဲ့ရသည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုမှာ အနည်းဆုံးအနေအထားရှိသောကြောင့် ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်များကို ပြန်လည်ဆောင်ရွက်ခဲ့သည်။ နိုင်ငံတစ်ဝန်းတွင် ဆေးရုံအခြေပြု ကာကွယ်ဆေးထိုးဆေးခန်းအစီအစဉ်ကို မေလ ၁၈ ရက်နေ့မှစတင်၍ ဆောင်ရွက်လျက်ရှိပြီး ကျန်ရှိသော ကျန်းမာရေးဌာနများနှင့် ပြည်သူလူထုအတွင်း ကာကွယ်ဆေးထိုးအစီအစဉ်ကို ဇွန်လ ၁ ရက်နေ့မှစ၍ စတင်ဆောင်ရွက်နေပြီဖြစ်သည်။

ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းသည် ကလေးငယ်များအတွက် အရေးကြီးဆုံး ပုံမှန်ကျန်းမာရေးအစီအစဉ်တစ်ခု ဖြစ်သည်။ ကျန်းမာရေးလိုအပ်ချက်များရှိနေသည့် ဝေးလံခေါင်ဖျားဒေသများ၊ ကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမမီနိုင်သည့်ဒေသများ၊ ပဋိပက္ခဖြစ်ပွားနေသော ဒေသများမှ ကလေးငယ်များ ရောဂါဘေးကြောင့် အသက်အန္တရာယ်ကင်းဝေးရေးအတွက် ကပ်ရောဂါအသွင်မဖြစ်ပွားလာစေရန် အရည်အသွေးကောင်းမွန်သော ကာကွယ်ဆေးအားလုံးကို ရာသီအလိုက် အကြိမ်ပြည့် ထိုးနှံပေးရေးသည် အရေးကြီးသောအချက်ဖြစ်သည်။

ကာကွယ်ဆေးထိုးအစီအစဉ်များကို ယခုအခါ ပြန်လည်စတင်နေပြီဖြစ်၍ ဧပြီလနှင့်မေလအတွင်း ကာကွယ်ဆေးမထိုးခဲ့ရသည့် လျာထားကလေးများအားလုံးသာမက အကြောင်းကြောင်းကြောင့် ပုံမှန်ကာကွယ်ဆေးမထိုးလိုက်ရဘဲ ကျန်ရစ်ခဲ့သည့်ကလေးများအားလုံးပါ တစ်ယောက်မကျန် ကာကွယ်ဆေးများကိုထိုးနှံခြင်းဖြင့် ရောဂါမဖြစ်ပွားအောင် ကာကွယ်ရမည်ဖြစ်သည်။ ကာကွယ်ဆေးမလွှမ်းခြုံနိုင်ပါက ကာကွယ်နိုင်သော ကူးစက်ရောဂါများ ပြန်လည်ခေါင်းထောင်ထလာပြီး တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကပ်ရောဂါဘေးသဖွယ် အချိန်မရွေးဖြစ်ပွားနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

သို့ဖြစ်ရာ ရောဂါကာကွယ်၊ တားဆီးရေးနှင့် ထိန်းချုပ်ရေးလမ်းညွှန်ချက်များကို တိကျစွာလိုက်နာပြီး ကလေးငယ်များ ကူးစက်ရောဂါဘေးအမျိုးမျိုးမှ ကင်းဝေးရေးသာမက ကိုဗစ်-၁၉ ရောဂါကင်းဝေးရေးအတွက်ပါ မိဘအုပ်ထိန်းသူများအနေဖြင့် ကာကွယ်ဆေးထိုးစုရပ်များတွင် ကာကွယ်ဆေးထိုးနှံရေး လာရောက်ကြပါရန်နှင့် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်းပါဝင်၍ ရောဂါကာကွယ်၊ တားဆီးရေးကို ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ရာဇဝတ်အထူးအယူခံမှု (၅)မှုနှင့် တရားမအထူးအယူခံမှု (၈)မှုကို စီရင်ချက်ချမှတ်၊ တရားမအထူးအယူခံမှု (၆)မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဇွန် ၁**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ အားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) ၌ တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် Coronavirus Disease 2019 (COVID – 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များနှင့်အညီ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှု (၅)မှုနှင့် တရားမအထူးအယူခံမှု (၈)မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှု (၆)မှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁-၆-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၅၀၀ | ၁၁,၀၀၀ | ၅၅၁ | ၆,၀၄၁,၅၀၀ |
| MTSH | ၃,၈၀၀ | ၃,၈၅၀ | ၉,၁၈၄ | ၃၄,၈၉၉,၅၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၁၁၅ | ၉၃၁,၅၀၀ |
| FPB | ၂၃,၀၀၀ | ၂၄,၀၀၀ | ၁၁ | ၂၅၆,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၈၅၀ | ၁,၂၇၈ | ၃,၆၃၅,၀၀၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၇,၅၀၇ | ၂၀,၂၆၈,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇွန် ၁

ရန်ကုန်(ရွှေဈေး) ၁၂၁၆၀၀၀ မန္တလေး(ရွှေဈေး) ၁၂၁၆၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၉၀/၅၂၀ ကျပ် | ၅၃၀/၅၄၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၅၄၀/၅၆၅ ကျပ် | ၆၁၅/၆၃၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၁၀/၄၆၀ ကျပ် | ၄၈၀/၄၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၀၀/၅၃၅ ကျပ် | ၅၄၀/၅၅၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၃၅/၄၅၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၅၀/၄၆၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၃၉၅/၄၀၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၉၇.၉ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၅၆.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၅.၉၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၄.၁၀၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၃.၉၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၅၁၀ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၄၁.၆၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၃.၀၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၀၀.၇ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၃.၈၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်း၊ ဦးချစ်ဇေယျာထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်ဇာရည်မွန်၊ ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၅ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်

၁။ COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်သည့် အစီအမံများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်ရေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ခရီးသွားများအပေါ် ပြည်ဝင်ခွင့်ယာယီကန့်သတ်ချက်များအား ထုတ်ပြန်ထားခဲ့ပြီး၊ အဆိုပါကန့်သတ်ချက်များအားလုံးကို ၃၁-၅-၂၀၂၀ ရက်နေ့အထိ ဆက်လက်တိုးမြှင့်သတ်မှတ်ကြောင်း ၁၅-၅-၂၀၂၀ ရက်စွဲပါကြေညာချက်ဖြင့် ထုတ်ပြန်ထားခဲ့ပြီးဖြစ်ပါသည်-

(က) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၁၅-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ခ) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် ဆိုက်ရောက်ဗီဇာနှင့် အီလက်ထရောနစ်ဗီဇာ ထုတ်ပေးခြင်းများအား ယာယီရပ်ဆိုင်းမှုတို့နှင့်စပ်လျဉ်း၍ ၂၀-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဂ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၂၄-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဃ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် နိုင်ငံခြားသားများအား ဗီဇာကင်းလွတ်ခွင့်နှင့် လူမှုရေးဗီဇာ အပါအဝင် မည်သည့်ပြည်ဝင်ဗီဇာ အမျိုးအစားကိုမဆို ယာယီရပ်ဆိုင်းမှုနှင့်စပ်လျဉ်း၍ ၂၈-၃-၂၀၂၀ ရက်စွဲပါကြေညာချက်။

၂။ COVID-19 ကူးစက်ရောဂါ ပြည်ပမှ ဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှုအန္တရာယ်မှ မြန်မာပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ထိရောက်သည့်အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်သွားနိုင်ရန်ရေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အထက်ဖော်ပြပါ ပြည်ဝင်ခွင့် ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများအားလုံးကို ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၅ ရက်နေ့အထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ပါသည်။

၃။ သို့ရာတွင် အရေးပေါ် အစိုးရတာဝန်ဖြင့်ဖြစ်စေ၊ မလွှဲမရှောင်သာ သောကိစ္စရပ်များကြောင့်ဖြစ်စေ၊ ပြည်ပနိုင်ငံသားများ (သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဝန်ထမ်းများအပါအဝင်) အနေဖြင့် မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲရန်ရှိမည့် ကယ်ဆယ်ရေးလေယာဉ် (သို့မဟုတ်) အထူးလေယာဉ်များဖြင့် လာရောက်ရန်ရှိပါက ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ကန့်သတ်မှုများမှ ကင်းလွတ်ခွင့်ရရှိနိုင်ရန်အတွက် ပြည်ပနိုင်ငံများရှိ အနီးဆုံး မြန်မာသံရုံး/ အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်အကူအညီ တောင်းခံရန် ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသွားများအားလုံးအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ တည်ဆဲညွှန်ကြားချက်များကို မပျက်မကွက်လိုက်နာကြရမည် ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့်ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဦးသက်ဆွေ<br>အထွေထွေမန်နေဂျာ<br>သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း<br>ပြန်ကြားရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း<br>ပြန်ကြားရေးဝန်ကြီးဌာန |
| (၂) | ဦးအောင်ကျော်စိုး<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>(ဒုတိယညွှန်ကြားရေးမှူးချုပ်)<br>ပြည်ထောင်စုဝန်ကြီးရုံး<br>အလုပ်သမား၊ လူဝင်မှု<br>ကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှု<br>ကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား<br>ဝန်ကြီးဌာန |
| (၃) | ပါမောက္ခ ဒေါက်တာတင်တင်ကျော်<br>ဒုတိယပါမောက္ခချုပ်(သင်ကြား)<br>သူနာပြုတက္ကသိုလ်(ရန်ကုန်)<br>ကျန်းမာရေးလူ့စွမ်းအား<br>အရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစား<br>ဝန်ကြီးဌာန | ပါမောက္ခချုပ်<br>သူနာပြုတက္ကသိုလ်(ရန်ကုန်)<br>ကျန်းမာရေးလူ့စွမ်းအား<br>အရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစား<br>ဝန်ကြီးဌာန |

## ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ Mission Chief, Mr. Shanaka Jayanath Peiris နှင့်အဖွဲ့အား Virtual Meeting ပြုလုပ်

**နေပြည်တော် ဇွန် ၁**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ယနေ့နံနက် ၁၀ နာရီတွင် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund – IMF) ၏ မြန်မာနိုင်ငံဆိုင်ရာ Mission Chief, Mr. Shanaka Jayanath Peiris နှင့်အဖွဲ့အား နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ Virtual Meeting ဖြင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးစဉ် IMF မှ မြန်မာနိုင်ငံသို့ ထုတ်ချေးမည့် အမေရိကန်ဒေါ်လာ သန်း ၇၀၀ ရယူရေးကိစ္စရပ်နှင့် စပ်လျဉ်း၍ IMF Managing Director Ms. Kristalina Georgieva ထံသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်တို့ ပူးတွဲလက်မှတ်ရေးထိုးပေးပို့မည့် Letter of Intent (LOI) ပါကိစ္စ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့အကြား လက်မှတ်ရေးထိုးမည့် MoU ကိစ္စ၊ ယင်းချေးငွေများအား မြန်မာနိုင်ငံ၏ COVID-19 Economic Relief Plan (CERP) နှင့်အညီ ဆောင်ရွက်မည့်ကိစ္စ၊ ချေးငွေဖြင့် ဆောင်ရွက်မည့် ပစ္စည်းဝယ်ယူရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အဆိုပါ IMF ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၇၀၀ သည် ကိုဗစ်-၁၉ ကြောင့် မြင့်တက်လာနိုင်သည့် မြန်မာနိုင်ငံ၏ဘဏ္ဍာရေးလိုငွေကို ဖြည့်ဆည်းနိုင်ရေးအတွက် IMF ထံမှ Rapid Credit Facility (RCF) နှင့် Rapid Financing Instrument (RFI) အစီအစဉ်များဖြင့် မြန်မာနိုင်ငံသို့ ထုတ်ချေးခြင်းဖြစ်ပြီး ယင်းချေးငွေရယူရေးကိစ္စကို မေ ၂၆ ရက်တွင် ကျင်းပသော ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့၌ အတည်ပြုခဲ့ပြီးဖြစ်သည်။ IMF အနေဖြင့် ယင်းကိစ္စအား ဇွန် ၂၆ ရက်၌ ကျင်းပမည့် အမှုဆောင်ဒါရိုက်တာဘုတ်အဖွဲ့အစည်းအဝေးတွင် အတည်ပြုရန်ရှိကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမောင်မောင်ဝင်း၊ ဦးဆက်အောင်နှင့် ဒေါက်တာ မင်းရဲပိုင်ဟိန်း၊ IMF Resident Representative for Myanmar, Mr. Neil Kumar Saker၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



## အာဆီယံဒေသတွင်း မိုင်းရှင်းလင်းရေးဗဟိုဌာန၏ အမှုဆောင်ညွှန်ကြားရေးမှူးရာထူးနေရာအတွက် လျှောက်လွှာခေါ်ယူ

**နေပြည်တော် ဇွန် ၁**

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့အခြေစိုက် အာဆီယံဒေသတွင်း မိုင်းရှင်းလင်းရေးဗဟိုဌာန (ASEAN Regional Mine Action Center – ARMAC)၏ အမှုဆောင်ညွှန်ကြားရေးမှူး ရာထူးတွင် သုံးနှစ်တာ တာဝန်ထမ်းဆောင်ရန် အဆိုပြုလျှောက်လွှာများ ခေါ်ယူလျက်ရှိသည်။ လုပ်ငန်းတာဝန်နှင့် သတ်မှတ်အရည်အချင်းများအပါအဝင် အသေးစိတ်အချက်အလက်များကို အာဆီယံဒေသတွင်း မိုင်းရှင်းလင်းရေးဗဟိုဌာန၏ Website ဖြစ်သည့် http:// aseanmineaction.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဆည်ရေကို စနစ်တကျ အကျိုးရှိစွာ သုံးစွဲသွားရန် အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံ၊ ရေလွှဲဆည်၊ ရေထိန်းတံခါးအပါအဝင် ဆည်ငယ်၊ ကန်ငယ်များတွင် သိုလှောင်ထားရှိသောရေများကို ဒေသအလိုက် စိုက်ပျိုးရေ၊ သောက်သုံးရေလိုအပ်မှုများအတွက် စနစ်တကျ စီမံဆောင်ရွက်ပေးဝေလျက်ရှိပါသည်။ ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိရာတွင် ဆည်တစ်ခုချင်းစီအလိုက် ရေပေးဝေနိုင်မည့် ရေပမာဏများကိုလည်း ဌာနမှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည့်အပြင် စိုက်ခင်းအတွင်း ရေစီမံခန့်ခွဲမှုလုပ်ငန်းများကိုလည်း ရေအသုံးချသူများအဖွဲ့ (WUG)များနှင့်အတူ "ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်" ဖြင့် လက်တွဲဆောင်ရွက်ပေးလျက်ရှိပါသည်။ အားလုံးသော ရေသုံးစွဲသူတောင်သူများအနေဖြင့်လည်း ဆည်ရေကို စနစ်တကျ အကျိုးရှိစွာသုံးစွဲရန် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ရေလေလွင့်ဆုံးရှုံးမှုနည်းပါးကာ မိုးရာသီကာလအတွင်း စိုက်ပျိုးရေနှင့် သောက်သုံးရေ လိုအပ်ချက်များကို ထိရောက်စွာ ပေးဝေစီမံသွားနိုင်မည်ဖြစ်သည့်အတွက် တောင်သူများအားလုံး အထူးအလေးထားပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

❂ ကျောဖုံးမှ

လွှတ်တော်က ၂၀၁၉ ခုနှစ် မေ ၁၄ ရက်တွင် ဆွေးနွေးနေပြီး ဒေါက်တာမောင်သင်း တင်သွင်းသည့် ဥပဒေမူကြမ်းအပေါ်ကိုလည်း အစီရင်ခံစာတင်ပြနေသည့် ကာလဖြစ်ပါကြောင်း၊ ထို့ကြောင့် အရေးကြီးအဆိုသည် ဆောင်ရွက်ပြီးနှင့် ဆောင်ရွက်ဆဲအကြောင်းအရာကို တင်ပြနေခြင်းဖြစ်သည့်အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆ နည်းဥပဒေခွဲ(က) နည်းဥပဒေခွဲငယ် (၂)နှင့် မညီညွတ်သည်မှာ ထင်ရှားနေသောကြောင့် ယခုအဆိုသည် ဥပဒေနှင့် ညီညွတ်ခြင်း မရှိသဖြင့် အဆိုအားကန့်ကွက်ပါကြောင်း ဆွေးနွေးသည်။

ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင်က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁ ပါ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ခြင်းနှင့် ဥပဒေအရ ပေးအပ်သောတာဝန်ကို ကျေပွန်စွာမဆောင်ရွက်ခြင်းဆိုသည့်အချက်များနှင့် ငြိစွန်းကြောင်း သိသာထင်ရှားစွာတွေ့ရှိရသဖြင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၅ အရ ဥက္ကဋ္ဌအား တာဝန်မှရုပ်သိမ်းပေးပါရန်အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင်က အဆိုတွင်ပါရှိသည့် ကျိုးကြောင်းဖော်ပြချက်များသည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်နေသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတာဝန်မှ ရုပ်သိမ်းရန် အဆိုနှင့် အဆိုတွင်ပါရှိသည့် ကျိုးကြောင်းဖော်ပြချက်များသည် ရှေ့နောက်ညီညွတ်မှုမရှိသည့်အပြင် ဥပဒေပါ ပြဋ္ဌာန်းချက်ဖြစ်သည့် အခန်း(၆)ပုဒ်မ (၂၁)ပါ ပြဋ္ဌာန်းချက်နှင့်လည်း ညီညွတ်မှုမရှိသည့်အတွက် အတည်မပြုသင့်ပါကြောင်း ကန့်ကွက်ဆွေးနွေးသည်။

## ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲမထားဘဲ လုပ်ငန်းတာဝန်များကို အကောင်းဆုံးဆောင်ရွက်နေ

အင်ဂျန်းယန် မဲဆန္ဒနယ်မှ ဦးလမာနော်အောင်က ယခုကဲ့သို့ ပြစ်တင်ရှုတ်ချပြီး ဥက္ကဋ္ဌရာထူးမှဖယ်ရှားမည့် အဆိုအစား ပြည်သူအများစု လိုလားသော ပိုမိုပြည့်စုံကောင်းမွန်သော ဖွဲ့စည်းပုံအခြေခံဥပဒေရရှိရေးအတွက် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲခြင်း သို့မဟုတ် အသစ်ရေးဆွဲရေးကို ပြည်လုံးကျွတ်ဆန္ဒခံယူပြီး ဆောင်ရွက်နိုင်ရေးအဆိုကို လွှတ်တော်သို့တင်မည်ဆိုပါက ပြည်သူများက ဝမ်းသာကြမည်ဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုလွှတ်တော်နာယကနေရာသည် မိဘအမွေမဟုတ်သကဲ့သို့ အာဏာရှင်စနစ်ကဲ့သို့ ကွယ်လွန်သည်အထိ ရယူထားနိုင်သည့် ရာထူးမဟုတ်သဖြင့် ပါတီနောက်ခံမရှိသော တစ်သီးပုဂ္ဂလဖြစ်သော ဥက္ကဋ္ဌအနေဖြင့် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲမထားဘဲ လုပ်ငန်းတာဝန်များကို အကောင်းဆုံးဆောင်ရွက်နေသည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း ဆွေးနွေးသည်။

ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံးက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ လုပ်ပိုင်ခွင့်ကို လေ့လာကြည့်သည့်အခါ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ ၁၆၃ (က)တွင် ဥက္ကဋ္ဌက အများပြည်သူနှင့်သက်ဆိုင်သော လောလောဆယ် အရေးကြီးကိစ္စတစ်ရပ်ကို ဆွေးနွေးရန် အဆိုတင်သွင်းခွင့်ပြုနိုင်သည်ဟု ရေးသားဖော်ပြထားပြီး ခွင့်ပြုရမည်ဟု ရေးသားပြဋ္ဌာန်းထားခြင်းမရှိပါကြောင်း၊ ဥက္ကဋ္ဌ၏ လုပ်ပိုင်ခွင့် ဆင်ခြင်တုံတရားအရ ဆုံးဖြတ်ပိုင်ခွင့်ကို ပြဋ္ဌာန်းထားပြီးဖြစ်ပါသောကြောင့် ဥက္ကဋ္ဌဆုံးဖြတ်ချက်သည် မှန်ကန်သည်ကိုတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ဆုံးဖြတ်ချက်များ၊ လုပ်ဆောင်ချက်များအပေါ် ထောက်ခံကြောင်းနှင့် မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်အပါ လွှတ်တော်ကိုယ်စားလှယ် ၁၁၀ ဦး လက်မှတ်ရေးထိုးတင်သွင်းသောအဆိုကို ကန့်ကွက်ပါကြောင်း ဆွေးနွေးသည်။

ဆိပ်ကြီး၊ ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်က ဦးမောင်မြင့် မင်းကင်းမဲဆန္ဒနယ်၏ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါ COVID –19 မြန်မာနိုင်ငံတွင် တွေ့ရှိခဲ့ရမှုနှင့်ပတ်သက်ပြီး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ(ကာလုံ)နှင့် ညှိနှိုင်းပြီးဆောင်ရွက်ရန် အရေးကြီးအဆိုကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆ နှင့်အညီ တင်သွင်းခဲ့သော်လည်း နာယကက ခွင့်မပြုခဲ့ခြင်းနှင့်ပတ်သက်သည့် မိမိအမြင်ကို တင်ပြလိုပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်သမ္မတနှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ(ကာလုံ)နှင့် မဖြစ်မနေ ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စရပ်များကို ရှင်းရှင်းလင်းလင်း တိတိကျကျ ပြဋ္ဌာန်းပေးထားပြီးဖြစ်ပါကြောင်း၊ COVID–19 နှင့်ပတ်သက်၍ အစိုးရသည် နည်းလမ်းပေါင်းစုံ ဘက်ပေါင်းစုံနှင့် စီစဉ်ဆောင်ရွက်နေချိန်တွင် ကာလုံနှင့်ညှိနှိုင်းဆောင်ရွက်ရန် အရေးကြီးအဆို တင်သွင်းလာခြင်းကို ပေးအပ်ထားသည့် အခွင့်အာဏာနှင့်အညီ ပြည်ထောင်စုလွှတ်တော်နာယကအနေဖြင့် ဆုံးဖြတ်ဆောင်ရွက်ခဲ့ခြင်းဟု ယုံကြည်ပါကြောင်း၊ ထို့ကြောင့် ဦးစိုင်းထွန်းစိန် မိုင်းပျဉ်းမဲဆန္ဒနယ်က ဦးဆောင်တင်သွင်းသည့် ဥက္ကဋ္ဌ ဦးတီခွန်မြတ်အား တာဝန်မှ ရုပ်သိမ်းပေးရန်အဆိုကို ကန့်ကွက်ပါကြောင်းနှင့် လွှတ်တော်မှ အတည်မပြုသင့်ပါကြောင်း ဆွေးနွေးသည်။

## ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီဆောင်ရွက်ခဲ့သည်မှာ ထင်ရှား

ပြည်မဲဆန္ဒနယ်မှ ဒေါက်တာခင်စိုးစိုးကြည်က ဥက္ကဋ္ဌ၏ဆုံးဖြတ်ဆောင်ရွက်ချက်များအားလုံးသည် ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီဆောင်ရွက်ခဲ့သည်မှာ ထင်ရှားပါကြောင်း၊ ထို့ပြင် ကွတ်ခိုင်မဲဆန္ဒနယ်မှ ပြည်သူများက ယုံကြည်စွာ ရွေးချယ်တင်မြှောက်ခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့်သာမက မိမိတို့နိုင်ငံ၏ ဥပဒေပြုမဏ္ဍိုင်ကို သိမ်မွေ့ပျော့ပျောင်းစွာ၊ တည်ငြိမ်တိကျစွာ ယနေ့အထိ ဘက်လိုက်မှုမရှိဘဲ ဦးဆောင်ပေးခဲ့သည်ကို ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များသာမက နိုင်ငံတစ်ဝန်းလုံးကလည်း ထင်ထင်ရှားရှားသိမြင်ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုတင်သွင်းသည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအား တာဝန်မှ ရုပ်သိမ်းပေးရန်အဆိုလွှာကို မိမိအနေဖြင့် ခြွင်းချက်မရှိ ကန့်ကွက်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်ရဲနိုင်မျိုးက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် စတင်တာဝန်ထမ်းဆောင်ခဲ့သည့် ၂၀၁၈ ခုနှစ် မတ် ၂၂ ရက်မှ ယခုအချိန်အထိ ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများတွင် ပွတ်တိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် စိတ်ရင်းစေတနာကောင်းဖြင့် ဆောင်ရွက်ခဲ့သည်ကို လေးစားစွာ အသိအမှတ်ပြုပါကြောင်း၊ သို့သော်လည်း လွှတ်တော်ကိုယ်စားလှယ်များက အစိုးရကိုထိန်းကျောင်းနေသည့်အဆိုများကို တင်သွင်းခွင့်မပြုခဲ့ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁(က)၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၁၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၃ (ခ) တို့ကို ချိုးဖောက်ရာရောက်သည့်အတွက် ဦးစိုင်းထွန်းစိန် တင်သွင်းသည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအား တာဝန်မှရုပ်သိမ်းပေးရန်အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။


ထန်းတပင်မဲဆန္ဒနယ်မှ ဦးနေမျိုးထွန်း


ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင်


အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဦးလမာနော်အောင်


ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး

အလားတူ မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း၊ နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ) ဦးဒီလုံး၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်ဝင်းမိုး၊ ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင် (ခ)ဦးပြုံးချို၊ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာခင်စည်သူ၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီးသိမ့်သိင်္ဂီထွေးအောင်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဝင်းမင်းထွန်း၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်သက်ထွန်းအောင်၊ မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင်၊ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၊ ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်၊ ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးရည်မွန်(ခ) မောင်တင်သစ်နှင့် အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုးတို့က ဆွေးနွေးကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က ယင်းအဆိုနှင့် စပ်လျဉ်း၍ စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏အဆုံးအဖြတ်ရယူပြီး ထောက်ခံမဲ ၁၃၂ မဲ၊ ကန့်ကွက်မဲ ၂၄၃ မဲနှင့် ကြားနေမဲ ၅ မဲ တို့ရရှိကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ထောက်ခံမဲ ၁၃၂ မဲသာဖြစ်၍ ကတိသစ္စာပြုပြီးသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ အနည်းဆုံး ၃ ပုံ ၂ ပုံက ထောက်ခံခြင်းမရှိသည့်အတွက် နည်းဥပဒေ ၁၁၉၊ နည်းဥပဒေခွဲ(က)အရ ယခုအဆိုကို အရေးယူဆောင်ရွက်ရန်မရှိကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို အခက်အခဲအမျိုးမျိုးကြားက ဖြစ်မြောက်အောင် ကျင်းပခဲ့ရပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများ၏ တာဝန်ကျေပွန်စွာ ပေါင်းစပ်ဆောင်ရွက်မှုများသည် အဓိကကျပါကြောင်း၊ လက်ရှိဖြစ်ပွားနေသည့် COVID –19 ကပ်ရောဂါကိုလည်း မိမိတို့လွှတ်တော်ကိုယ်စားလှယ်များက ကျရာအခန်းကဏ္ဍမှနေ၍ ပြည်သူနှင့်အတူ လက်တွဲပြီး ရောဂါကာကွယ်ရေးနည်းလမ်းများအတိုင်း ရှေ့တန်းက တက်တက်ကြွကြွပါဝင်ဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း၊ ပြည်သူက ရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များပီသစွာ ပြည်သူ့အကျိုးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးကြပါ။ လွှတ်တော်၏ဂုဏ်သိက္ခာ ဆက်လက်မြင့်မားနေရေးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ဆောင်ရွက်ကြပါဟု မှာကြားလိုပါကြောင်း ပြောကြားသည်။

အေးအေးသန့်(သတင်းစဉ်)

# ဩစတြေးလျ၊ နယူးဇီလန်နှင့် ပါပူးဝါနယူးဂီနီနိုင်ငံတို့မှ မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဇွန် ၁**

ဩစတြေးလျနိုင်ငံ၊ နယူးဇီလန်နိုင်ငံနှင့် ပါပူးဝါနယူးဂီနီနိုင်ငံတို့တွင် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၈၃ ဦးအား ဆစ်ဒနီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာသည့် Myanmar Airways International–MAI ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

### တာဝန်ယူဆောင်ရွက်ပေးခဲ့

၎င်းတို့ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံအသီးသီးတွင် အခက်အခဲကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသားများအား Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ကယ်ဆယ်ရေးလေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ယနေ့အထိ မြန်မာနိုင်ငံသား စုစုပေါင်း ၂၈၃၀ အား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

ဩစတြေးလျနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။



❖ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်မှ

စိတ်ဝင်စားမှုမြင့်မားလာစေရန်အတွက် မဲဆန္ဒရှင် အသိပညာပေးခြင်းလုပ်ငန်းများကို စီမံချက်ချ၍ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာဌာနများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း။

မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မဲဆန္ဒရှင် အရေအတွက်အပေါ်မူတည်၍ မဲရုံများ တိုးချဲ့ဖွင့်လှစ်ခွင့်ပြုခြင်း၊ မသန်စွမ်းမဲဆန္ဒရှင်များ လွယ်ကူစွာမဲပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိခြင်း၊ နယ်မြေဒေသအလိုက် အခြေအနေအပေါ်မူတည်၍ မဲဆန္ဒရှင်ပြည်သူများ သွားလာရေးလွယ်ကူစေရန် မဲရုံများတိုးချဲ့ဖွင့်လှစ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်အားလုံး အဆင်ပြေသက်သာစွာ ပါဝင်မဲပေးနိုင်ရေး စီမံဆောင်ရွက်ထားပါကြောင်း ဖြေကြားသည်။

## ပညာရေးဝန်ကြီးဌာနနှင့်သက်ဆိုင်သည့် မေးခွန်းများနှင့်စပ်လျဉ်း၍ ဖြေကြား

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်၏ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်သည့်အလေ့အထများ ထွန်းကားရေး မည်သို့စီမံဆောင်ရွက်နေသည်ကို သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်အထိ ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အဆင့်မြှင့်တင်ရေးစီမံချက် ဆောင်ရွက်မည့်ကျောင်းများအတွက် စာအုပ်စင်၊ စာကြည့်တိုက်ဆိုင်ရာ စာရေးကိရိယာ၊ စာကြည့်တိုက်အထောက်အကူပြုပစ္စည်းများ၊ စာဖတ်စားပွဲခုံ၊ စာအုပ်နှင့် သင်တန်းစရိတ်များအတွက် ရန်ပုံငွေစုစုပေါင်း ငွေကျပ် ၁၈၀၅ ဒသမ ၆၅ သန်း ခွဲဝေသုံးစွဲခဲ့ပါကြောင်း၊ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အထိ ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်သည့် ကျောင်းဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုရန်ပုံငွေတွင် ကျောင်းစာကြည့်တိုက်လုပ်ငန်းများအတွက် စုစုပေါင်း ငွေကျပ် ၁၅၁၂၈ ဒသမ ၂၇၉ သန်း သုံးစွဲခဲ့ပါကြောင်း။

အဆိုပါ ရန်ပုံငွေခွဲဝေမှုများအပြင် စာကြည့်တိုက်ရှိရန် လိုအပ်သည့်ကျောင်းများကို နှစ်စဉ် ရန်ပုံငွေများ ခွဲဝေပေးပြီး စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများဆောင်ရွက်ခြင်း၊ အထူးသဖြင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၊ မြန်မာစာပေ ပံ့ပိုးကူညီမှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှုပရဟိတအဖွဲ့၊ Room to Read အဖွဲ့များနှင့် မြန်မာနိုင်ငံစာကြည့်တိုက်အသင်းတို့ ပူးပေါင်းဆောင်ရွက်နေသည့် စာဖတ်ကြစို့ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စာကြည့်တိုက်ဆိုင်ရာ သင်တန်းများပေးခြင်း၊ လိုအပ်သော ပရိဘောဂနှင့် စာအုပ်များ ဖြည့်ဆည်းပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ကျောင်းစာကြည့်တိုက်ဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောင်းအုပ်ကြီးများ မွမ်းမံသင်တန်းတွင် စာကြည့်တိုက်ဆိုင်ရာ အကြောင်းအရာများကိုလည်း ပို့ချပေးခဲ့ပါကြောင်း၊ ထို့ပြင် အခြေခံပညာကျောင်းများရှိ စာကြည့်တိုက်များတွင် စာကြည့်တိုက်တာဝန်ခံတစ်ဦးထားရှိ၍ စာအုပ်ငှားကတ်ဖြင့် စာအုပ်များ ငှားရမ်းဖတ်ရှုစေခြင်း၊ ဖတ်ရှုပြီးသည့် အကြောင်းအရာများကို စာသင်ခန်းအတွင်း ပြန်လည်ပြောပြစေခြင်း၊ ကျောင်းစုဝေးပွဲများတွင် ပြန်လည်ပြောကြားစေခြင်းတို့ကိုလည်း ကျောင်းအလိုက်ဆောင်ရွက်ပေးခြင်း၊ မြို့နယ်အဆင့်စာဖတ်ပြိုင်ပွဲများ၊ စကားရည်လုပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲများကိုလည်း ဆောင်ရွက်ပေးခြင်းဖြင့် စာဖတ်ရှုရန် မြှင့်တင်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။


ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း၏ ချင်းပြည်နယ် ထန်တလန်မြို့နယ် ဇန်တလန်(ခ) ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင် (၁)သည် ဟောင်းနွမ်းပျက်စီးနေပါသဖြင့် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် ပေ (၁၂၀ x ၃၀) RCC နှစ်ထပ်ဆောင် ဆောက်လုပ်နိုင်ရေး ရန်ပုံငွေခွဲဝေချထားပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဇန်တလန်(ခ) ကျေးရွာအခြေခံပညာအလယ်တန်းကျောင်းတွင် အန္တရာယ်ရှိကျောင်းဆောင်အား ဖျက်သိမ်းပြီး ပေ(၁၂၀ x ၃၀) Steel Structure တစ်ထပ်ဆောင် တစ်ဆောင် ဆောက်လုပ်ရန်အတွက် လိုအပ်သော ရန်ပုံငွေကို ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်၊ ငွေလုံးငွေရင်း တည်ဆောက်ရေးရန်ပုံငွေခေါင်းစဉ်အောက်မှ မြို့နယ်ဦးစားပေးအစီအစဉ်အရ စိစစ်၍ လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ၏ မွန်ပြည်နယ် ရေးမြို့နယ် လမိုင်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ပေ(၁၃၀ x ၃၀) RCC နှစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက လမိုင်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသားဦးရေအရ ပေ (၁၃၀ x ၃၀) RC နှစ်ထပ်ကျောင်းဆောင် တိုးချဲ့ဆောက်လုပ်ရန်အတွက် လိုအပ်သော ရန်ပုံငွေကို မြို့နယ်ဦးစားပေးအစီအစဉ်အရ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်သို့ ရောက်ရှိမှသာ အဆိုပါဘဏ္ဍာရေးနှစ်၏ ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေခေါင်းစဉ်အောက်မှ ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ စိစစ်ထည့်သွင်းလျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်၏ မွန်ပြည်နယ် သထုံမြို့နယ် ဘင်လှိုင်ရပ်ကွက် ဝါးတောအခြေခံပညာမူလတန်း(လွန်)ကျောင်းတွင် ပေ (၉၀ x ၃၀) RCC တစ်ထပ်ကျောင်းဆောင်သစ်အား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဆွေနိုင်၏ ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မိုးညှင်း အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ အန္တရာယ်ရှိကျောင်းဆောင်ဖြစ်သော ပြည်တော်သာကျောင်းဆောင်အား ဖျက်သိမ်း၍ (၁၇၀ x ၃၀ x ၂၄)ပေ RCC နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်းမေးခွန်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။


ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး


ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်အောင်


စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကိုကိုနိုင်


မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးကျော်တုတ်

## အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

ထို့နောက် အစိုးရ၏ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ) ဦးမောင်စိုးတို့က ဆွေးနွေးကြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ် မေ ၁၈ ရက်မှ ဇွန် ၁ ရက်အထိ အစည်းအဝေး ကျင်းပရက် (၆)ရက်အတွင်း အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်များအနေဖြင့် မေးခွန်းမေးမြန်းခြင်းကဏ္ဍတွင် လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူလူထု၏ အကျိုးအလို့ငှာ အမျိုးသားလွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်း ၄၃ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၁၃၁ ခုတို့ကို မေးမြန်းခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်းများအပေါ် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များက လွှတ်တော်တွင် နှုတ်ဖြင့်ဖြေကြားခြင်း၊ စာဖြင့်ပေးပို့ဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

အဆိုတင်သွင်းခြင်းကဏ္ဍတွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦးက ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာဌေးကြွယ်နှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်တို့နှစ်ဦး ကွယ်လွန်သွားခြင်းအတွက် အထူးဝမ်းနည်းကြောင်းအဆိုကို လွှတ်တော်သို့ တင်သွင်းခဲ့ရာ လွှတ်တော်က မှတ်တမ်းတင်ခဲ့ပါကြောင်း၊ ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍအနေဖြင့် အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့ထားသည့် အစိုးရ၏ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကာ ၎င်းတို့၏ ဆွေးနွေးချက်များကို ဥပဒေကြမ်းကော်မတီသို့ ပြန်လည်ကြားနာနိုင်ရန် ပေးပို့ခဲ့ပါကြောင်း။

ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးအတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့သည် ဥပဒေကြမ်းများအနက် အသေးစားငွေရေးကြေးရေးဥပဒေကြမ်းနှင့် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကာ ၎င်းတို့၏ ဆွေးနွေးချက်များကို ဥပဒေကြမ်းကော်မတီသို့ ပြန်လည်ကြားနာနိုင်ရန် ပေးပို့ခဲ့ပါကြောင်း။

နည်းဥပဒေများနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသည့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများအား လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကာ လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက်များအတိုင်း အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီများ၏ လွှတ်တော်အစည်းအဝေးကာလအတွင်း ဆောင်ရွက်ခဲ့သည့် ကော်မတီအစည်းအဝေးများအနေဖြင့် ဥပဒေကြမ်းကော်မတီ (၂)ကြိမ်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ(၂)ကြိမ်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ (၁)ကြိမ်၊ တိုင်းရင်းသားရေးရာကော်မတီ (၁) ကြိမ်၊ တောင်သူလယ်သမားရေးရာကော်မတီ (၁) ကြိမ်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ (၁) ကြိမ်၊ ပညာရေးမြှင့်တင်မှုကော်မတီ (၁)ကြိမ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ (၁) ကြိမ်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ (၁)ကြိမ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ (၁) ကြိမ်၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီ (၁) ကြိမ် စုစုပေါင်း ကော်မတီ အစည်းအဝေး (၁၃)ကြိမ် ပြုလုပ်ခဲ့ပါကြောင်း။

သုတေသန၊ ပြည်သူ့ဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီးမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအတွက် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း စာတမ်းတို (၂)စောင် ထုတ်ဝေခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မိမိတို့ သက်ဆိုင်ရာဒေသအသီးသီးသို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပြန်လည်ရောက်ရှိကြပြီး မိမိတို့၏ မဲဆန္ဒရှင်ပြည်သူများအကျိုး၊ ဒေသ၏အကျိုး၊ နိုင်ငံတော်၏အကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားမည်ဖြစ်ကြောင်းနှင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ရှိ IDP စခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**သွားရောက်ထောက်ပံ့**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ်ရှိ (၃)ရပ်ကွက် ကာသိုလိပ်ဘုရားကျောင်း၊ ကာလိုင်(၁)နှင့် ကာလိုင်(၂) စုစုပေါင်း IDP စခန်း သုံးခုသို့ သွားရောက်၍ Hand Speaker သုံးခုနှင့် ကိုဗစ်-၁၉ အသိပညာပေး အသံဖိုင်ထည့်သွင်းထားသော Memory Stick သုံးခုတို့ကို သွားရောက်ထောက်ပံ့ခဲ့သည်။

အလားတူ မေ ၃၀ ရက်က ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ စေတီတောင်နှင့် ဖုံညိုလိပ်ယာယီတိုက်ပွဲရှောင်စခန်း နှစ်ခုသို့ သွားရောက်၍ အဝတ်နှာခေါင်းစည်း ၅၉၅၈ ခု၊ အပူချိန်တိုင်းကိရိယာ တစ်ခု၊ လက်သန့်ဆေးရည် ၆၂၄ ဘူး၊ Hand Speaker နှစ်ခု၊ ကိုဗစ်-၁၉ အသိပညာပေး အသံဖိုင်ထည့်သွင်းထားသော Memory Stick နှစ်ခုနှင့် ဗီနိုင်းနှစ်ချပ်တို့အား သွားရောက်ထောက်ပံ့ခဲ့သည်။

**စဉ်ဆက်မပြတ်ဆောင်ရွက်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ထောက်ပံ့မှု လုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအတွက် ကွန်းခိုရာ

သတင်းဆောင်းပါး- ဟန်လင်းနိုင်၊ မျိုးသူဟိန်း၊ ဟိန်းမင်းစိုး
ဓာတ်ပုံ- မျိုးမြင့် (သတင်းစဉ်)

"ကျောင်းမှာ သိမ်၊ လူမှာ အိမ်"ဆိုသည့် မြန်မာစကားပုံ ဆိုရိုးစကားအရ ရဟန်းသံဃာတော်များ သီတင်းသုံး နေထိုင်သည့် ကျောင်းတိုက်များတွင် သိမ်မှာ အရေးကြီး သကဲ့သို့ လူ့ဘဝတွင်လည်း နေထိုင်ရန်အိမ်မှာ အရေးကြီး လှပေသည်။ လူ့ဘဝတွင် အရေးကြီးသည့် စား၊ ဝတ်၊ နေရေးသုံးခုအနက် နေရေးအတွက် စိတ်ပူပန်နေရသူများ ထဲတွင် နိုင်ငံ့ဝန်ထမ်းများအပါအဝင် ဖြစ်ပေသည်။ ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ် အသီးသီးတွင် တစ်နေ့တာ တာဝန်ထမ်းဆောင်ပြီး အိမ်အပြန် ညအိပ်စက်အနားယူသည့်အခါတိုင်း အငြိမ်းစားယူပြီးသည့်အခါ နေအိမ်အတွက် စဉ်းစား မိတိုင်း အတွေးမောများ ဝင်ရောက်လာရမြဲ ဖြစ်သည်။ ဝန်ထမ်းများအနေဖြင့် အငြိမ်းစားယူပြီးနောက်ပိုင်း နေရေးအတွက် အငြိမ်းစားရယူရန် နီးကပ်လေလေ စိုးရိမ် ပူပန်မှုများလေလေ ဖြစ်ရသည်။

ခေတ်အဆက်ဆက်သော အစိုးရတို့အနေဖြင့် ဝန်ထမ်းများ၏ နေအိမ်အခက်အခဲအတွက် သူ့နည်း သူ့ဟန်ဖြင့် မြို့ကွက်သစ်များဖော်ထုတ်ပြီး ရောင်းချပေးခဲ့ ကြသော်လည်း ၎င်းတို့အနေဖြင့် နေအိမ်တည်ဆောက်ရန် အခက်အခဲ၊ အခြေခံ ရေ၊ မီးနှင့် နေအိမ်ပြုပြင်ရန်၊ ထိန်းသိမ်းရန် အခက်အခဲတို့ကြောင့် အမှန်တကယ် အငြိမ်းစားယူချိန်တွင် နေရေးအတွက် အခက်အခဲ ဖြစ်ကြရပြန်ပြီး ဝန်ထမ်းများပတ်ဝန်းကျင်တွင် အငြိမ်းစားယူပြီးချိန် နေစရာနှင့်ပတ်သက်၍ ညည်းတွား ပြောဆိုမှုများကို မကြာခဏကြားနေရမြဲ ဖြစ်သည်။

လက်ရှိအစိုးရအနေဖြင့် နိုင်ငံတော်တာဝန် စတင် ယူချိန်မှစ၍ ဝန်ထမ်းများနောင်ရေး တွေးမပူရအောင် ဆိုသည့် ရည်ရွယ်ချက်ကောင်းဖြင့် အငြိမ်းစားနိုင်ငံ့ ဝန်ထမ်းအိမ်ရာများ ဖော်ဆောင်ပေးရန် မူဝါဒထားရှိခဲ့ရာ ယခုအခါတွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအတွက် ကွန်းခိုရာအဖြစ် နေပြည်တော်မြို့မစျေးအနီးတွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာကို စတင်တည်ဆောက် အကောင်ထည်ဖော်ဆောင်လျက်ရှိသည်။

"အစိုးရအဆက်ဆက်က နိုင်ငံ့ဝန်ထမ်းတွေ အငြိမ်းစားယူရင် သူတို့နေထိုင်ဖို့ မြေကွက်တွေ ချပေးခဲ့ တာတွေရှိပါတယ်။ လက်ရှိအစိုးရလက်ထက်မှာ နိုင်ငံ့ ဝန်ထမ်းတွေအနေနဲ့ ဘာတွေလိုအပ်လဲမေးတဲ့အခါ ချပေးထားတဲ့မြေကွက်မှာ နေအိမ်ဆောက်လုပ်ဖို့ အခက် အခဲတွေရှိတယ်ဆိုတာ သိရတယ်။ ဒါကြောင့် ဖြစ်နိုင် မယ်ဆိုရင် တည်ဆောက်ပြီးသား တိုက်ခန်းတွေပေးတာ က သူတို့အတွက် ပိုအဆင်ပြေလိမ့်မယ်။ နိုင်ငံတော် အကြီးအကဲတွေနဲ့ ဝန်ထမ်းတွေတွေ့ဆုံတဲ့အခါ ဖြစ်နိုင် ရင် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရောင်းချပေးဖို့ တောင်းဆိုတာတွေရှိတယ်။ ဒီလို တောင်းဆိုလာတဲ့ အတွက် နိုင်ငံတော်အကြီးအကဲတွေက နေပြည်တော် စည်ပင်သာယာရေးကော်မတီကို နေပြည်တော်မှာ နေထိုင်လိုတဲ့ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းတွေအတွက် အိမ်ရာတစ်ခုဆောက်ပေးဖို့ တာဝန်ပေးပါတယ်။

ဒါကြောင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာတွေကို ဖော်ဆောင်ရတာ ဖြစ်ပါတယ်" ဟု နေပြည်တော် စည်ပင် သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးရဲမင်းဦး က ပြောသည်။

"နိုင်ငံတော်အကြီးအကဲတွေက နိုင်ငံ့ဝန်ထမ်းတွေ အတွက် စေတနာထားပြီး အငြိမ်းစားဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးဖို့ တာဝန်ပေးလာတဲ့အတွက် နေပြည်တော် စည်ပင်အနေနဲ့ ဘယ်လိုနေရာမှာ ဆောက်မလဲ။ ဘယ်လို ပုံစံဆောက်မလဲ အစည်းအဝေးတွေလုပ်ပြီး တိုင်ပင်ပါတယ်။ အိမ်ရာအဆောက်အအုံကို သင့်တော်တဲ့နေရာမှာ ဆောက်လုပ်ချင်တယ်။ ဒါကြောင့် မြေရွေးချယ်တဲ့နေရာမှာ ဖြစ်နိုင်ရင် အကောင်းဆုံးနေရာကိုပဲ ရွေးချယ်ဖို့ နေပြည်တော်မြို့တော်ဝန်က လမ်းညွှန်တယ်။ အဲဒီ လမ်းညွှန်ချက်အတိုင်း မြေနေရာကို ရွေးလိုက်တာပါ။ ရွေးထားတဲ့မြေနေရာက မြို့လယ်နေရာမျိုးဖြစ်တယ်။ မြို့မစျေးကြီးနဲ့နီးတယ်။ နောင်တစ်ချိန်မှာ စည်ကားလာနိုင် တဲ့မြေနေရာမျိုး ဖြစ်ပါတယ်။

"ဒီနေရာရဲ့ ထူးခြားချက်က အငြိမ်းစားဝန်ထမ်း အိမ်ရာနဲ့ကပ်လျက်မှာ ဓာတ်ဆီဆိုင်နဲ့ အထက်တန်း ကျောင်းရှိတယ်။ လက်ရှိဝန်ထမ်းတွေနေတဲ့ အိမ်ရာနားမှာ ဖြစ်တယ်။ နောက်ပြီး ဒီအနီးအနားမှာပဲ နေပြည်တော်ရဲ့ အနာဂတ်စီမံကိန်းမှာပါတဲ့ အဝေးပြေးကားဂိတ်ကြီးကို လည်း တည်ဆောက်မယ်။ ဒါကြောင့် ဒီနေရာဟာ လူစည်ကားလာမယ့်နေရာဆိုတာ သေချာတယ်။ အဲဒီနေရာမှာပဲ အိမ်ရာနဲ့အတူ စီးပွားရေးဆိုင်ရာ အဆောက် အအုံတွေ ဆောက်လိုက်မယ်ဆိုရင် အားလုံးအတွက် အကောင်းဆုံးနေရာ ဖြစ်လာမယ်။ ဒါကြောင့် အားလုံး အတွက် နေထိုင်လို့ တကယ်အဆင်ပြေနိုင်မယ့် မြေဧရိယာ မျိုးကိုရွေးပြီး အိမ်ရာဆောက်လုပ်တာ ဖြစ်ပါတယ်"ဟု ဒုတိယမြို့တော်ဝန်က ပြောသည်။

ယခုတည်ဆောက်လျက်ရှိသည့် အငြိမ်းစားနိုင်ငံ့ ဝန်ထမ်းအိမ်ရာစီမံကိန်းသည် နေပြည်တော်ကောင်စီ နယ်မြေ ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်းဘေး မြို့မစျေးအနီး နေပြည်တော်စည်ပင်သာယာရေးကော်မတီ ပိုင် မြေဧက ၂၀၀ အနက်မှ မြေဧက ၇၀ အပေါ်တွင် တည်ဆောက်လျက်ရှိပြီး ပထမအဆင့်အနေဖြင့် တိုက်ခန်းပေါင်း ၃၀၀၀ ကျော်ကို စတင်တည်ဆောက် နေကြောင်း သိရသည်။

"အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာ လျှောက်ထားတဲ့ အခါ ၂၀၁၉ ခုနှစ်အထိ အငြိမ်းစားယူခဲ့တဲ့ မည်သူမဆို လျှောက်ထားလို့ရပါတယ်။ ပြစ်မှုကြောင့် အနားပေးခံရတဲ့ ဝန်ထမ်းတော့ မရပါဘူး။ အငြိမ်းစားပေးလိုက်ကြောင်း အထောက်အထား စာရွက်စာတမ်းတင်ပြနိုင်ရင် လျှောက်ထားလို့ရပါတယ်။ ပထမအဆင့်အနေနဲ့ ၂၀၁၉ ခုနှစ်အထိ အငြိမ်းစားယူထားတဲ့ နိုင်ငံ့ဝန်ထမ်းတွေ ရပါ မယ်။ ပြီးရင် ၂၀၂၀ ပြည့်နှစ်ထဲမှာ အငြိမ်းစားယူမယ့်ဝန်ထမ်း တွေလည်း လျှောက်ထားလို့ရပါတယ်။ သူတို့ကတော့ သက်ဆိုင်ရာ ဝန်ကြီးဌာနရဲ့ ထောက်ခံချက်ပါရပါမယ်။ ပင်စင်ယူဖို့ တစ်လ၊ နှစ်လ လိုပေမယ့်လည်း ဒီနှစ်ထဲမှာ ပင်စင်ယူမယ့် ဝန်ထမ်းဆိုရင် လျှောက်ထားလို့ရပါတယ်။ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆိုတဲ့နေရာမှာ ဌာနခွဲမထားပါဘူး။ ဘယ်ဌာနကဖြစ်ဖြစ် အငြိမ်းစားယူထားတဲ့ ဝန်ထမ်းအားလုံး လျှောက်ထားခွင့်ရှိပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ် လည်း ခွဲခြားမထားပါဘူး။ တစ်နိုင်ငံလုံးမှာရှိတဲ့ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းတွေအားလုံး လျှောက်ထားခွင့်ရှိပါတယ်။

"လျှောက်လွှာတွေကို ဇွန်လ ၁ ရက်နေ့ကစပြီး လက်ခံ ပါမယ်။ နိုင်ငံတစ်ဝန်းလုံးက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းတွေ လျှောက်လွှာလာတင်သူတွေအားလုံးကို ခွဲခြားမှုမရှိဘဲ လက်ခံမယ်။ လျှောက်ထားသူများရင်လည်း လျှောက်လွှာ စောစောလာတင်သူတွေကို အရင်ဆုံးရွေးချယ်ပြီး နံပါတ် စဉ်လိုက်ဖြတ်ချမယ်။ နံပါတ်တစ်ကနေစသွားမယ် သုံးထောင်ပြည့်ရင် ရပ်လိုက်မယ်၊ နောက်မှလာတင်သူ ကတော့ မရဘူး။ လျှောက်လွှာလာတင်တာနဲ့ Register


နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးရဲမင်းဦး


နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင် ဦးဆန်းနိုင်


နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဌာနကြီးမှူး (အင်ဂျင်နီယာ) ဦးတင်အောင်ငွေ

လုပ်ပြီး သူ့ရဲ့နံပါတ်က ဘယ်လောက်ဆိုတာ အကြောင်း ကြားမယ်။ လာလျှောက်သူတွေကို အထပ်ရွေးခွင့်ပေးပါ မယ်။ မြေညီထပ်ပြည့်သွားရင် ဖြတ်ချလိုက်မှာပါ။ ဝယ်တဲ့သူကလည်း သူသုံးနိုင်တဲ့ငွေကိုချိန်ပြီး အထပ် အလိုက် ရွေးချယ်ဝယ်ယူရမယ်။ ရာထူးကန့်သတ်ချက် မရှိဘူး၊ နေရာဒေသကန့်သတ်ချက်မရှိဘူး။

"ဝယ်ယူတဲ့သူတွေကို အောက်တိုဘာလမှာ အခန်း အပ်နိုင်အောင် ဆောင်ရွက်နေပါပြီ။ ရောင်းချတဲ့အခါမှာ ပထမဦးစားပေး၊ ဒုတိယဦးစားပေးဆိုပြီး အုပ်စုခွဲထား ပါတယ်။ ပထမဦးစားပေးက အငြိမ်းစားဝန်ထမ်းတွေ ဖြစ်ပါတယ်။ သို့သော်လည်း အခုလျှောက်လွှာခေါ်ပြီး တစ်လအတွင်း လာလျှောက်ကြတဲ့ လျှောက်လွှာအရေ အတွက်ကို ကြည့်ပါမယ်။ အငြိမ်းစားဝန်ထမ်းတွေဝယ်လို့ အခန်းအားလုံးကုန်သွားရင်တော့ လက်ရှိဝန်ထမ်းတွေကို ရောင်းချပေးလို့ရမှာ မဟုတ်ပါဘူး။ သို့သော် အငြိမ်းစား ဝန်ထမ်းတွေ ဝယ်တာမကုန်ဘူးဆိုရင်တော့ လက်ရှိဝန်ထမ်း တွေကို ဆက်လက်ရောင်းချပေးသွားမှာ ဖြစ်ပါတယ်" ဟု ဒုတိယမြို့တော်ဝန်က ဆက်လက်ပြောကြားသည်။

အနာဂတ်ကာလတွင် အငြိမ်းစားဝန်ထမ်းများ လာရောက်နေထိုင်မှု များပြားလာသည့်အခါ ဝန်ဆောင်မှု လိုအပ်ချက်ဖြစ်လာနိုင်သည့်အတွက် အိမ်ရာဝန်းကျင် တွင် စီးပွားရေးဇုန်များ၊ Commercial Area များ၊ ကုန်တိုက်များကို ထည့်သွင်းတည်ဆောက်သွားရန် ရှိကြောင်း သိရသည်။

"နိုင်ငံ့ဝန်ထမ်းတွေက တာဝန်ထမ်းဆောင်ချိန်မှာ တိုက်ခန်းတွေမှာ နေရတယ်။ နေထိုင်စရာ ပူစရာမလိုဘူး။ ဒါပေမဲ့ အငြိမ်းစားယူပြီးနောက်ပိုင်း သူတို့က နေဖို့ အတွက် အမြဲတမ်းပူရတယ်။ အငြိမ်းစားယူပြီးနောက်ပိုင်း ဘာဖြစ်မယ်ဆိုတာ သူတို့မသိဘူး။ နိုင်ငံ့ဝန်ထမ်းတွေ နေရေးမပူရအောင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းတွေ အိမ်ရာလည်းထည့်ဆောက်သင့်ကြောင်း ခေါင်းစဉ်တစ်ခု ထုတ်လိုက်တယ်။ နောက်ပိုင်း မြို့ပြစီမံကိန်းရေးဆွဲတိုင်း မှာ အငြိမ်းစားဝန်ထမ်းတွေအတွက် အိမ်ရာတွေလည်း ကဏ္ဍတစ်ခုအနေနဲ့ ပါရမယ်ဆိုတာမျိုး အားလုံးက အတွေးဝင်သွားလိမ့်မယ်။ အဲဒီလိုဆိုရင် ဘယ်အစိုးရပဲ တက်တက်၊ စည်ပင်သာယာကော်မတီတွေ ဘယ်လိုပဲ ပြောင်းပြောင်း စိတ်ကူးတစ်ခုရသွားတာပေါ့။ စိတ်ကူး ရသွားတဲ့အတွက် အမြဲတမ်း အခုလိုမျိုးထည့်သွင်း တည်ဆောက်လိမ့်မယ်။ နောက်ပိုင်း အားလုံးက အခုပုံစံ အတိုင်း လိုက်လုပ်သွားရင် နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ လည်း အငြိမ်းစားယူရင် ပူစရာမလိုတော့ပါဘူး။

"ဒီစီမံကိန်းမှာ နေပြည်တော်စည်ပင်သာယာရေး ကော်မတီက မြေနေရာပေးပါတယ်။ မြေနေရာဖိုး လုံးဝ မယူပါဘူး။ မြေနေရာဖိုးယူလိုက်ရင် တိုက်ခန်းဈေးက ပိုကြီးသွားပါလိမ့်မယ်။ မြောင်းဖောက်၊ မြေညှိ၊ လမ်းဖောက်၊ ပလက်ဖောင်းစတဲ့ Infrastructure လုပ်ငန်းအားလုံးကို နိုင်ငံတော်ဘတ်ဂျက်နဲ့ကျခံပေးပါ တယ်။ တည်ဆောက်ရေးအဖွဲ့ ရွေးတဲ့အခါမှာလည်း မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းနဲ့ မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်အသင်းတို့ကို ခေါ်ယူ တွေ့ဆုံပြီး ဆွေးနွေးပါတယ်။ အဲဒီအသင်းကြီး နှစ်သင်းမှာ ပါတဲ့ တစ်နိုင်ငံလုံးက ဆောက်လုပ်ရေးလုပ်ငန်းရှင် အားလုံးက တည်ဆောက်ခွင့်ရပါမယ်။ အရည်အသွေး ထိန်းသိမ်းရေးအပိုင်းကို နေပြည်တော်စည်ပင်သာယာ ရေးကော်မတီနဲ့ ပြင်ပက ငှားရမ်းထားတဲ့ ကုမ္ပဏီတွေက စစ်ဆေးမှာပါ။ အဆောက်အအုံတည်ဆောက်မှုကို ဒီအသင်းကြီးနှစ်သင်းရဲ့ ကြီးကြပ်မှုနဲ့ သူတို့ရဲ့အဖွဲ့ဝင် ကုမ္ပဏီတွေက ဆောက်ရမယ်။ စိတ်ဝင်စားမှုရှိရင် ငွေ စိုက်ပြီး ဆောက်ရမယ်ပြောတယ်။ ကျွန်တော်တို့က ရောင်းပြီးတော့ ဝင်လာတဲ့ငွေနဲ့မှ ကုမ္ပဏီတွေကို ငွေချေ ပေးမယ်။ ဒီပုံစံနဲ့ ကုမ္ပဏီတွေကို ညှိနှိုင်းထားပါတယ်။ အသင်းကြီးနှစ်သင်းကလည်း နိုင်ငံတော်အငြိမ်းစား ဝန်ထမ်းအိမ်ရာဖြစ်တဲ့အတွက် စိတ်ဝင်စားမှုရှိတယ်ဆိုတဲ့ အတွက် သဘောတူညီမှုယူလိုက်ပါတယ်" ဟု ဦးရဲမင်းဦး က ပြောသည်။

စာမျက်နှာ ၇ သို့


နေပြည်တော်မြို့မစျေးအနီးတွင် တည်ဆောက်လျက်ရှိသော အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာပုံစံငယ်။

● စာမျက်နှာ ၆ မှ

ယခုတည်ဆောက်သည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်း အိမ်ရာမှာ လေးခန်းတွဲ၊ လေးထပ်ပုံစံဖြစ်ပြီး အကျယ်စတုရန်း ပေ ၆၅၀ ဖြစ်ကာ အိပ်ခန်းနှစ်ခန်း၊ ဧည့်ခန်း၊ မီးဖိုချောင်၊ ရေချိုးခန်း၊ အိမ်သာ၊ ဝရန်တာနှင့် အရေးပေါ်လှေကားတို့ကို ထည့်သွင်းတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ရောင်းချတဲ့အခါမှာ ငွေကို တစ်ခါတည်းပေးချေပြီး ဝယ်မယ့်သူနဲ့ အရစ်ကျပေးသွင်းပြီး ဝယ်ယူမယ့်သူဆိုပြီး ခွဲထားပါတယ်။ တစ်ခါတည်း ငွေပေးချေသူကတော့ တစ်ခါတည်း ငွေပေးချေပြီး တစ်ခါတည်း ပိုင်ဆိုင်မှုပေးလိုက်မှာဖြစ်ပါတယ်။ ဒုတိယတစ်မျိုးက ဘဏ်ချေးငွေနဲ့ အရစ်ကျဝယ်ချင်တယ်ဆိုရင် ကျွန်တော်တို့က နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်နဲ့ ချိတ်ပေးပါမယ်။ သုံးနှစ်၊ ငါးနှစ်၊ ဆယ်နှစ်ပေးချေတဲ့ ပုံစံမျိုးရှိပါတယ်။ သူတို့ ရွေးချယ်ရပါမယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ စာရွက်စာတမ်းစိစစ်ရမယ့်ကိစ္စတွေရှိတဲ့အတွက် ဝယ်ယူမှုက နည်းနည်းတော့ နောက်ကျသွားနိုင်တယ်။ လက်ငင်းပေးသူက တိုက်ခန်းချက်ချင်းရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရောင်းတဲ့ တိုက်ခန်းတွေက အပိုင်ရောင်းပေးတာဖြစ်တဲ့အတွက် ဝယ်ယူသူရဲ့ ဇနီး၊ ခင်ပွန်း၊ ဆွေမျိုးသားချင်းတွေလည်း ပိုင်ဆိုင်ခွင့်ရှိတယ်။ ပိုက်ဆံသွင်းစရာရှိရင်လည်း သူကဆက်ပြီး သွင်းသွားလို့ရတယ်။ တိုက်ခန်းတစ်ခန်းချင်းစီရဲ့ ပိုင်ဆိုင်မှု

"အဆောက်အအုံတွေ စတင်မဆောက်လုပ်မီကတည်းက သတ်မှတ်ထားတဲ့ မြေကြီးခံနိုင်အားရှိဖို့ မြေသားစမ်းသပ်မှုတွေ စစ်ဆေးဆောင်ရွက်ပါတယ်။ နိုင်ငံ့ဝန်ထမ်းအိမ်ရာတွေ တည်ဆောက်ရာမှာ အရည်အသွေးခိုင်ခံ့ကောင်းမွန်ဖို့အတွက် ပြင်ပ QA၊ QC အဖွဲ့တွေနဲ့ စစ်ဆေးဆောင်ရွက်နေပါတယ်။ ဒီအဖွဲ့မှာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရဲ့ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးထားတဲ့ (B.E)၊ (R.S.E)၊ (RA) တွေပါဝင်ပါတယ်။ နေပြည်တော်စည်ပင်သာယာရေးကော်မတီကလည်း အနီးကပ်စစ်ဆေးဖို့အတွက် လုပ်ငန်းကော်မတီအဖွဲ့ဖွဲ့စည်းပြီး နေ့စဉ်ကြီးကြပ်ဆောင်ရွက်နေပါတယ်"ဟု ပြောသည်။

"ကျွန်တော်တို့ Quality Control-QC ကုမ္ပဏီတွေကို နေပြည်တော်စည်ပင်သာယာရေးကော်မတီကနေ Techanical ပိုင်း ဦးစားပေးကြည့်ပြီး ရွေးချယ်ခဲ့တယ်။ ဒီ Project ကြီးမှာ ကျွန်တော်တို့ကုမ္ပဏီအပါအဝင် အဖွဲ့ ရှစ်ဖွဲ့ကို တာဝန်ပေးအပ်ခြင်းခံခဲ့ရပါတယ်။ လုပ်ငန်းစကတည်းက Structure Drawing၊ M&E Drawing တွေကို တောင်းပြီး လုပ်ငန်းခွင်ထဲမရောက်ခင်ကတည်းက ကြိုတင်စစ်ဆေးပါတယ်။ တည်ဆောက်ရေးလုပ်ငန်းစဉ်တိုင်းကို အလွတ်မခံဘဲ စစ်ဆေးပါတယ်။ လုပ်ငန်းခွင်တစ်ခုစီမှာ QC တစ်ယောက်နှုန်းနဲ့ စစ်ဆေးနေတာပါ။ Contractor တွေ လုပ်ငန်းမကြန့်ကြာစေဖို့အတွက် ပြင်စရာရှိရင်လည်း ချက်ချင်းထောက်ပြပါတယ်။ အဆောက်အအုံခိုင်ခံ့ဖို့အတွက် ကျွန်တော်တို့ဘက်ကရော ဆောက်လုပ်ရေးကုမ္ပဏီဘက်



နေပြည်တော်မြို့မဈေးအနီး၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာတည်ဆောက်ရန် စက်ယန္တရားကြီးများဖြင့် မြေညှိနေမှုကိုတွေ့ရစဉ်။

ကတိပြုထုတ်ပေးသွားမယ်။ ငွေအကျေချေပြီးသွားရင်လည်း ပိုင်ဆိုင်ခွင့်နာမည်ပြောင်းချင်ရင်လည်း ပြောင်းပေးသွားမယ်။ ဆုံးပါးသွားပြီးတဲ့ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းတွေရဲ့ အမည်နဲ့တော့ ရောင်းချပေးမှာမဟုတ်ပါဘူး။ လက်ရှိ၊ သက်ရှိ၊ ထင်ရှားရှိတဲ့ အငြိမ်းစားဝန်ထမ်းတွေကိုပဲ ရောင်းချပေးသွားမှာပါ။ ငွေအကျေချေပြီး ဒီမှာမနေချင်တော့ဘူးဆိုရင်လည်း ပြန်လည်ရောင်းချခွင့်ပေးသွားမယ်"ဟု ဒုတိယမြို့တော်ဝန်က ပြောသည်။

အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအတွက် အိမ်ရာများဖော်ဆောင်ရာတွင် သက်ကြီးရွယ်အိုမိသားစုဝင်များ ပါဝင်နိုင်သည့်အတွက် အတက်၊ အဆင်းလွယ်ကူရန် ယခုကဲ့သို့ အထပ်လေးထပ် တည်ဆောက်ခြင်းဖြစ်ပြီး အထပ်မြင့်တည်ဆောက်ပါက တိုက်ခန်း တစ်ခန်းချင်းစီ၏ ကုန်ကျစရိတ်များ မြင့်မားနိုင်ခြင်းကြောင့် ယခုကဲ့သို့ တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးဆန်းနိုင်က "အိမ်ရာတည်ဆောက်ဖို့ အကြိုအင်ဂျင်နီယာလုပ်ငန်း၊ မြေပြုပြင်ရေးလုပ်ငန်းတွေကို ၂၀၂၀ ဖေဖော်ဝါရီလပိုင်းက စတင်ဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိမှာ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ လေးထပ်တိုက် ၃၉ လုံး စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ နိုင်ငံတော်အနေနဲ့ အိမ်ရာတွေကို ဖော်ဆောင်ရာမှာ အခြေခံအဆောက်အအုံတွေဖြစ်တဲ့ မြေသားပြုပြင်ခြင်းလုပ်ငန်း၊ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ လျှပ်စစ်မီးနဲ့ ရေရရှိရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် နိုင်ငံတော်ဘတ်ဂျက် ၁၃ ဒသမ ၉ ဘီလီယံနီးပါး ကျခံသုံးစွဲသွားဖို့ လျာထားပါတယ်"ဟု ပြောသည်။

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဌာနကြီးမှူး (အင်ဂျင်နီယာ) ဦးတင်အောင်ငွေက

ကပါ လုပ်ငန်းစဉ်တိုင်းကို စေ့စပ်သေချာအောင် ဆောက်လုပ်နေပါတယ်"ဟု အရည်အသွေးစစ်ဆေးသည့် ACEG ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ကိုလင်းလင်းက ပြောသည်။



ACEG ကုမ္ပဏီမှ
မန်နေဂျင်းဒါရိုက်တာ
ကိုလင်းလင်း



စီမံကိန်းအင်ဂျင်နီယာ
ကိုလှိုင်မင်းဦး



စီမံကိန်းအင်ဂျင်နီယာ
ဦးမျိုးကျော်သူအောင်

အင်ဂျင်နီယာအဖွဲ့က ထည့်ပေးထားတဲ့ QC အဖွဲ့နဲ့အတူ သူတို့ရဲ့ညွှန်ကြားချက်အတိုင်း ပူးပေါင်းဆောင်ရွက်နေပါတယ်။ တိုက် ၁၂ လုံးအတွက် အင်ဂျင်နီယာနဲ့ အလုပ်သမားအင်အားကို အင်ပြည့်အားပြည့် ဆောင်ရွက်နေပါတယ်။ သတ်မှတ်ချိန်ပြီးစီးနိုင်ဖို့ ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု စီမံကိန်းအင်ဂျင်နီယာ ကိုလှိုင်မင်းဦးက ပြောသည်။

"အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာကို ကျွန်တော်တို့ မတ်လ ၂၀ ရက်နေ့ကနေ စတင်တည်ဆောက်နေပါတယ်။ စက်တင်ဘာမှာ အပြီးအပ်ရမှာဖြစ်တဲ့အတွက် target ကကပ်တော့ အချိန်နဲ့တစ်ပြေးညီ တိုက်တိုက်တွန်းတွန်းနဲ့ ဆောင်ရွက်နေပါတယ်။ လိုအပ်ရင်လိုအပ်သလို နေ့ဆိုင်း၊ ညဆိုင်းဆင်းပြီး ဆောင်ရွက်နေပါတယ်။ မိုးရာသီရောက်လာတဲ့အတွက် အလုပ်ကြန့်ကြာမှုတွေရှိတဲ့အပြင် လက်ရှိဖြစ်နေတဲ့ ကိုဗစ်-၁၉ ကြောင့်လည်း အလုပ်အတွက် တော်တော်ဂရုစိုက်ရပါတယ်။ အလုပ်သမားတွေကို ကိုဗစ်-၁၉ ကြောင့် အလုပ်ကြန့်ကြာမှုမရှိအောင် လိုအပ်တဲ့ အကာအကွယ်တွေ ပေးပြီး လုပ်ဆောင်နေပါတယ်။ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာဆိုတော့ တည်ဆောက်နေစဉ်ကာလအတွင်း အခက်အခဲတွေကို ကျော်လွှားပြီး အငြိမ်းစားဝန်ထမ်းတွေအတွက် ဝမ်းသာအားရ အားတက်သရော ပါဝင်တည်ဆောက်နေပါတယ်"ဟု စီမံကိန်း အင်ဂျင်နီယာ ဦးမျိုးကျော်သူအောင်က ပြောသည်။

အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးတင်ဦးက "အငြိမ်းစားနိုင်ငံ့ဝန်ထမ်းတွေအတွက် နိုင်ငံတော်က အိမ်ရာဆောက်ပေးမယ်။ ရောင်းချပေးမယ်ဆိုတဲ့ သတင်းကို ကြားသိရပါတယ်။ တကယ်ကောင်းတဲ့အစီအစဉ်ပါပဲ။ အောက်ခြေဝန်ထမ်းအများစုအနေနဲ့ ပင်စင်ယူပြီးသွားရင် နေရေးအခက်အခဲဖြစ်တာတွေက နေရာဒေသတိုင်းမှာရှိနေပါတယ်။ နိုင်ငံ့တာဝန်ကို ထမ်းဆောင်ခဲ့တဲ့ နိုင်ငံ့ဝန်ထမ်းတွေအတွက် နိုင်ငံတော်က အခုလို စေတနာထားပြီး ကြည့်ရှုပေးတဲ့အတွက် ဝမ်းသာရပါတယ်။ အမှန်တကယ် နေထိုင်လိုသူတွေ၊ နေရေးအခက်အခဲရှိပြီး နေအိမ်လိုအပ်သူ

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ရေယာဉ်မှူး ဦးသိန်းထွန်းက "ကျွန်တော်ဆိုရင် မကြာခင် ပင်စင်ယူတော့မှာပါ။ မကြာခင်ပင်စင်ယူတော့မယ့် သူတွေကိုပါ လျှောက်ထားလို့ရတယ်ဆိုတာ သိရတော့ ဝမ်းသာမိပါတယ်။ ကျွန်တော်တို့ လုပ်ငန်းသဘာဝက နိုင်ငံ့ဝန်ထမ်းဆိုပေမယ့် နယ်လှည့်ပြီးသွားလာနေရတဲ့အတွက် မိသားစုနဲ့ တစ်နေရာစီမှာ နေနေရပါတယ်။ အခုအချိန်ထိလည်း အိမ်ပိုင်မရှိသေးပါဘူး။ အခုရောင်းချပေးမယ့် စနစ်က လက်ငင်းစနစ်နဲ့ရော၊ အရစ်ကျစနစ်နဲ့ပါ ရောင်းချပေးမှာဖြစ်လို့ ဝယ်ယူလိုသူတွေအတွက် တော်တော်အဆင်ပြေပါတယ်။ အရင်က အခုလို ရောင်းချပေးတာမျိုးမရှိတဲ့အတွက် ပင်စင်ယူပြီးရင် နေဖို့ထိုင်ဖို့အတွက် စိတ်ပူပန်နေရပါတယ်။ အခုရောင်းချပေးမယ့် ပုံစံက ဘယ်ဒေသမှာပဲနေနေ အငြိမ်းစားဝန်ထမ်းဖြစ်ရင်ပြီးရောဆိုတဲ့ သတ်မှတ်ချက်ပါတော့ ကျွန်တော်တို့လို နယ်က ဝန်ထမ်းတွေအတွက် အခွင့်အရေးတစ်ခုပါပဲ။ နေပြည်တော်မှာ အမှန်တကယ်နေချင်တဲ့ ဆန္ဒလည်း ရှိတယ်။ ပင်စင်ယူပြီးသွားရင် အေးအေးချမ်းချမ်းနေလိုတဲ့အတွက် နေပြည်တော်လိုနေရာမျိုးမှာ လာနေချင်ပါတယ်။ နောင်မှာလည်း ဒီလိုအငြိမ်းစားဝန်ထမ်းအိမ်ရာတွေကို ဆက်လက်ဖော်ဆောင်ပေးသွားစေလိုပါတယ်" ဟု ပြောသည်။

နေပြည်တော်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာကို မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းဘက်မှ ကုမ္ပဏီများနှင့် မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာအသင်းဘက်မှ ကုမ္ပဏီများက အခန်း ၃၀၀၀ ကျော်ကို တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ပြီး လက်ရှိတွင် အခန်း ၁၀၀၀ ကို နိုဝင်ဘာလအပြီး တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုဆိုလျှင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားယူမည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နေရေးအတွက် စိုးရိမ်ပူပန်မှုမှာ လျော့နည်းသွားမည်ဖြစ်ပြီး အနာဂတ်ကာလတွင် ယခုအစပြုခဲ့သည့် အငြိမ်းစား



နေပြည်တော်မြို့မဈေးအနီး၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာများ စတင်တည်ဆောက်နေမှုကို တွေ့ရစဉ်။

"မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်းဘက်က တည်ဆောက်ရေးကုမ္ပဏီတွေအနေနဲ့ ၁၂ လုံး တည်ဆောက်နေပါတယ်။ လက်ရှိမှာတော့ ၃၀ ရာခိုင်နှုန်း လောက်ပြီးစီးနေပါပြီ။ အားလုံးပြီးစီးဖို့အချိန်ကို ခြောက်လလောက် လျာထားပါတယ်။ နေပြည်တော်စည်ပင်

တွေကို ဝယ်ယူခွင့်ရစေလိုပါတယ် ။ နေပြည်တော်လို အုပ်ချုပ်ရေး၊ လုံခြုံရေး၊ ကျန်းမာရေး အစစအရာရာ အဆင်ပြေတဲ့နေရာမျိုးမှာ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းတွေအတွက် အိမ်ရာဆောက်လုပ်ပြီး ရောင်းချပေးမယ်ဆိုတော့ တကယ်ပဲကောင်းပါတယ်" ဟု ပြောသည်။

နိုင်ငံ့ဝန်ထမ်းအိမ်ရာစီမံကိန်းမှ နေရေးကိစ္စအတွက် ဖြေရှင်းပေးနိုင်တော့မည်ဖြစ်ရာ ဝန်ထမ်းများအနေဖြင့် တာဝန်ထမ်းဆောင်စဉ်ကာလတစ်လျှောက် စိတ်အေးချမ်းစွာ နိုင်ငံ့တာဝန်များကို ထမ်းဆောင်နိုင်ကြမည်ဖြစ်ပေတော့သည်။ ။

ကြေးမုံ

## မုတ်သုံမိုးနှင့်အတူ

ပြီးခဲ့သည့်မေလ ၂၀ ရက်နေ့က အားအလွန်ကောင်းသောဆိုင်ကလုန်းမုန်တိုင်းအမ်ဖန်သည် အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သို့ ဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ကာ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည်။ အဆိုပါမုန်တိုင်းသည် မြန်မာနိုင်ငံဘက်သို့ ဝင်ရောက်ခဲ့ခြင်းမရှိသောကြောင့် မုန်တိုင်း၏ဒဏ်ကို မိမိတို့ပြည်သူများ မခံစားခဲ့ရပေ။ အဆိုးထဲကအကောင်းအဖြစ် အမ်ဖန်မုန်တိုင်းနှင့်အတူ ဝင်ရောက်လာသော အနောက်တောင်မုတ်သုံလေကြောင့် မြန်မာနိုင်ငံအတွင်း မိုးရွာသွန်းမှုများဖြစ်ပေါ်ခဲ့ကာ မိမိတို့ပြည်သူများ အပူဒဏ်မှ လျော့ပါးသက်သာခဲ့ရသည်။

မုတ်သုံမိုးကြောင့် အပူဒဏ်သက်သာရာရလင့်ကစား မိုးဦးလေဦးနှင့်အတူ ဖြစ်ပေါ်တတ်သော လေပြင်းတိုက်ခတ်မှုများ၊ ပြောင်းလဲလာသော ရာသီဥတုအခြေအနေ၊ ရာသီအလိုက်ဖြစ်တတ်သော ရောဂါအခြေအနေများကို သတိထားဖို့လိုပါသည်။ လေပြင်းတိုက်ခတ်မှုများကြောင့် မိမိတို့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးမှုမရှိစေရန် သက်ဆိုင်ရာဌာနများက အခါအားလျော်စွာ ထုတ်ပြန်ထားသော လမ်းညွှန်ချက်များကို လေ့လာသိရှိထားရန် လိုအပ်ပါသည်။ ယခုရာသီတွင် သွေးလွန်တုပ်ကွေးရောဂါ၊ ဆင်တုပ်ကွေးရောဂါများဖြစ်တတ်သဖြင့် ကျန်းမာရေးသတိဖြင့်နေထိုင်ရန်လည်း အရေးကြီးပါသည်။

ထို့အတူပင် ကမ္ဘာတစ်ဝန်းဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ၏ အခြေအနေမှာ သတိအနေအထားတွင်ရှိနေသည်။ မြန်မာနိုင်ငံတွင် နိုင်ငံတွင်း ရောဂါကူးစက်ပြန့်ပွားမှုမရှိခဲ့သည်မှာ ၁၅ ရက်ကြာပြီဖြစ်သော်လည်း ပြည်ပမှပြန်လည်ဝင်ရောက်လာသူများတွင် ရောဂါပိုးပါလာသည်ကိုတွေ့ရှိနေရသည်။ မေ ၃၀ ရက်စစ်ဆေးမှုများအရ အိန္ဒိယမှပြန်လာသူများတွင် ရောဂါပိုးရှိသူ ၁၇ ဦးတွေ့ရှိခဲ့ပြီး မေလ ၁၇ရက်နောက်ပိုင်း ပြည်ပမှပြန်လာသူ ၄၅ ဦးတွင် ရောဂါပိုးတွေ့ရှိထားကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ထုတ်ပြန်ချက်အရ သိရသည်။ ယခုအခါ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသူများနှင့် အကြောင်းအမျိုးမျိုးကြောင့် ပြည်ပသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသားများသည် ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် မိခင်နိုင်ငံသို့ အဆက်မပြတ် ပြန်လည်ဝင်ရောက်လျက်ရှိသည်ကို တွေ့ရသည်။

ထိုသို့ဝင်ရောက်လျက်ရှိရာတွင် လေယာဉ်ခရီးစဉ်ဖြင့် ဝင်ရောက်လာသူများအား လေဆိပ်မှတစ်ဆင့် အသွားအလာ စောင့်ကြပ်ကြည့်ရှုမည့်နေရာသို့ တိုက်ရိုက်ပို့ဆောင်၍ နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် ဝင်ရောက်လာသူများကိုမူ ၎င်းတို့နေထိုင်ရာဒေသများသို့ ပို့ဆောင်ရာတွင် လမ်းညွှန်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်နေကြသော်လည်း နေရာဒေသအနီးအဝေးပေါ်မူတည်ပြီး အခြားသူများနှင့် ထိတွေ့ဆက်ဆံမှုများရှိနိုင်သည်ကို သတိထားရမည်ဖြစ်သည်။

ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မိမိကိုယ်တိုင်သာမက မိမိနှင့်အတူ ဝင်ရောက်လာသူများ၌ ရောဂါကူးစက်ခံနေရမှုရှိနေနိုင်ပြီး ရောဂါပိုးသယ်ဆောင်လာသူများဖြစ်နေနိုင်သည့်အတွက် သတ်မှတ်နေရာအဆောက်အအုံများ၌ အသွားအလာကန့်သတ်ထားရှိခံရချိန်တွင် သတ်မှတ်ထားသော စည်းကမ်းများကို တိတိကျကျ လေးလေးနက်နက်လိုက်နာရန် ယခုအချိန်ကာလတွင် အထူးအရေးကြီးကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတိပေးထားသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ မေ ၂၉ ရက်နေ့အထိ စာရင်းဇယားများအရ မိမိတို့နိုင်ငံအတွင်း အသွားအလာကန့်သတ်ထားသည့်နေရာအရေအတွက် ၉၆၉၄ နေရာရှိပြီး အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုထားသူ ၅၁၈၆၅ ဦးရှိသည်ကို တွေ့ရသည်။ ထို့ကြောင့် အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုခံထားရသူများအနေဖြင့် သတ်မှတ်ထားသောစည်းကမ်းများကို တိတိကျကျလိုက်နာနေထိုင်ကြရန် အထူးအရေးကြီးပါသည်။

ယနေ့ကမ္ဘာကြီးတွင် လူသားတို့အမှုမဲ့အမှတ်မဲ့ စားသောက်နေထိုင်ပြုမူဆောင်ရွက်ချက်များက မိမိတို့ပတ်ဝန်းကျင်ဂေဟစနစ်များကို ဖျက်ဆီးမိသကဲ့သို့ဖြစ်လာပြီး ရာသီဥတုများဆိုးရွားဖောက်ပြန်လာခြင်း၊ ရောဂါဝေဒနာ အသစ်အဆန်းများ ပေါ်ပေါက်လာခြင်းတို့ တွေ့ကြုံနေရသည်။ အင်အားချည့်နဲ့နေသည့် ကမ္ဘာကြီးကို ကယ်တင်ရန် မိမိတို့တစ်ဦးချင်းတစ်ယောက်ချင်းတွင် တာဝန်ရှိသလို လက်ရှိကြုံတွေ့နေရသော ကပ်ရောဂါအခြေအနေမှ ကျော်လွှားလွန်မြောက်နိုင်ရန် မိမိကစ ကာကွယ်ပါဟူသည့် ဆောင်ပုဒ်နှင့်အညီ အနာဂတ်အတွက် ကြိုတင်ပြင်ဆင်ရင်း မုတ်သုံမိုးနှင့်အတူ ကမ္ဘာကြီးအတွက်အေးချမ်းသာယာမှုများ သယ်ဆောင်လာနိုင်ပါစေကြောင်း ရေးသားလိုက်ပါသည်။ ။




# e-ID စနစ် လုပ်ငန်းကော်မတီအောက်ရှိ ဆပ်ကော်မတီ ခြောက်ခု၏ လုပ်ငန်းဆိုင်ရာညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၁**

e-ID စနစ်လုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် e-ID စနစ် လုပ်ငန်းကော်မတီအောက်တွင် ဖွဲ့စည်းထားသည့် ဆပ်ကော်မတီ ခြောက်ခုမှ ဝန်ကြီးဌာနအတွင်း တာဝန်ပေးအပ်ထားသည့် ဆပ်ကော်မတီဝင်များ၏ လုပ်ငန်းဆိုင်ရာညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ e-ID စနစ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ လုပ်ငန်းကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးအေးလွင်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဆပ်ကော်မတီ ခြောက်ခုမှ ဝန်ကြီးဌာနရှိ ဆပ်ကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ e-ID စနစ်လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက e-ID စနစ်လုပ်ငန်းသည် e-Government လုပ်ငန်း၏အခြေခံနှင့် အဓိကအကျဆုံးသော လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရ စတင်တာဝန်ယူခဲ့သည့် ၂၀၁၆ ခုနှစ်မှစတင်၍ အစိုးရ၏ ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်း၊ ကုမ္ပဏီများ၏ ရှင်းလင်းဆွေးနွေးတင်ပြမှုများ၊ e-ID စနစ်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ကျင်းပမှုများ ဆောင်ရွက်၍ လုပ်ငန်းဆိုင်ရာအသိပညာဗဟုသုတ အတွေ့အကြုံများ မျှဝေရယူခဲ့ပါကြောင်း၊ နိုင်ငံအတွင်းရှိသူ အားလုံးကို လူဦးရေမှတ်ပုံတင်သည့်ကိစ္စဖြစ်သဖြင့် အဘက်ဘက်က သုံးသပ်ဆွေးနွေးကာ နည်းပညာဆိုင်ရာလေ့လာမှုများလည်း ဆောင်ရွက်သကဲ့သို့ လူတစ်ဦးချင်း၏ Biometric ၊ Biographic အချက်အလက်များ ကောက်ယူမှတ်တမ်းတင်ရမည်ဖြစ်သဖြင့် နည်းပညာလုံခြုံမှုအပြင် ဥပဒေအရ အကာအကွယ်ပေးနိုင်ရေးအတွက်လည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လူပုဂ္ဂိုလ်လုံခြုံရေး၊ အမျိုးသားလုံခြုံရေး၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်လုံခြုံရေးတို့ကို အလေးထား၍ ခိုင်မာပြီး အကာအကွယ်ပေးနိုင်ရန်လည်း လိုကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ပထမဦးဆုံး ပြည်ပချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် e-ID စနစ်လုပ်ငန်းအတွက် ဩစတြီးယားနိုင်ငံအစိုးရမှ ချေးငွေရယူမည့် အစီအစဉ်အား ပြီးခဲ့သည့် မေ ၂၉ ရက်က ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြီးဖြစ်သည့်အတွက် အသေးစိတ်စာချုပ်ချုပ်ဆိုနိုင်ရေး အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလဖြစ်သော်လည်း ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို လုပ်ဆောင်နိုင်သမျှ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ယခုလုပ်ငန်းစဉ်သည် မိမိတို့အနေဖြင့် အတွေ့အကြုံအသစ်ဖြစ်သဖြင့် အတွေ့အကြုံရှိပြီးဖြစ်သည့် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကြံဉာဏ်များ ရယူပေါင်းစပ်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပါကြောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက်လည်း e-ID စနစ်လုပ်ငန်းကော်မတီအပြင် နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/ မြို့နယ်/ရပ်ကွက်ကျေးရွာအဆင့်ထိ ကော်မတီအဆင့်ဆင့် ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း။

**ညှိနှိုင်းဆောင်ရွက်**

ယခု e-ID စနစ်လုပ်ငန်းကော်မတီ၏ ကွပ်ကဲမှုအောက်ရှိ ဆပ်ကော်မတီ ခြောက်ခု၏ လုပ်ငန်းဆောင်ရွက်မှုများကို အသေးစိတ်ရှင်းလင်းတင်ပြကြရန်ဖြစ်ပါကြောင်း၊ ဆပ်ကော်မတီအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို မည်သည့် အချက်အလက်များပါဝင်ကြောင်း၊ မည်သူတွေကမည်ကဲ့သို့ ဆောင်ရွက်မည်ဖြစ်ကြောင်း စနစ်တကျသတ်မှတ်၍ မည်သည့်အချိန်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်မည်ဆိုသည်ကို ရေးဆွဲဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းရှင်းလင်းလင်း သိရှိနားလည်ပြီး လုပ်ငန်းအဆင့်အလိုက် အချိန်မီ ပြီးစီးအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်မှုတိုင်းကိုလည်း အထက်အဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြကြရန်နှင့် ကျွမ်းကျင်ပညာရှင်များ၏ အကြံဉာဏ်များကိုလည်း ညှိနှိုင်းရယူဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

လုပ်ငန်းဆောင်ရွက်မှုတိုင်းကိုလည်း နေ့စဉ်မှတ်တမ်းတင်ထားရှိ၍ အချိန်ကိုက်ဆောင်ရွက်ကြရန်လည်း လိုအပ်ပါကြောင်း၊ e-ID စနစ်လုပ်ငန်းသည် လူဦးရေမှတ်ပုံတင်ခြင်းလုပ်ငန်းဖြစ်သော်လည်း နိုင်ငံအတွက် အခြားသောဆက်စပ်ဌာနများ၏ လုပ်ငန်းစဉ်များစွာနှင့် ချိတ်ဆက်ဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သဖြင့် နိုင်ငံအတွက် အရေးပါသည့်လုပ်ငန်းတစ်ခု ဖြစ်ပါကြောင်း၊ လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်နေသော်လည်း မမျှော်မှန်းနိုင်သည့် စိန်ခေါ်မှုများ၊ အခြားသောဖြစ်စဉ်များ ပေါ်ပေါက်လာပါက ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက်လည်း ကြိုတင်မြော်တွေးစဉ်းစားဆောင်ရွက်ထားကြရန် ဖြစ်ပါကြောင်း၊ တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုတည်း ဆောင်ရွက်နိုင်သည့်လုပ်ငန်းမဟုတ်ဘဲ အားလုံးကပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်၍ အားလုံးညှိနှိုင်းပူးပေါင်း ဆောင်ရွက်ကြရန်လိုကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် e-ID စနစ်လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ အမြဲတမ်းအတွင်းဝန် ဦးအေးလွင်က e-ID စနစ်လုပ်ငန်းဆိုင်ရာ စာရင်းကောက်ယူမည့်နည်းလမ်းများကို ရှင်းလင်းတင်ပြပြီး e-ID စနစ်လုပ်ငန်းကော်မတီ၏ ကွပ်ကဲမှုအောက်တွင် ဖွဲ့စည်းထားသည့်ဆပ်ကော်မတီခြောက်ခုမှ ကော်မတီဥက္ကဋ္ဌများက ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများ၊ လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်က လုပ်ငန်းဆောင်ရွက်ထားရှိမှုများအပေါ် သုံးသပ်ဆွေးနွေးတင်ပြပြီး တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး e-ID စနစ်လုပ်ငန်းသည် ကြီးမားကျယ်ပြန့်ပြီး နိုင်ငံအတွက်အရေးကြီးသည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်နှင့်အညီ ဆပ်ကော်မတီဝင်များအချင်းချင်း ညှိနှိုင်းဆွေးနွေးမှုများ မကြာခဏဆောင်ရွက်၍ လိုအပ်ချက်များကို ညှိနှိုင်းအဖြေရှာကာ ရည်မှန်းချက်တာဝန်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရေး နိဂုံးချုပ်အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် e-Government စနစ်၏ အခြေခံအကျဆုံးလုပ်ငန်းတစ်ခုဖြစ်သည့် မြန်မာနိုင်ငံအတွင်း နေထိုင်သူများအား နည်းပညာအသုံးပြု၍ မှတ်ပုံတင်သည့် e-ID စနစ်လုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် e-ID စနစ်လုပ်ငန်းကော်မတီအောက်တွင် ကြီးကြပ်ကွပ်ကဲမှုဆပ်ကော်မတီ၊ စီမံချက်ရေးဆွဲရေးဆပ်ကော်မတီ၊ ဥပဒေ၊ နည်းဥပဒေရေးဆွဲရေးဆပ်ကော်မတီ၊ နည်းပညာနှင့် တင်ဒါစည်းမျဉ်းရေးဆွဲရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ပြန်ကြားရေးနှင့် ဆက်ဆံရေးဆပ်ကော်မတီ စသည့် ဆပ်ကော်မတီ ခြောက်ခုဖွဲ့စည်းကာ ကော်မတီ၏ ရည်မှန်းချက် တာဝန်များ အောင်မြင်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဆေးလိပ်နှင့် ဆေးရွက်ကြီး သောက်သုံးမှုထိန်းချုပ်ရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၁**

ဆေးလိပ်နှင့် ဆေးရွက်ကြီး သောက်သုံးမှုထိန်းချုပ်ရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနရှိ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဆေးလိပ်နှင့် ဆေးရွက်ကြီး သောက်သုံးမှုထိန်းချုပ်ရေးနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြချက်များအပေါ် အစည်းအဝေး တက်ရောက်လာသည့် ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များက ကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက အခွန်တိုးမြှင့်ရေးကိစ္စများအပါအဝင် မိမိဝန်ကြီးဌာနအလိုက် ဆောင်ရွက်ပေးနိုင်မည့်အစီအမံများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သွားရန် ပြောကြားသည်။

**သတင်းစဉ်**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၁ / ၂၀၂၀
၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်)

## “တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း”

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”**သို့ ၂၀၂၀ ပြည့်နှစ်၊ မေလ ၃၀ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့၊ ပေါ်ဦးရပ်ကွက်နေ ကျော်ထူးမဲသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၅-၂၀၂၀ ရက်နေ့တွင် တန့်ဆည်မြို့၊ ပေါ်ဦးရပ်ကွက်အနီးရှိ လယ်တဲအတွင်းဝင်ရောက်ရှာဖွေရာ ၎င်းရပ်ကွက်နေ ကျော်ထူးမဲ(ခ)ဇော်နိုင်(၄၃)နှစ်၊ (ဘ)ဦးဖိုးတူအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (တန့်ဆည်) မယ(ပ)၉/၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ သရက်ကျင်းကျေးရွာနေ မောင်ဆန်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၅-၂၀၂၀ ရက်နေ့တွင် ဒီပဲယင်းမြို့နယ်၊ သရက်ကျင်းကျေးရွာနေ ရွှေမင်း(၅၂)နှစ်၊ (ဘ)ဦးအောင်ငြိမ်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိပြီး ၎င်းကျေးရွာနေ မောင်ဆန်း(၅၁)နှစ်၊(ဘ) ဦးလှုဝင်းထံမှ ဝယ်ယူရရှိခဲ့ကြောင်းသိရှိရသဖြင့် မောင်ဆန်း၏နေအိမ်အား ဆက်လက်ရှာဖွေရာ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပစ္စည်းတစ်စုံတစ်ရာ မတွေ့ရှိရသော်လည်း ၎င်းတို့(၂)ဦးအား မမစ (ဒီပဲယင်း)မယ(ပ)၄/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ ပျဉ်ထောင်လေးကျေးရွာ၌ မူးယစ်ဆေးဝါးသုံးစွဲ/ဖြန့်ဖြူးရောင်းချသူများ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၅-၂၀၂၀ ရက်နေ့တွင် ကသာမြို့နယ်၊ ပျဉ်ထောင်လေးကျေးရွာနေ ထိန်လင်းဦး(၂၉)နှစ်၊ (ဘ)ဦးကြည်လင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (အင်းရွာ)မယ (ပ)၉/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၉(က)/၂၀(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ ထောင့်တလီကျေးရွာနေ မမဲလုံးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၅-၂၀၂၀ ရက်နေ့တွင် ကသာမြို့နယ်၊ ထောင့်တလီကျေးရွာနေ မမဲလုံး(ခ)နုနုဝင်း(၃၈)နှစ်၊ (ဘ)ဦးအောင်မိုး၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ သားသမက် စိုးမိုးကျော်(၂၃)နှစ်၊ (ဘ)ဦးငွေးမောင်တို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(အင်းရွာ)မယ(ပ)၁၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ကြက်တကောင်ကျေးရွာ၌ မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူများ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၄)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၃)ဦး၊ မ(၄)ဦး၊ ပေါင်း(၇)ဦးတို့အား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၂၄-၅-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ ထီးချိုင့်မြို့နယ်၊ ကြက်တကောင်ကျေးရွာနေ ဒေါ်လွင်လွင်ဦး(၄၀)နှစ်၊ (ဘ)ဦးတင်ဝင်း၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မောင်ဖြစ်သူ ဇော်မင်းထိုက်(ခ)ပေါက်စ(၃၇)နှစ်၊ တစ်ရွာတည်းနေ ဇင်မင်းထွန်း(ခ)ဖိုးသား(၃၂)နှစ်၊ (ဘ)ဦးကောင်းညွန့်တို့ (၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ထီးချိုင့်) မယ(ပ)၅၂/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ပျဉ်းစုကျေးရွာနေ ဖိုးသောင်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၅-၂၀၂၀ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ ပျဉ်းစုကျေးရွာနေ ဖိုးသောင်း(ခ)ကိုသောင်း(၅၁)နှစ်၊ (ဘ)ဦးဘဆင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ထီးချိုင့်)မယ(ပ)၅၃/၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ ပိန်းအင်းကျေးရွာနေ ဝင်းထိန်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၅-၂၀၂၀ ရက်နေ့တွင် အင်းတော်မြို့နယ်၊ ပိန်းအင်းကျေးရွာနေ ကျော်နိုင်ဦး(၄၈)နှစ်၊ (ဘ)ဦးသာခင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ ဝင်းထိန်(၃၅)နှစ်၊ (ဘ)ဦးမောင်အေး၊ ဖိုးချို(၃၄)နှစ်၊ (ဘ) ဦးဖိုးချောနှင့် ညောင်ကုန်းကျေးရွာနေ မောင်စိုး(၅၇)နှစ်၊ (ဘ)ဦးကျော်တို့ (၄)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းတော်)မယ(ပ)၈၁/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/ ၂၀(က)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | တနင်္သာရီတိုင်းဒေသကြီး၊ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်အတွင်း မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူ ပေါ်များလျက်ရှိကြောင်းသတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁၇)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၁၇)ဦး၊ မ(၄)ဦး၊ ပေါင်း(၂၁)ဦးတို့အား စိတ်ကြွဆေးပြားများ၊ စိတ်ကြွဆေးပြားအကြေမှုန့်များ၊ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၂၉-၅-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်၊ အနော်ရထာ(၃)လမ်းပေါ်၌ အေးမြကန်သာရပ်ကွက်နေ ဟိန်းမင်းဦး(ခ)အန်ကူ(၂၆)နှစ်၊ (ဘ)ဦးခင်မောင်ထွန်းအား ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကော့သောင်း)မယ (ပ)၁၀၂/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၉ | ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ အမှတ် (၂)ရပ်ကွက်နေ ပိုင်လေးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၅-၂၀၂၀ ရက်နေ့တွင် တောင်ငူမြို့၊ အမှတ်(၁၃)ရပ်ကွက်ရှိ တည်းခိုခန်းအား ဝင်ရောက်ရှာဖွေရာ ညစောင့်လုပ်ကိုင်သူ အမှတ်(၂)ရပ်ကွက်နေ ပိုင်လေး(ခ)သက်ပိုင်ဝင်း (၂၀)နှစ်၊ (ဘ)ဦးလေးမြင့်အောင်အား ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(၂)(တောင်ငူ)မယ(ပ) ၇/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၀ | ပဲခူးတိုင်းဒေသကြီး၊ မြို့လှမြို့၊ အမှတ် (၄) ရပ်ကွက်နေ ဝင်းကျော်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၈-၅-၂၀၂၀ ရက်နေ့တွင် မြို့လှမြို့၊ အမှတ်(၄)ရပ်ကွက်နေ ဝင်းကျော်(၃၆)နှစ်၊ (ဘ)ဦးမောင်စိုး၏နေအိမ်အားဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူဇနီး မကေဇင်ဝင်း(၃၃)နှစ်၊ (ဘ) ဦးတင်ဝင်း၊ ရွှေမြိုင်ရပ်ကွက်နေ မင်းလွင်ဦး(၂၇)နှစ်၊ (ဘ) ဦးတုတ်၊ လယ်သာအေးကျေးရွာနေ ကျော်ဆွေလတ် (၃၉)နှစ်၊ (ဘ)ဦးတင်မြင့်၊ မိုးဇော်(၃၃)နှစ်၊ (ဘ) ဦးမန်းကြည်၊ အမှတ်(၅)ရပ်ကွက်နေ နန်းမောင်မောင်(၂၅)နှစ်၊ (ဘ)ဦးအောင်သန်းနှင့် မြို့မြေရပ်ကွက်နေ ရှိုင်းဝဏ္ဏအောင် (၁၉) နှစ်၊ (ဘ)ဦးစိုးပိုင်တို့(၇)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (မြို့လှ) မယ(ပ)၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၉(က)/ ၂၀(က)/ ၂၂(ခ)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၁ | မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ကျောင်းကုန်းကျေးရွာတွင် မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူ ပေါ်များလျက်ရှိကြောင်းသတင်းပေးပို့ခြင်း။ | ၂၈-၅-၂၀၂၀ ရက်နေ့တွင် ရမည်းသင်းမြို့နယ်၊ ကျောင်းကုန်းကျေးရွာနေ အောင်ဖေ(၂၆)နှစ်၊ (ဘ)ဦးထွန်းကြည်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းများ၊ အဆင့်နိမ့်ဘိန်းများ၊ တူမီးသေနတ်(၁)လက်တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ရမည်းသင်း) မယ (ပ)၂၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၂(ခ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရဲစုတောင်ရပ်ကွက်နေ ဗေလုဝသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၅-၂၀၂၀ရက်နေ့တွင် မင်္ဂလာဒုံမြို့နယ်၊ ရဲစုတောင် ရပ်ကွက်နေ ဗေလုဝ(ခ)ကိုရဲ(ခ)ရဲသူမျိုး(၂၅)နှစ်၊ (ဘ)ဦးလှမျိုး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ထောက်ကြန့်)မယ(ပ)၂၀/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၈)ရပ်ကွက်နေ တက်နေပိုင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၅-၂၀၂၀ ရက်နေ့တွင် ဗိုလ်တထောင်မြို့နယ်၊(၈)ရပ်ကွက်၊ (၄၃)လမ်းပေါ်၌ ၎င်းရပ်ကွက်နေ တက်နေပိုင်(၂၄)နှစ်၊ (ဘ) ဦးမောင်မြင့်အား ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဗိုလ်တထောင်) မယ(ပ)၁၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ငါးစင်ရပ်ကွက်နေ စည်သူကျော်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၅-၂၀၂၀ ရက်နေ့တွင် ကြည့်မြင်တိုင်မြို့နယ်၊ ငါးစင်ရပ်ကွက်နေ စည်သူကျော်(၃၁)နှစ်၊ (ဘ)ဦးခင်မောင်ကြည်၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ တစ်ရပ်ကွက်တည်းနေ သန်းကျော်လင်း(ခ)ဖိုးသား(၂၄)နှစ်၊ (ဘ)ဦးမြင့်အေး၊ ဝင်းနိုင် (ခ)ဂျိုကာ(၁၉)နှစ်၊ (ဘ)ဦးဇော်ဇော်ထိုက်၊ လအောင် (၃၄) နှစ်၊ (ဘ)ဦးမောင်အေးနှင့် ဦးမြရပ်ကွက်နေ ဖြိုးဝေအောင်(ခ)ယုန်ပေါက်(၂၁)နှစ်၊ (ဘ)ဦးတင်ဝင်းတို့(၅)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(စက်ဆန်း) မယ(ပ)၁၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၅ | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်နေ ဒေါ်ထွေးထွေးအောင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၅-၂၀၂၀ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ (၂) ရပ်ကွက်နေ ဒေါ်ထွေးထွေးအောင်(၄၃)နှစ်၊ (ဘ) ဦးတင်အောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မြောက်ဥက္ကလာပ)မယ(ပ)၃၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၆ | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်တွင် မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူ ပေါ်များလျက်ရှိကြောင်းသတင်းပေးပို့ခြင်း။ | ၃၀-၅-၂၀၂၀ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ (ည) ရပ်ကွက်နေ ခင်မောင်ချို(ခ)ဦးချို(၅၀)နှစ်၊ (ဘ)ဦးသိန်း၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူတစ်ရပ်ကွက်တည်းနေ ဇော်သူရ(၂၄)နှစ်၊ (ဘ)ဦးခင်ညို၊ ဖွဲ့မိုးထက်(၂၉)နှစ်၊ (ဘ)ဦးခင်ဇော်၊ (၁၆)ရပ်ကွက်နေ ဝင်းထွဋ်(၃၀)နှစ်၊ (ဘ) ဦးတင်ခိုင်၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်နေ မျိုးထွန်း(၃၉) နှစ်၊ (ဘ)ဦးညွန့်ရွှေ၊ ဖြိုးမောင်မောင်(၂၄)နှစ်၊ (ဘ) ဦးစိုးမြင့်ဦး တို့(၆)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ဝေဘာဂီ) မယ(ပ)၃၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၇ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ အမှတ် (၅)ရပ်ကွက်၌ မူးယစ်ဆေးဝါး သုံးစွဲ/ ဖြန့်ဖြူးရောင်းချသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁၀)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၁၂)ဦးအား ဘိန်းဖြူများ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။ |

စာမျက်နှာ ၁၀ သို့ ❍

○ စာမျက်နှာ ၉ မှ

| | | |
|---|---|---|
| | | ၂၆-၅-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ လားရှိုးမြို့၊ အမှတ်(၅)ရပ်ကွက်နေ စိုင်းလင်းအောင်(ခ)အိုက်ဖြိုး(၁၉)နှစ်၊ (ဘ)ဦးစံလှ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လားရှိုး)မယ(ပ)၁၀၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့်လည်းကောင်း၊ ၂၈-၅-၂၀၂၀ ရက်နေ့တွင် အမှတ်(၅)ရပ်ကွက်၊ နတ်စင်လမ်းထောင့် ဝါးရုံတော အတွင်း၌ ၎င်းရပ်ကွက်နေ သန်းစိုးလင်း(၃၃)နှစ်၊ (ဘ) ဦးတင်စိုးနှင့် အမှတ်(၁)ရပ်ကွက်နေ သန့်ဇင်(၃၀)နှစ်၊ (ဘ)ဦးမြင့်သိန်းတို့(၂)ဦးအားရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လားရှိုး) မယ(ပ) ၁၀၈/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ဖြင့်လည်းကောင်း၊ ၃၀-၅-၂၀၂၀ ရက်နေ့တွင် အမှတ်(၅)ရပ်ကွက်၊ (၂၃)လမ်းနှင့် (၄၁) လမ်းထောင့်၌ ၎င်းရပ်ကွက်နေ စိုင်းလှဟန် (၂၈) နှစ်၊ (ဘ)ဦးစိုင်းထွန်းအား ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လားရှိုး)မယ(ပ)၁၀၉/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၈ | ရော၀တီတိုင်းဒေသကြီး၊ ဟသ်ာတမြို့၊ ပန်းဘဲတန်းရပ်ကွက်နေ ကောင်းစံဝင်း (ခ) ဖွဲ့စွမ်းရည်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၅-၂၀၂၀ ရက်နေ့တွင် ဟသ်ာတမြို့၊ ကနောင်စု ရပ်ကွက်နေ မဇာလီမော်(၃၆)နှစ်၊ (ဘ)ဦးမောင်ညွှာ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ ရဲရင့်ထွန်း(ခ)ရဲကြီး(၂၂)နှစ်၊ (ဘ) ဦးကျော်မိုး၊ ပန်းဘဲတန်း ရပ်ကွက်နေ ကောင်းစံဝင်း(ခ) ဖွဲ့စွမ်းရည် (၂၇) နှစ်၊ (ဘ) ဦးဝင်းမြင့်တို့(၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဟသ်ာတ) မယ(ပ) ၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀ (က)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၃၀-၅-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၁၁၅၆)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၄၉၈)ဦး၊ မ(၂၉၂)ဦး၊ ပေါင်း(၁၇၉၀)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၉၅၁၂.၆၀၁၄)ဂရမ်၊ ICE (၁၃၄၇.၄၂)ဂရမ်၊ ဘိန်း(၄၃၅၆၃.၉၂၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၃၆၇.၉၆)ဂရမ်၊ ဘိန်းစာမှုန့် (၅၃၂၆၃.၇၆) ဂရမ်၊ ဘိန်းစာရွက် (၁၅၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅) လီတာ၊ စိတ်ကြွဆေးပြား(၆၃၀၅၈၉)ပြား၊ ဆေးခြောက် (၁၀၇၆၀.၇၀)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၉၆.၂၈) ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၅၅.၉၅)ဂရမ်၊ ECSTASY အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၂၆) လက်၊ ကျည်မျိုးစုံ (၆၀၉) တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ “မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန” အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေး အပ်ပါသည်-

**ဆက်သွယ်ရန်-**

**အော်တိုတယ်လီဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၀၀

**ဖက်စ်ဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၃၃

**အီးမေးလ်လိပ်စာ** - antinarcotics@presidentoffice.gov.mm

## COVID-19 ကာကွယ်ရေး၊ ထိန်းချုပ်ရေး၊ ကုသရေး၊ တုံ့ပြန်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရသဖြင့် လုပ်ငန်းထိခိုက်မှုရှိခဲ့သော MSMEs လုပ်ငန်းများသို့ အသိပေးကြေညာချက်

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဂျပန်နိုင်ငံမှ ရရှိသော ချေးငွေဖြင့် JICA SME TWO STEP LOAN စီမံကိန်းကို ၂၀၁၅ ခုနှစ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ ချေးငွေစီမံကိန်း အဆင့် (၁) သည် ပြီးမြောက်ခဲ့ပြီဖြစ်ပြီး ချေးငွေစီမံကိန်း အဆင့် (၂) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။ ချေးငွေစီမံကိန်း အဆင့် (၂) တွင် ထုတ်ချေးရန် ကျန်သော ပမာဏမှာကျပ် (၆၄) ဘီလီယံခန့် ရှိပါသည်။

၂။ အဆိုပါ ကျပ် (၆၄) ဘီလီယံခန့်ကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် JICA တို့ ညှိနှိုင်း၍ COVID-19 ကပ်ရောဂါကြောင့် လုပ်ငန်းထိခိုက်မှုရှိခဲ့သည့် MSMEs လုပ်ငန်းများအပေါ်တွင် အပေါင်ပစ္စည်း ပေးအပ်နိုင်မှုပေါ်မူတည်၍ တစ်နှစ်လျှင် အတိုးနှုန်း ၅.၅% မှ ၁၀% အတွင်းရှိသော ချေးငွေများကို ထုတ်ချေးမည်ဖြစ်ပါသည်။ ချေးငွေသက်တမ်းမှာ (၃) နှစ်မှ (၅) နှစ်အထိ ဖြစ်ပါသည်။ ချေးငွေ သက်တမ်း (၃) နှစ်အောက်ချေးငွေတွင် ဆိုင်းငံ့ကာလ (၆) လ၊ ချေးငွေသက်တမ်း (၃) နှစ်မှ (၅) နှစ်အထိချေးငွေတွင် ဆိုင်းငံ့ကာလ (၁)နှစ် ရရှိနိုင်ပါသည်။ လုပ်ငန်းတစ်ခုလျှင် ချေးငွေအများဆုံး ကျပ်သန်း (၃၀၀) အထိ ရရှိနိုင်ပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါချေးငွေကို ရယူလိုသော MSMEs လုပ်ငန်းများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ သမဝါယမဘဏ်လီမိတက်၊ ရော၀တီဘဏ်လီမိတက်၊ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ မြန်မာအရှေ့တိုင်းဘဏ်လီမိတက်၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်၊ ပထမပုဂ္ဂလိကဘဏ်လီမိတက်၊ ယူအေဘီဘဏ်လီမိတက်၊ ကမ္ဘောဇဘဏ်လီမိတက်နှင့် မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

## ကိုဗစ် -၁၉ ကာလအတွင်း စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများရှိ ကန့်သတ်စောင့်ကြည့်ထားသည့် အာမခံအလုပ်သမားများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မကျန်းမာမှုအကျိုးခံစားခွင့် ၆၀ ရာခိုင်နှုန်း လာရောက်ထုတ်ယူရန်အသိပေးနှိုးဆော်

**နေပြည်တော် ဇွန် ၁**

စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် ကိုဗစ် -၁၉ ရောဂါ ကာကွယ်ကုသနိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များ၊ လမ်းညွှန်ချက်များနှင့် အညီ ဆောင်ရွက်လျက်ရှိရာ လူမှုဖူလုံရေးအဖွဲ့သည် ကိုဗစ်-၁၉ ကာလအတွင်းကန့်သတ်စောင့်ကြည့်ပြုလုပ်ထားသူ အာမခံအလုပ်သမားများအား အသွားအလာကန့်သတ်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း ကန့်သတ်စောင့်ကြည့်ကာလကို မကျန်းမာမှုဆေးခွင့်အဖြစ် သတ်မှတ်၍လည်းကောင်း၊ အာမခံအလုပ်သမားကိုယ်ဝန်ဆောင်မိခင်များအား တစ်ကြိမ်လျှင် ရှစ်ပတ်မှ အများဆုံး ၂၆ ပတ်အထိ မကျန်းမာမှုဆေးခွင့်အဖြစ်သတ်မှတ်ပေးကာ ထည့်ဝင်ကြေးလစာ၏ ၆၀ ရာခိုင်နှုန်းအား ငွေကြေးအကျိုးခံစားခွင့်အဖြစ် ထုတ်ပေးရန်အတွက် ညွှန်ကြားချက်ထုတ်ပြန်၍ စိစစ်ခွင့်ပြုပေးလျက်ရှိသည်။

၂၀၂၀ ပြည့်နှစ် မေ ၂၈ ရက်အထိ စာရင်းများအရ ကန့်သတ်စောင့်ကြည့်ပြုလုပ်ထားသူ အာမခံအလုပ်သမား ၉၁၂ ဦးနှင့်ကိုယ်ဝန်ဆောင်မိခင် ၅၉၈၅ ဦးရှိသည့်အနက် ကန့်သတ်စောင့်ကြည့်ပြုလုပ်ထားသူ ၂၁၂ ဦးအား ငွေကြေးအကျိုး ခံစားခွင့် ငွေကျပ် ၉၉၀၁၆၃၁ ကျပ်နှင့် ကိုယ်ဝန်ဆောင်မိခင် ၅၆ ဦးအား ငွေကျပ် ၆၄၆၃၉၅၀ တို့ကို ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ မကျန်းမာမှုဆေးခွင့်ခံစားနေသော ကန့်သတ်စောင့်ကြည့်ပြုလုပ်ထားသူ အာမခံ အလုပ်သမားများနှင့် ကိုယ်ဝန်ဆောင်မိခင်များသည် မကျန်းမာမှုအကျိုးခံစားခွင့် ၆၀ ရာခိုင်နှုန်းကို ထုတ်ယူနိုင်ရန်အတွက် သက်ဆိုင်ရာမှ ထုတ်ပေးသော ကန့်သတ်စောင့်ကြည့်ရက်ပြည့်ပြီးကြောင်း ထောက်ခံချက်၊ လူမှုဖူလုံရေးဆေးခန်းများမှ ထုတ်ပေးသော ဆေးသက်သေခံလက်မှတ်နှင့်အတူ သက်ဆိုင်ရာမြို့နယ် လူမှုဖူလုံရေးရုံးများသို့ ဆက်သွယ်၍ ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ယူနိုင်ရန် အသိပေးကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**

## ဓနု၊ ပလောင်၊ တောင်ရိုး၊ ပအိုဝ်း တိုင်းရင်းသားဒေသများသို့ စားနပ်ရိက္ခာများ ဆက်လက်လှူဒါန်း

**တောင်ကြီး ဇွန် ၁**

ရှမ်းပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်၊ ပြည်နယ် လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစိုင်းရှန်တစ်လုံ၊ ကမ္ဘောဇဘဏ်လီမိတက် နာယက ဦးအောင်ကိုဝင်းနှင့် တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီဝင်များ၊ ပရဟိတအဖွဲ့ဝင်များသည် ယနေ့ နံနက် ၈ နာရီတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကလောမြို့၊ အောင်ပန်း၊ ဟဲဟိုး၊ ရွှေညောင်မြို့များရှိ ဓနု၊ ပလောင်၊ တောင်ရိုး၊ ပအိုဝ်း၊ ဗမာတိုင်းရင်းသား ပြည်သူများသို့ စားနပ်ရိက္ခာများ ဆက်လက်ထောက်ပံ့ပေးအပ်ကြကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးများနှင့်အဖွဲ့သည် ကလောမြို့ မြက်ရဲအင်းပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိပြီး ဆန်အိတ်(၂၀)၊ ဆီ(၅)ပုံး၊ ဆား(၁)အိတ်၊ ကုလားပဲ(၁)အိတ်တို့အားလှူဒါန်းပြီး မြက်ရဲအင်းရွာ ဓနု ၊ ပလောင်၊ တောင်ရိုး၊ ပအိုဝ်း၊ ဗမာတိုင်းရင်းသား ပြည်သူအိမ်ထောင်စု (၄၀၀) အတွက်၊ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများ ပါဝင်သည့် ရိက္ခာထုပ် (၇၀၀) နှင့် ငွေကျပ်(၁၀၀၀၀)စီ ပေးအပ်လှူဒါန်းခဲ့သည်။ ထို့နောက် ကလောမြို့၊ မြို့မပရိယတ္တိ စာသင်တိုက်ရှိ သံဃာတော်များအတွက် ဆန်(၁၀) အိတ်၊ ဆီ(၃) ပုံး၊ ဆား(၁)အိတ်၊ ကုလားပဲ(၁)အိတ် တို့အား လည်းကောင်း၊ ကလောမြို့နယ် ၊ သူရဲကျေးရွာအုပ်စု ပိန္နဲပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ ဆန်(၁၀)အိတ်၊ ဆီ(၃)ပုံး၊ ဆား(၁)အိတ်၊ ကုလားပဲ(၁)အိတ် တို့အား လည်းကောင်း၊ ကျေးရွာနေ ဓနု၊ ပလောင်၊ တောင်ရိုး၊ ပအိုဝ်း၊ ဗမာ



တိုင်းရင်းသားပြည်သူ အိမ်ထောင်စု (၁၀၀)အတွက် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများပါဝင်သည့် ရိက္ခာထုပ် (၁၀၀)နှင့် ငွေကျပ် (၁၀၀၀၀) စီအားလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများနှင့်အဖွဲ့သည် ကလောမြို့နယ် အောင်ပန်းမြို့ အောင်ချမ်းသာပရိယတ္တိ ဘုန်းတော်ကြီးကျောင်းအတွက် ဆန်အိတ်(၂၀)၊ ဆီ(၅)ပုံး၊ ဆား(၁)အိတ်၊ ကုလားပဲ(၁)အိတ်တို့အား လည်းကောင်း၊ အောင်စကြာ ဘုန်းတော်ကြီးကျောင်းသို့ ဆန်(၁၀)အိတ်၊ ဆီ(၃)ပုံး၊ဆား (၁)အိတ်၊ ကုလားပဲ (၁)အိတ်တို့အား လည်းကောင်း၊ အောင်ပန်းမြို့ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတွင် အောင်ပန်းမြို့နေ အခြေခံပြည်သူလူထုအိမ်ထောင်စု (၉၃၀) အတွက် ရိက္ခာထုပ် (၁၅၀၀) နှင့် ငွေကျပ်(၁၀၀၀၀) စီအားလည်းကောင်း၊ ပေါငယ်တပ်ကျေးရွာရှိ ရှမ်း၊ ဓနု၊ ပအိုဝ်း၊ တိုင်းရင်းသားပြည်သူ အိမ်ထောင်စု (၇၀) အတွက် ရိက္ခာထုပ် (၇၀) နှင့်ငွေကျပ် (၁၀၀၀၀)စီအား လည်းကောင်း၊ ဟဲဟိုးမြို့ ကံတလိ ပရိယတ္တိစာသင်တိုက်သို့ ဆန်(၁၀) အိတ်၊ ဆီ(၃)ပုံး၊ ဆား(၁)အိတ်၊ ကုလားပဲ(၁)အိတ် တို့အား လည်းကောင်း၊ ဟဲဟိုးမြို့နေ တိုင်းရင်းသားလူမျိုးပေါင်းစုံ အိမ်ထောင်စု (၄၀၀)အတွက် ရိက္ခာထုပ်(၄၀၀)နှင့် ငွေကျပ် (၁၀၀၀၀)စီအားလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးများနှင့်အဖွဲ့သည် ဟဲဟိုးမြို့ ရွာကြီးကျေးရွာနှင့် ပေါ်အင်းကျေးရွာများသို့ ရောက်ရှိ၍ ဓနုတိုင်းရင်းသား ဂေါ်ဖီစိုက်တောင်သူများနှင့် တွေ့ဆုံခဲ့ရာ တောင်သူများအနေဖြင့် ယင်းတို့စိုက်ပျိုးထားရှိသည့် ဂေါ်ဖီစိုက်ခင်းများသည် ရင့်မှည့်၍ ခူးဆွတ်ချိန်နောက်ဆုံးတစ်ရက်သာ ကျန်ရှိတော့ကြောင်း၊ အချိန်မီမဆွတ်ခူးနိုင်ပါက စိုက်ခင်းများအားလုံး ပျက်စီးရတော့မည့် အခြေအနေကိုတင်ပြခဲ့သဖြင့် ကမ္ဘောဇဘဏ်လီမိတက်မှ ယင်းစိုက်ခင်းများရှိ ဂေါ်ဖီအားလုံးအလုံးရေ ၄၀၀၀၀ ခန့်ကို ဝယ်ယူခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးသို့ ပေးပို့လှူဒါန်းရန် ကားခြောက်စီးဖြင့် တင်ဆောင်နေမှုအခြေအနေအား ကြည့်ရှုအားပေးခဲ့သည်။ မေလနောက်ဆုံးပတ်တွင်လည်း ကမ္ဘောဇဘဏ်လီမိတက်သည် ပအိုဝ်းတိုင်းရင်းသားများ စိုက်ပျိုးထားသည့် ဂေါ်ဖီထုပ်အလုံးရေ ငါးသိန်းခန့်အား ပျက်စီးရမည့်အခြေအနေမှ ဝယ်ယူပေးခဲ့ပြီး မြန်မာနိုင်ငံ ဒေသအသီးသီးသို့ ပေးပို့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့်အဖွဲ့သည် ရွှေညောင်မြို့သို့ရောက်ရှိခဲ့ကာ ရွှေညောင်မြို့ ဘုန်းတော်ကြီးကျောင်းသို့ ဆန်(၁၀)အိတ်၊ ဆီ(၃)ပုံး၊ ဆား(၁)အိတ်၊ ကုလားပဲ(၁) အိတ်တို့အား လှူဒါန်းခဲ့ပြီး ရွှေညောင်မြို့ တိုင်းရင်းသားလူမျိုးပေါင်းစုံ အိမ်ထောင်စု (၈၀၀) အတွက် ရိက္ခာထုပ် (၈၀၀) နှင့် ငွေကျပ် (၁၀၀၀၀)စီအား ပေးအပ်လှူဒါန်းခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

# တူရကီလေကြောင်းလိုင်းကုမ္ပဏီများက ပြည်တွင်းလေကြောင်းပြေးဆွဲပျံသန်းမှုကို ပြန်လည်စတင်

**အစ္စတန်ဘူလ် ဇွန် ၁**
တူရကီလေကြောင်းလိုင်းကုမ္ပဏီများသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် နှစ်လကြာ ပိတ်ထားခဲ့ရပြီးနောက် လေယာဉ်အရေအတွက်ကန့်သတ်ချက်နှင့်အတူ ၎င်းတို့၏ ပြည်တွင်းလေကြောင်းပြေးဆွဲပျံသန်းမှုများကို ယနေ့တွင် ပြန်လည်စတင်ခဲ့သည်။

လက်ရှိတွင် တူရကီနိုင်ငံ၏ အမျိုးသားအလံ လွှင့်ထူထားသည့် တူရကီလေကြောင်းလိုင်း (THY)နှင့် ပီဂါဆပ် လေကြောင်းလိုင်းတို့သာ တူရကီနိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သည့် အစ္စတန်ဘူလ်မှ အဓိကမြို့ကြီးတချို့သို့ ပြေးဆွဲပျံသန်းမှု ပြန်လည်စတင်ခဲ့ခြင်းဖြစ်သည်။

ယနေ့နံနက်ပိုင်းက တူရကီလေကြောင်းလိုင်း၏ ပထမဆုံးလေယာဉ်သည် အစ္စတန်ဘူလ်လေဆိပ်မှ မြို့တော်အန်ကာရာသို့ ထွက်ခွာခဲ့ခြင်းဖြစ်ပြီး ပီဂါဆပ်လေကြောင်းလိုင်းမှလေယာဉ်တစ်စင်းသည် အစ္စတန်ဘူလ်ရှိ ဆာဘီဟာဂေါ့ဆန်လေဆိပ်မှ အစ်ဇ်မီယာပြည်နယ် မြောက်ပိုင်းသို့ ပြေးဆွဲပျံသန်းခဲ့ခြင်းဖြစ်သည်။

တူရကီလေကြောင်းလိုင်းသည် အခြားမြို့များသို့ ပြေးဆွဲပျံသန်းမှုကို ဇွန် ၄ ရက်တွင် စတင်မည်ဖြစ်ပြီး နိုင်ငံတကာလေကြောင်း ပြေးဆွဲပျံသန်းမှုကိုမူ ဇွန် ၁၀ ရက်တွင် စတင်မည်ဖြစ်သည်။ ထို့ပြင် ပီဂါဆပ်လေကြောင်းလိုင်းအုပ်ချုပ်ရေးအဖွဲ့ကလည်း ၎င်းတို့ကုမ္ပဏီ၏ ပြည်တွင်း၊ ပြည်ပလေကြောင်းလိုင်းများ ပြေးဆွဲပျံသန်းမှုကို မကြာမီစတင်သွားမည်ဖြစ်ကြောင်းပြောကြားခဲ့ပြီး နောက်ထပ်အသေးစိတ်အချက်အလက်များကိုမူ ပြောကြားခဲ့ခြင်းမရှိခဲ့ပေ။




တူရကီနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုသည် အကျဘက်သို့ ဦးတည်လာသဖြင့် ယနေ့တွင် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိတော့မည်ဖြစ်ကြောင်း တူရကီသမ္မတ အာဒိုဂန်က ပြီးခဲ့သည့်တစ်ပတ်အတွင်းက ကြေညာခဲ့သည်။

တူရကီနိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးသူအရေအတွက် ၄၅၄၀ အထိရှိလာခဲ့ပြီး ကူးစက်ခံရသူအရေအတွက်သည် ၁၆၃၉၄၂ ဦးရှိခဲ့ကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# အာမေးနီးယားဝန်ကြီးချုပ်နှင့် မိသားစုဝင်များ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရ

**ယာရီဗန် ဇွန် ၁**
အာမေးနီးယား ဝန်ကြီးချုပ် နီကိုးလ်ပါရှင်ယန်းက မိမိနှင့် မိသားစုဝင်များ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံခဲ့ရကြောင်း ယနေ့ ဖေ့စ်ဘုတ်မှတစ်ဆင့် အွန်လိုင်းထုတ်လွှင့်မှုတစ်ခုအတွင်း ပြောကြားလိုက်သည်။

"ကျွန်တော်နဲ့ မိသားစုဝင်တွေမှာ ကိုရိုနာဗိုင်းရပ်စ်ပိုး စမ်းသပ်တွေ့ရှိခဲ့ပါတယ်။ ကျွန်တော်တို့ အဖျားတက်ခြင်းမရှိသလို အခြား ရောဂါလက္ခဏာတွေလည်း မရှိပါဘူး။ အပူချိန်က သာမန်ပါပဲ။ အခု ကျွန်တော်တို့အားလုံး သီးသန့်ခွဲနေထိုင်နေပါပြီ။ ကျွန်တော် နေအိမ်ကနေ တာဝန်ထမ်းဆောင်မှာဖြစ်ပါတယ်။ အားလုံး အဆင်ပြေပါတယ်" ဟု ၎င်းက ပြောသည်။ အစည်းအဝေးတစ်ခုအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံခဲ့သည်ဟု ပါရှင်ယန်းက ပြောသည်။ အာမေးနီးယားနိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်၍ စိန်ခေါ်မှုဖြင့် ရင်ဆိုင်နေရသည်။

အာမေးနီးယားနိုင်ငံတွင် ယမန်နေ့က ရောဂါကူးစက်သူ ၃၅၅ ဦး ထပ်မံတွေ့ရှိခဲ့ပြီး လူနာ ၆၉ ဦး ရောဂါကင်းစင်ခဲ့သည်။ ရောဂါကင်းစင်သူ စုစုပေါင်း ၃၃၈၆ ဦးအထိ ရောက်ရှိလာခဲ့ပြီး ခေတ်ခွဲအတည်ပြုလူနာ ၉၂၈၂ ဦးနှင့် သေဆုံးသူ ၁၃၁ ဦးရှိကြောင်း သိရသည်။ **ကိုးကား-တက်စ်၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# အယ်လ်ဆာဗေဒိုနှင့် ဂွါတီမာလာတို့တွင် အပူပိုင်းမုန်တိုင်းအာမန်ဒါကြောင့် အနည်းဆုံး ၁၄ ဦးသေဆုံး

**ဆန်ဆယ်လ်ဗေဒို ဇွန် ၁**
ပစိဖိတ်ဒေသတွင် ယခုနှစ်မိုးရာသီ၏ ပထမဆုံးသော မုန်တိုင်းဖြစ်သည့် အပူပိုင်းမုန်တိုင်း အာမန်ဒါတိုက်ခတ်မှုကြောင့် အယ်လ်ဆာဗေဒိုနိုင်ငံနှင့် ဂွါတီမာလာနိုင်ငံတို့တွင် ရေလွှမ်းမိုးမှုများ၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ပြီး ယမန်နေ့က အနည်းဆုံး ၁၄ ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ထို့ကြောင့် အယ်လ်ဆာဗေဒိုနိုင်ငံသမ္မတ နာယစ်ဘူကီလီက မုန်တိုင်းကြောင့်ဖြစ်ပေါ်သည့် အကျိုးသက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် ၁၅ ရက်ကြာ အရေးပေါ်အခြေအနေတစ်ရပ်ကို ကြေညာခဲ့သည်။

အယ်လ်ဆာဗေဒိုနိုင်ငံတွင် အသေအပျောက်အများအပြား ရှိခဲ့ကြောင်းနှင့် သေဆုံးသူအရေအတွက်သည်လည်း မြင့်တက်လာနိုင်ကြောင်း အယ်လ်ဆာဗေဒိုပြည်ထဲရေးဝန်ကြီးဌာနက သတိပေးထားသည်။ အဆိုပါမုန်တိုင်းတိုက်ခတ်မှုကြောင့် သစ်ပင်များပြိုလဲခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်းနှင့် လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်းတို့ဖြစ်ပေါ်ခဲ့ပြီး အိမ်ခြေ ၂၀၀ ခန့်ပျက်စီးခဲ့ကြောင်း မြို့ပြကာကွယ်ရေးဌာနအကြီးအကဲ ဝီလီယံဟာနန်ဒက်ဇ်က ပြောကြားခဲ့သည်။

သေဆုံးသူများ၏ တစ်ဝက်မှာ ဆန်ဆယ်လ်ဗေဒိုမြို့မှဖြစ်ကြောင်း ယင်းမြို့၏ မြို့တော်ဝန် အာနက်စတို မူရွန့်က ပြောကြားခဲ့သည်။ လူဦးရေ ၄၂၀၀ ခန့်မှာ အမြင့်ဆုံး အန္တရာယ်ကျရောက်ခဲ့ခြင်းကြောင့် နေအိမ်များ ဆုံးရှုံးရခြင်း သို့မဟုတ် နေအိမ်များကို စွန့်ခွာကာ အစိုးရကဆောင်ရွက်ပေးထားသည့် ကယ်ဆယ်ရေးအဆောက်အအုံများတွင် သွားရောက်ခိုလှုံခဲ့ရကြောင်း ၎င်းက ပြောကြားခဲ့သည်။

ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့် ဒေသတချို့တွင် တပ်ဖွဲ့ဝင်များက ပြည်သူများကို ကယ်ဆယ်ရန် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များနှင့်အတူ လုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်းလည်းသိရသည်။ လူဦးရေ ၆ ဒသမ ၆ သန်းရှိသည့် အယ်လ်ဆာဗေဒိုနိုင်ငံ၏ လူဦးရေ ၉၀ ရာခိုင်နှုန်းနီးပါးမှာ ပထဝီအနေအထားအရ ရေလွှမ်းမိုးမှုများနှင့် မြေပြိုမှုများဒဏ်ကို ခံနိုင်စွမ်းမရှိမည်ကို စိုးရိမ်လျက်ရှိသည်။

အယ်လ်ဆာဗေဒိုနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သည့် ဂွါတီမာလာနိုင်ငံတွင်လည်း မြေပြိုမှုများနှင့် ရေကြီးရေလျှံမှုများကြောင့် လမ်းများပိတ်သွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။ အာမန်ဒါမုန်တိုင်းကြောင့် အပူပိုင်းဒေသလေဖိအားနည်းရပ်ဝန်းအခြေအနေသည် အားနည်းသွားပြီဖြစ်သော်လည်း ကမ်းရိုးတန်းဒေသများတွင် ရေကြီးရေလျှံခြင်း၊ အဝေးပြေးလမ်းများကို ထိခိုက်စေသော မြေပြိုခြင်း၊ မြစ်ရေကြီးခြင်းတို့နှင့်အတူ မိုးသည်းထန်စွာရွာသွန်းမှုများမှာ ဆက်လက်ဖြစ်ပေါ်လိမ့်မည်ဖြစ်ကြောင်း ဂွါတီမာလာတာဝန်ရှိသူများက သတိပေးပြောကြားထားသည်။ **ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-အလင်းသစ်**






# ဘင်္ဂလားဒေ့ရှ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၀၀၀၀ နီးပါး ရှိလာပြီး ၆၇၂ ဦးသေဆုံး

**ဒါကာ ဇွန် ၁**
ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၃၈၁ ဦး ယနေ့ ထပ်မံတွေ့ရှိခဲ့ရာ ယမန်နေ့ကထက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူဦးရေ အနည်းငယ်ကျဆင်းသွားကြောင်း ဘင်္ဂလားဒေ့ရှ်အစိုးရက ယနေ့ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၂၂ ဦး ထပ်မံသေဆုံးခဲ့ပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၆၇၂ ဦး ရှိလာကြောင်း ဘင်္ဂလားဒေ့ရှ်ကျန်းမာရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိ ပါမောက္ခနာဆီမာ ဆူလ်တနာက အွန်လိုင်းပေါ်မှတစ်ဆင့် ပြုလုပ်သောသတင်းစာ ရှင်းလင်းပွဲတစ်ရပ်တွင် ယနေ့ ပြောကြားသည်။

ထို့အတူ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၃၈၁ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၉၅၃၁ ဦးရှိလာကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိပြီး နိုင်ငံတစ်ဝန်းတွင် တစ်ရက်အတွင်း လူ ၁၁၄၉၃ ဦးအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ကြောင်း သိရသည်။

သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၁၆ ဦးသည် တစ်ရက်အတွင်း ရောဂါကင်းစင်ပြီး ဆေးရုံများနှင့် ဆေးခန်းများမှ ပြန်ဆင်းခဲ့ကြရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၀၅၉၇ ဦး ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**

## ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ အီဘိုလာရောဂါ အသစ်ထပ်မံဖြစ်ပွားပြီး လေးဦးသေဆုံး

**ကင်ရှာဆာ ဇွန် ၁**
ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် လက်ရှိဖြစ်ပွားနေသော ကိုဗစ်-၁၉ ကပ်ရောဂါနှင့် နိုင်ငံ၏ အရှေ့ပိုင်းတွင် ဖြစ်ပွားနေသော အီဘိုလာရောဂါအပြင် နိုင်ငံအနောက်မြောက်ပိုင်းတွင်လည်း အီဘိုလာရောဂါ ထပ်မံဖြစ်ပွားခဲ့ကြောင်း ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။



နိုင်ငံအတွင်း လက်ရှိဖြစ်ပွားနေသော အီဘိုလာရောဂါကြောင့် လေးဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီး အယ်တနီလောင်ဂွန်ဒိုက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ၂၀၁၈ ခုနှစ် ဩဂုတ်လနောက်ပိုင်း အီဘိုလာရောဂါကြောင့် လူပေါင်း ၂၂၈၀ သေဆုံးခဲ့ပြီး ၂၀၁၉ ခုနှစ် ဇွန် ၂၅ ရက်တွင် ရောဂါဖြစ်ပွားမှု အဆုံးသတ်မည်ဟု မျှော်လင့်ခဲ့သော်လည်း လက်ရှိအချိန်တွင် ထပ်မံဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

**ကိုးကား – အေအက်ဖ်ပီ**
**ဘာသာပြန် – ဂျော်တီ**

## နယူးဇီလန်၌ ၁၀ ရက် အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ထပ်မံတွေ့ရှိခြင်းမရှိ

**ဝယ်လင်တန် ဇွန် ၁**
လက်ရှိအချိန်တွင် နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူဟု အတည်ပြုလူနာနှင့် ရောဂါကူးစက်ခံရဖွယ်ရှိသူ ၁၅၀၄ ဦးရှိပြီး ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်မှု မရှိသည်မှာ ၁၀ ရက်ရှိပြီဖြစ်ကြောင်း နယူးဇီလန် ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

**ကူးစက်ခံရသူ ၁၁၅၄ ဦးရှိ**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ တင်ပြထားသည့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူဦးရေမှာ ၁၁၅၄ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၁၄၈၁ ဦးသည် ရောဂါကင်းစင်ပြီး ဆေးရုံများနှင့် ဆေးခန်းများမှ ပြန်ဆင်းခဲ့ကြရာ လက်ရှိအချိန်တွင် နယူးဇီလန်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ တစ်ဦးသာ ကျန်ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါနှင့် ဆက်စပ်သည့်ရောဂါကြောင့် ၂၂ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

**စမ်းသပ်စစ်ဆေး**

နယူးဇီလန်အစိုးရသည် မေ ၃၁ ရက်က လူ ၈၀၀၀ ကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ရာ ယခုအခါ နိုင်ငံတစ်ဝန်းတွင် လူ ၄၇၆၀၀၀ ကို ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျော်တီ**

## ယူကရိန်းနိုင်ငံက ဇွန် ၁၅ ရက်မှစ၍ ပြည်တွင်း ပြည်ပ လေကြောင်းခရီးစဉ်များပြေးဆွဲမှု ပြန်လည်စတင်မည်

**ကီယက်ဗ် ဇွန် ၁**
ယူကရိန်းနိုင်ငံက ဇွန် ၁၅ ရက်မှစ၍ ပြည်တွင်း ပြည်ပ လေကြောင်းခရီးစဉ်များပြေးဆွဲမှု ပြန်လည်စတင်မည်ဟု အခြေခံအဆောက်အအုံဝန်ကြီး ဗလာဒီစလပ်ဗ်ခရိုင်ကီးလ်က ပြောကြားသည်။

"ပြည်တွင်း လေကြောင်းခရီးစဉ်တွေကို မကြာမီ ပြန်လည်ဖွင့်လှစ်ဖွယ်ရှိပါတယ်။ ကျွန်တော်တို့ အခု ပြည်တွင်းလေကြောင်းခရီးစဉ်တွေ ပြန်လည်ပြေးဆွဲဖို့ ဆောင်ရွက်နေပါတယ်" ဟု ၎င်းက TV Channel 1+ သို့ ပြောကြားသည်။ ရေပန်းအစားဆုံး ကမ္ဘာလှည့်ခရီးသွားနယ်မြေများဖြစ်သည့် တူရကီ၊ ဂရိ၊ ဆိုက်ပရပ်စ်နှင့် ဂျော်ဂျီယာနိုင်ငံများသို့ လေကြောင်းခရီးစဉ်များ ပထမဆုံး ပြန်လည်ပြေးဆွဲမည်ဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါ အခြေအနေကြောင့် အီတလီ၊ စပိန်နိုင်ငံတို့နှင့် လေကြောင်းခရီးစဉ်များကို ပြန်လည်ဖွင့်လှစ်မည်မဟုတ်ပေ။

"အခြေအနေနှစ်ခုကို ထည့်သွင်းစဉ်းစားပြီး ကျွန်တော်တို့ လေကြောင်းခရီးစဉ်တွေ ပြန်ဖွင့်လှစ်မှာဖြစ်ပါတယ်။ ပထမအချက်က တိုင်းပြည်တွေက ယူကရိန်းနိုင်ငံနဲ့ လေကြောင်းခရီးစဉ်တွေ ပြန်ဖွင့်လှစ်ခြင်း ရှိ၊ မရှိ ဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ ကူးစက်ရောဂါပြန့်ပွားမှု၊ ကာကွယ်မှုနဲ့ဆိုင်တဲ့ အခြေအနေဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

အသေးစိတ်ကို ရက်သတ္တပတ်အတွင်း ထုတ်ပြန်မည်ဟု ၎င်းက ပြောသည်။ ကမ္ဘာလှည့်ခရီးသွားများကို လေဆိပ်၌ ကိုရိုနာဗိုင်းရပ်စ် စစ်ဆေးမှုပြုလုပ်ရန် အစိုးရက စဉ်းစားနေကြောင်း သိရသည်။ "ဒီအစီအစဉ်က ၁၄ ရက် သီးသန့်ခွဲထားတာထက် ပိုအဆင်ပြေပါတယ်။ ကမ္ဘာလှည့်ခရီးသွားတွေအနေနဲ့ စမ်းသပ်မှုပြုလုပ်အပြီး သုံး၊ လေးနာရီအတွင်း ကီယက်ဗ်မြို့တော်ကို သွားနိုင်မှာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

ယူကရိန်းနိုင်ငံက ယနေ့မှစ၍ ကန့်သတ်ချက်များ ဖြေလျှော့သည့် နောက်တစ်ဆင့်သို့ ရောက်ရှိလာပြီဖြစ်သည်။ ဒေသများအားလုံးအတွက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများလည်း ပြန်လည်ဖွင့်လှစ်ပြီဖြစ်သည်။

**ကိုးကား – ယူနီရန်**
**ဘာသာပြန် – ကျော်ထိုက်စိုး**




## ဂျပန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ငွေသားမဟုတ်သော ပေးချေမှုများ ရေပန်းစား

**တိုကျို ဇွန် ၁**
ဂျပန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားပြီးနောက် နိုင်ငံသားများအနေဖြင့် နေ့စဉ်ရောင်းဝယ်မှုတွင် ငွေပေးချေရာ၌ ငွေသားမကိုင်တွယ်ဘဲ ဖုန်းအပလီကေးရှင်းမှတစ်ဆင့် ပေးချေသောနည်းလမ်းကို အသုံးပြုလာကြောင်း သိရသည်။

**ဆောင်ရွက်လာကြ**

စားသောက်ဆိုင်တွင် လာရောက်စားသောက်သူများအနေဖြင့် ငွေသားကို မယူဆောင်လာဘဲ ဖုန်းအပလီကေးရှင်းမှတစ်ဆင့် ကျသင့်ငွေပေးချေခြင်းများကို ဆောင်ရွက်လာကြပြီး ပြီးခဲ့သောသီတင်းပတ်များအတွင်းက ထိုကဲ့သို့ငွေပေးချေမှုနှုန်းမှာ ၄၀ ရာခိုင်နှုန်းအထိ တိုးတက်လာကြောင်း တိုကျို ရှီဘူရာဒေသရှိ စားသောက်ဆိုင်မှ တာဝန်ရှိသူများက ပြောသည်။




လာရောက်စားသောက်သူများအနေဖြင့် ငွေစက္ကူများမှတစ်ဆင့် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မည်ကို စိုးရိမ်နေကြသည်။ စားသောက်ဆိုင်ပိုင်ရှင် တစ်ဦးကလည်း ငွေသားဖြင့်မဟုတ်ဘဲ ဖုန်းအပလီကေးရှင်းမှ ကျသင့်ငွေပေးချေခြင်းသည် စားသောက်ဆိုင်ဝန်ထမ်းများအား ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရခြင်းမှ ကာကွယ်နိုင်သည်ဟု ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**

## ဂျပန်နိုင်ငံက အာရှ-ပစိဖိတ် လေးနိုင်ငံမှ ခရီးသည်များကို ပြည်တွင်း ဝင်ရောက်ခွင့်ပြုရန်စဉ်းစား


**တိုကျို ဇွန် ၁**
ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံတွင်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုအခြေအနေကို ထိန်းချုပ်နိုင်ခဲ့သည့် အာရှ-ပစိဖိတ် လေးနိုင်ငံမှ ခရီးသည်များကို ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်ခွင့်ပြုရန် စဉ်းစားနေသည်ဟု သိရသည်။

အဆိုပါ အာရှ-ပစိဖိတ်လေးနိုင်ငံမှာ ထိုင်း၊ ဗီယက်နမ်၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့ဖြစ်ကြသည်။ ယင်းနိုင်ငံများတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများအပေါ် ထိန်းချုပ်လာနိုင်မှုနှင့် ဂျပန်နိုင်ငံနှင့် ထိုနိုင်ငံများ၏ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ရှေးရှုပြီး ယခုကဲ့သို့ ပြန်လည်ဖြေလျှော့ပေးရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အထက်ပါနိုင်ငံများမှ စီးပွားရေးကိစ္စနှင့်စပ်လျဉ်းပြီး ဝင်ရောက်လာမည့်သူများကို နိုင်ငံတွင်းဝင်ခွင့်ပြုရန် စဉ်းစား နေကြောင်း ဂျပန်အစိုးရကပြောကြားသည်။ ထိုနိုင်ငံများမှ ဂျပန်သို့ လာရောက်မည့်သူများအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်စစ်ဆေးခြင်းကို မိမိနိုင်ငံတွင် ဆောင်ရွက်ထားကြရန် ဂျပန်က ပန်ကြားသွားမည်ဖြစ်သည်။

ဂျပန်နိုင်ငံအနေဖြင့် အမေရိကန်၊ ရုရှားနှင့် ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၁၁ နိုင်ငံမှ ခရီးသည်များအား ပြည်ဝင်ခွင့်ကို တားမြစ်ထားပြီး ဂျပန်နိုင်ငံသားများအနေဖြင့် ထိုနိုင်ငံများသို့ မသွားကြရန် ပိတ်ပင်ထားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – စိုးသူရ**

# တိုကျိုမြို့ရှိ စာသင်ကျောင်းများနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်



တိုကျိုမြို့တော်ဝန် ကိုကီယူရီကို

**တိုကျို ဇွန် ၁**

ဂျပန်နိုင်ငံရှိ ပြည်သူများမှာ နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများကြောင့် မိမိတို့၏ ဘဝနေထိုင်မှုများ ပြောင်းလဲသွားခဲ့ပြီးနောက် နဂိုမူလအခြေအနေသို့ ပြန်လည်ရောက်ရှိရန် ဆောင်ရွက်နေကြသည်။ စီးပွားရေးလုပ်ငန်းများကို ပြန်လည်စတင်ဆောင်ရွက်နေသော်လည်း နိုင်ငံအနောက်တောင်ပိုင်းရှိ ကီတာကျူရှူးမြို့တွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများ မြင့်တက်နေဆဲပင်ဖြစ်သည်။

ကီတာကျူရှူးတွင် ပြီးခဲ့သော ၉ ရက်ခန့်က ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှု ၁၀၀ ခန့်ကို တွေ့ရှိခဲ့ရသည်။ ယင်းမြို့တွင် ဖြစ်ပွားသော ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများသည် မူလတန်းကျောင်းမှ ကလေးငါးဦး ကူးစက်ခံရခြင်းနှင့် ဆက်နွယ်နေကြောင်း တွေ့ရှိရသည်။ ထိုကူးစက်မှုများကြောင့် အခြားမူလတန်းကျောင်း သုံးကျောင်းနှင့် အထက်တန်းကျောင်းတစ်ကျောင်းတို့ကိုလည်း ယာယီပိတ်ထားခဲ့ရသည်။ ဗဟိုအစိုးရက အဆိုပါဒေသအား ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ အရေးပေါ်အခြေအနေကြေညာချက်ရုပ်သိမ်းခဲ့သည်မှာ မကြာသေးမီအချိန်ကဖြစ်နေသဖြင့် အရေးပေါ်အခြေအနေပြန်လည်ကြေညာရန် မဖြစ်နိုင်သေးကြောင်း ပြောကြားခဲ့သည်။ ယင်းဒေသတွင် ဈေးဝယ်စင်တာများနှင့် စားသောက်ဆိုင်များကို ပြန်လည်ဖွင့်လှစ်ခဲ့သော်လည်း စားသောက်ဆိုင်များတွင် ထိုင်ခုံအရေအတွက်ကို အကန့်အသတ်ဖြင့်သာ ထားရှိပြီး လက်ဆေးရန် လက်သန့်ဆေးရည်များကို ထားရှိခဲ့သည်။

တိုကျိုတွင် ကိုရိုနာဗိုင်းရပ်စ်တွေ့ရှိသူ ဦးရေ ၅၂၀၀ ရှိပြီး ယနေ့တွင် ၁၃ ဦး ထပ်မံတွေ့ရှိခဲ့သည်။ တိုကျိုရှိမူလတန်းကျောင်းပေါင်း ၁၈၀၀ နှင့် အထက်တန်းကျောင်းများကို သုံးလခန့် ပိတ်ထားခဲ့ပြီးနောက် တိုကျိုမြို့ပြအစိုးရက စာသင်ကျောင်းများ၊ ကပွဲရုံများနှင့် စတိုးဆိုင်များကို ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့သည်။ တိုကျိုမြို့ရှိ စီးပွားရေးလုပ်ငန်းဆောင်ရွက်သူများအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေးအတွက် နည်းလမ်းများအသုံးပြုပြီး ဆောင်ရွက်နေသကဲ့သို့ မြို့နေပြည်သူများကလည်း ပါဝင်ဆောင်ရွက်ကြရန် မြို့တော်ဝန် ကိုကီယူရီကိုက ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**

# ဘာကီနာဖာဆိုနိုင်ငံ၌ သေနတ်သမားများ၏ တိုက်ခိုက်မှုကြောင့် လူ ၃၅ ဦး သေဆုံး

**အိုဒါဒူဂူ ဇွန် ၁**

ဘာကီနာဖာဆိုနိုင်ငံ၌ လက်နက်ကိုင်အဖွဲ့တစ်ခုက ကျွဲနွားတိရစ္ဆာန်ဈေးတစ်ခုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာဉ်တန်းတစ်ခုကို တိုက်ခိုက်ခဲ့ရာ လူ ၃၅ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း အစိုးရက ပြောကြားခဲ့သည်။

ဘာကီနာဖာဆိုနိုင်ငံအရှေ့ပိုင်း ကွမ်ပိုင်ဂါကျေးရွာရှိ နွားပွဲဈေးတစ်ခုတွင် တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ လူ ၂၅ ဦးထက်မနည်း သေဆုံးခဲ့ပြီး အများအပြား ဒဏ်ရာရရှိခဲ့သည်။ ဘာကီနာဖာဆိုနိုင်ငံမြောက်ပိုင်း ဖော်ဘီကျေးရွာအနီး ယာဉ်တန်းတစ်ခုအား တိုက်ခိုက်မှုတွင် အရပ်သားငါးဦးနှင့် စစ်ဘက်ဆိုင်ရာ ရဲငါးဦး သေဆုံးကာ လူ ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း အစိုးရက ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားသည်။ ယခုဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများက ၂၀၁၇ ခုနှစ်နောက်ပိုင်း အယ်လ်ခိုင်ဒါ၊ အိုင်အက်စ်အက်စ်အဖွဲ့တို့နှင့် ဆက်နွယ်သည့် လက်နက်ကိုင်အဖွဲ့ကို တိုက်ပွဲဝင်နေရသော ဘာကီနာဖာဆိုနိုင်ငံရှိ နယ်မြေအချို့တွင် မတည်ငြိမ်မှုဖြစ်နေသည်ကို မီးမောင်းထိုးပြနေသည်။

လူမျိုးရေးနှင့် ဘာသာရေးတင်းမာမှုများ မြင့်တက်လာစေခဲ့သည့် အကြမ်းဖက်မှုများကြောင့် ပြီးခဲ့သည့်နှစ်အတွင်း ဘာကီနာဖာဆိုနိုင်ငံတွင် လူပေါင်းရာနှင့်ချီ သေဆုံးခဲ့ပြီး ငါးသိန်းကျော် အိုးအိမ်စွန့်ခွာခဲ့ရသည်။ ပြီးခဲ့သောငါးနှစ်အတွင်း လက်နက်ကိုင်အဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် လူ ၉၀၀ ကျော် သေဆုံးခဲ့ပြီး ၈၆၀၀၀၀ ခန့် အိုးအိမ်စွန့်ခွာခဲ့ရသည်။ ဆာဟဲလ်ဒေသရှိ ဘာကီနာဖာဆိုနိုင်ငံသည် မာလီ၊ နိုင်ဂျာ၊ မော်ရီတေးနီးယား၊ ချဒ်နိုင်ငံတို့နှင့်အတူ လက်နက်ကိုင်အုံကြွမှုကို ရင်ဆိုင်နေရသည့် ဒေသတွင်း နိုင်ငံတစ်ခုဖြစ်သည်။

ပစ္စည်းကိရိယာတပ်ဆင်မှုနှင့် လေ့ကျင့်မှုနည်းပါးသည့် အဆိုပါနိုင်ငံများမှ တပ်မတော်များကို ပြင်သစ်တပ်ဖွဲ့ဝင် ၅၀၀၀ က ပံ့ပိုးပေးသည်။ ကုလသမဂ္ဂ၏ အချက်အလက်များအရ ပြီးခဲ့သည့်နှစ်က ဘာကီနာဖာဆို၊ မာလီနှင့် နိုင်ဂျာနိုင်ငံတို့တွင် မငြိမ်မသက်မှုများကြောင့် လူ ၄၀၀၀ ခန့် သေဆုံးခဲ့ရကြောင်း သိရသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# မြောက်ကိုရီးယားနိုင်ငံက ယခုလအတွင်း ကျောင်းများ ပြန်လည်ဖွင့်လှစ်မည်



**ပြုံယမ်း ဇွန် ၁**

မြောက်ကိုရီးယားနိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် ကျောင်းများကို ပိတ်ထားခဲ့ပြီးနောက် ယခုလအတွင်း ကျောင်းများကို ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်များက ဇွန် ၁ ရက်တွင် ဖော်ပြထားသည်။

မြောက်ကိုရီးယားနိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်သူ တစ်ဦးမျှမရှိပေ။ သို့ရာတွင် ပြုံယမ်းသည် ပြည်သူထောင်းပေါင်းများစွာကို သီးသန့်ခွဲထားနေခိုင်းခြင်းနှင့် နယ်စပ်ဒေသများကို ပိတ်ထားခြင်း အပါအဝင် ကန့်သတ်ထိန်းချုပ်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ချမှတ်ခဲ့သည်။

ဧပြီလအစပိုင်းတွင် စတင်ရန် ကနဦးက စီစဉ်ထားခဲ့သည့် ပညာသင်နှစ်အသစ်ကို ရွှေ့ဆိုင်းခဲ့ရပြီး ဧပြီလလယ်ပိုင်းတွင် တက္ကသိုလ်တချို့နှင့် အထက်တန်းကျောင်းများကို ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့ကြောင်း သိရသည်။

နိုင်ငံတစ်ဝန်းရှိ မူလတန်းကျောင်းများ၊ အလယ်တန်းကျောင်းများနှင့် အထက်တန်းကျောင်းများ၌ ပညာသင်နှစ်၏ နှစ်ဝက်စာသင်ကာလကို ဇွန်လအစောပိုင်းတွင် စတင်မည်ဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် အသံလွှင့်ဌာန၏ ပြောကြားချက်ကို ကိုးကား၍ ယွန်ဟပ်သတင်းအေဂျင်စီက သတင်းဖော်ပြထားသည်။

ပညာရေးအာဏာပိုင်များက ကျောင်းများနှင့် နေ့ကလေးထိန်းကျောင်းများရှိ အလုပ်သမားများအား ဗိုင်းရပ်စ်တိုက်ဖျက်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ကပ်ထားပေးရန် အကြံပြုခဲ့ပြီး ကျောင်းများ၊ စာသင်ခန်းများနှင့် ကျောင်းရုံးခန်းများ၏ ဝင်ပေါက်တိုင်းတွင် အပူချိန်တိုင်းကိရိယာများနှင့် လက်သန့်ဆေးရည်များ ထားရှိပေးရန်လည်း တောင်းဆိုထားသည်။

**ကိုးကား-ဗန်ကောက်ပို့စ်**
**ဘာသာပြန်-အလင်းသစ်**



# တူရကီက ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်နိုင်သည့်အတွက် အသွားအလာကန့်သတ်မှု ထပ်မံဖြေလျှော့

**အစ္စတန်ဘူလ် ဇွန် ၁**

တူရကီနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန် ချမှတ်ထားသော အသွားအလာကန့်သတ်မှုများကို ထပ်မံဖြေလျှော့သည့်အနေဖြင့် နိုင်ငံတစ်ဝန်းရှိ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များနှင့် အစ္စတန်ဘူလ်မြို့ရှိ ၁၅ ရာစုက တည်ဆောက်ထားသည့် အထင်ကရ ဈေးကွက်ကြီးတို့ကို ယနေ့ ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ ဈေးကွက်ကြီးတွင် ဆိုင်ခန်းပေါင်း ၃၀၀၀ နီးပါးနှင့် အလုပ်သမား ၃၀၀၀၀ ကျော်ရှိသည်။

ထို့အပြင် နိုင်ငံအနှံ့ရှိ ပန်းခြံများ၊ ကမ်းခြေအပန်းဖြေစခန်းများ၊ စာကြည့်တိုက်များနှင့် ပြတိုက်များအပါအဝင် အခြားသော အဆောက်အအုံ အများအပြားကိုလည်း ပြန်လည်ဖွင့်လှစ်ထားပြီး သန်းနှင့်ချီသော ပြည်သူပိုင်စီးပွားရေးကဏ္ဍမှ ဝန်ထမ်းများသည်၎င်းတို့၏ လုပ်ငန်းခွင်သို့ ပြန်လာကြပြီဖြစ်ကြောင်း သိရသည်။

သို့သော် အရက်အဖျော်ယမကာ အရောင်းဆိုင်များနှင့် နိုက်ကလပ်များကိုမူ ဆက်လက်ပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် မေ ၁၆ ရက် ကတည်းက ပထမဆုံးအဖြစ် ပြန်လည်ဖွင့်လှစ်ထားသည့် စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များကို တင်းကျပ်သော စည်းမျဉ်းစည်းကမ်းအောက်တွင် လုပ်ငန်းလည်ပတ်မည်ဖြစ်သည်။

ထို့အတူ နိုင်ငံအတွင်းရှိ မြို့တစ်မြို့မှ အခြားမြို့တစ်မြို့သို့ ခရီးသွားလာခွင့် တားမြစ်ချက်များကို ဖြေလျှော့လိုက်သောကြောင့် ပြည်တွင်းလေကြောင်းလိုင်းများသည် ကန့်သတ်ထားသော မြို့များအကြား ပျံသန်းမှုပြန်စတော့မည်ဖြစ်ကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် အမျိုးသားလေကြောင်းလိုင်းဖြစ်သည့် တူရကီလေကြောင်းလိုင်းကုမ္ပဏီက လေကြောင်းလိုင်းပိုင် လေယာဉ်တစ်စင်းသည် နိုင်ငံအတွင်း လေကြောင်းလိုင်းများ ပိတ်ပင်တားမြစ်ခဲ့ချိန်နောက်ပိုင်း ပထမဦးဆုံးခရီးစဉ်အဖြစ် အစ္စတန်ဘူလ်မှ မြို့တော်အန်ကာရာသို့ ထွက်ခွာပျံသန်းလိုက်ပြီဖြစ်ကြောင်း ပြောကြားသည်။

သို့သော် တူရကီအစိုးရသည် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု ဆက်လက်ထိန်းချုပ်သည့်အနေဖြင့် နိုင်ငံတကာလေကြောင်းလိုင်းများကိုမူ ဇွန် ၁၀ ရက်အထိ ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း သိရသည်။ လူဦးရေ ၈၃ သန်းခန့်နေထိုင်ရာ တူရကီနိုင်ငံတွင် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၆၃၉၄၂ ဦးရှိပြီး အဆိုပါရောဂါနှင့်ဆက်စပ်သည့် ရောဂါများကြောင့် လူ ၄၅၀၀ ကျော် သေဆုံးသွားကြောင်း သိရသည်။

တူရကီအစိုးရ တာဝန်ရှိသူများသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကို အောင်မြင်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့ပြီး တူရကီနိုင်ငံအား အီတလီနှင့် ယူကေတို့ကဲ့သို့ ကိုဗစ်-၁၉ ရောဂါ အဓိကဖြစ်ပွားသည့် နေရာဖြစ်ခြင်းမှ ရှောင်ရှားရန် လုပ်ဆောင်နိုင်ခဲ့သည်။ သို့သော် တူရကီအရာရှိများသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ထိန်းချုပ်ရန် အစိုးရက ချမှတ်ထားသည့် ခပ်ခွာခွာနေရေး အစီအမံများကို လေးစားရန်နှင့် အပြင်ထွက်လျှင် နှာခေါင်းစည်းများ ဝတ်ဆင်ထားကြရန် ပြည်သူများအား တိုက်တွန်းထားကြောင်း သိရသည်။

**ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - ဂျေတီ**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| |
|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ = ၆၂၉၇၄၁၀ ဦး |
| သေဆုံးသူ = ၃၇၄၄၅၄ ဦး |
| ပြန်လည်ကျန်းမာလာသူ = ၂၈၆၅၂၇၁ ဦး |




# သဇင်မြိုင်ရဲကင်းစခန်းအား ဝင်ရောက်တိုက်ခိုက်ပြီး ဆုတ်ခွာထွက်ပြေးသွားသော AA အကြမ်းဖက်သောင်းကျန်းသူများအား လိုက်လံပိတ်ဆို့နှိမ်နင်း

**နေပြည်တော် ဇွန် ၁**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်ရှိ သဇင်မြိုင်ရဲကင်းစခန်းအား မေ ၂၉ ရက် နံနက် ၂ နာရီခန့်တွင် အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ဆုတ်ခွာထွက်ပြေးသွားသော AA အကြမ်းဖက်သောင်းကျန်းသူများအား တပ်မတော် စစ်ကြောင်းများက ကုန်းလမ်း၊ ရေလမ်းတစ်လျှောက် လိုက်လံပိတ်ဆို့နှိမ်နင်းလျက်ရှိကြောင်း။

**AA အကြမ်းဖက် သောင်းကျန်းသူများက စတင်ပစ်ခတ်တိုက်ခိုက်**

ထိုသို့ လိုက်လံပိတ်ဆို့နှိမ်နင်းလျက်ရှိရာ မေယုမြစ်အတွင်း စစ်ရေယာဉ်များဖြင့် လိုက်လံပိတ်ဆို့ ရှင်းလင်းစဉ် မေ ၃၀ ရက် ည ၉ နာရီခန့်တွင် ရသေ့တောင်မြို့နယ် ရပ်ခံ့တိုင်ကျေးရွာအနီး ရောက်ရှိစဉ် မေယုမြစ်၏ အနောက်ဘက်ကမ်းစပ်မှ AA အကြမ်းဖက် သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်သဖြင့် စစ်ရေယာဉ်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း။

အဆိုပါ ရပ်ခံ့တိုင်ကျေးရွာသည် AA အကြမ်းဖက် သောင်းကျန်းသူများ စိမ့်ဝင်လှုပ်ရှားလျက်ရှိသည့် ကျေးရွာဖြစ်ပြီး ၂၀၁၉ ခုနှစ် ဩဂုတ် ၈ ရက်တွင်လည်း ကျေးရွာအုပ်ချုပ်ရေးမှူးဖြစ်သူ၏ နေအိမ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား နှစ်ဆယ့်ငါးသိန်းခန့်နှင့် ကြိုးဆွဲလက်ပစ်ဗုံး ၃၆ လုံး၊ လမ်းလျှောက်စကားပြောစက် ၅၂ လုံး၊ မိုင်းပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ကြောင်း။

**ဆုတ်ခွာထွက်ပြေးသွား**

ထို့ပြင် တပ်မတော်စစ်ကြောင်းများက ကုန်းလမ်းတစ်လျှောက် လိုက်လံပိတ်ဆို့ရှင်းလင်းစဉ် မေ ၃၀ ရက် နံနက်ပိုင်းတွင် သဇင်မြိုင်ရဲစခန်း၏ အနောက်မြောက်ဘက် မီတာ ၄၀၀၀ ခန့်အကွာသို့ အရောက်၌ AA အကြမ်းဖက်သောင်းကျန်းသူများ ယာယီနေရာယူထားသည့် ပွိုင့်-၇၇ တောင်ကုန်းကို တွေ့ရှိရသဖြင့် လက်နက်ကြီးပစ်ကူရယူ၍ တိုက်ခိုက်ချေမှုန်းခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ပွိုင့်-၇၇ တောင်ကုန်းကို သိမ်းပိုက်ရရှိခဲ့ကြောင်း၊ အဆိုပါတောင်ကုန်းကို အသေးစိတ်ရှင်းလင်းရာ တစ်ယောက်ပစ်ကျင်း ၇၂ ကျင်း၊ နှစ်ယောက်အိပ်တဲ အလုံး၂၀ နှင့် စစ်အသုံးအဆောင် ပစ္စည်းအချို့တို့ကို တွေ့ရှိခဲ့ကြောင်း။

တပ်မတော်စစ်ကြောင်းများက ဆုတ်ခွာထွက်ပြေးသွားသော AA အကြမ်းဖက်သောင်းကျန်းသူများကို ထက်ကြပ်လိုက်လံပိတ်ဆို့လျက်ရှိကြောင်းနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# AA အကြမ်းဖက်အဖွဲ့နှင့် ဆက်စပ်ပတ်သက်သော စိတ်ကြွရူးသွပ်ဆေးပြားများ ဖော်ထုတ်ဖမ်းဆီးရမိ AA နှင့် ARSA အကြမ်းဖက်အဖွဲ့များ ပူးပေါင်း၍ တရားမဝင် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများ ရုပ်လုံးပေါ်လာ

**နေပြည်တော် ဇွန် ၁**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း AA အကြမ်းဖက်အဖွဲ့နှင့် ဆက်စပ် ပတ်သက်သည့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖော်ထုတ်ဖမ်းဆီးရမိပြီးနောက် စိစစ်ဖော်ထုတ်ချက်များအရ AA နှင့် ARSA အကြမ်းဖက်အဖွဲ့များ ပူးပေါင်း၍ တရားမဝင်မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်မှု ဆောင်ရွက်ချက်များ ယခုအခါ ရုပ်လုံးပေါ်လာကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ သတင်း ထုတ်ပြန်ချက်အရ သိရသည်။

**စိတ်ကြွရူးသွပ်ဆေးပြား ၂၄၃၇၅၀၀**

သတင်းပေးချက်များအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၃၁ ရက် နံနက် ၉ နာရီခွဲခန့်တွင် မောင်တောမြို့နယ် ကန်သာယာကျေးရွာရှိ ရွှေသိန်း (အသက် ၃၁ နှစ်) ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်ကားဂိုဒေါင်အတွင်း ရပ်ထားသည့် FORLAND အမျိုးအစား ယာဉ်အမှတ် YGN 9P-5603(ယာဉ်လိုင်စင် စိစစ်ဆဲ)ပေါ်တွင် တင်ဆောင်ထားသည့် ဆာလာအိတ် ၁၈ အိတ်အတွင်းမှ WY/R စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၄၃၇၅၀၀ (၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၄၈၇၅၀) နှင့် နေအိမ်မှ PAA-912 နံပါတ်ပါ AUSTRIA နိုင်ငံထုတ်Glock ပစ္စတိုသေနတ်တစ်လက်၊ ၎င်းကျည် ၅ တောင့်၊ မြန်မာငွေကျပ် ၄၉ သိန်း၊ မော်တော်ဆိုင်ကယ်တစ်စီးနှင့် Hijet အမျိုးအစား ယာဉ်အမှတ် YGN 1G-9180 မော်တော်ယာဉ်တစ်စီး (ယာဉ်လိုင်စင် စိစစ်ဆဲ)တို့အား တွေ့ရှိသိမ်းဆည်းရမိကြောင်း။

၎င်းနေအိမ်တွင် ရွှေသိန်းမှာ ကြိုတင်တိမ်းရှောင်သွားပြီး ၎င်း၏ဇနီးဖြစ်သူ ဒေါ်ဦးမစိန် (အသက် ၃၀ )နှင့် ဆက်စပ်ပတ်သက်သူ ငါးဦးတို့အား တွေ့ရှိဖမ်းဆီး ထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ ကနဦးစစ်ဆေးပေါ်ပေါက်ချက်များအရ ရွှေသိန်းသည် AA အကြမ်းဖက်အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ၎င်းရွာတွင် ရွာသားအသွင်နေထိုင်၍ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းချခြင်း၊ လူသစ်စုဆောင်းခြင်း တာဝန်ခံအဖြစ်ဆောင်ရွက်ကြောင်း၊ သိမ်းဆည်းရမိသည့် သေနတ်မှာ AA အကြမ်းဖက်အဖွဲ့မှ ထုတ်ပေးထားသည့် သေနတ်ဖြစ်ကြောင်း၊ ဖမ်းဆီးရမိသူ ရခိုင်တိုင်းရင်းသား ငါးဦးအနက် နှစ်ဦးမှာ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုတွင် ရွှေသိန်းနှင့်အတူ ကိုယ်တိုင်ပါဝင်ပတ်သက်သူဖြစ်ပြီး ကျန် သုံးဦးမှာ ရသေ့တောင်မြို့နယ် ပေါက်တောပြင်ကျေးရွာဇာတိများဖြစ်ကာ AA အကြမ်းဖက် သင်တန်းတက်ရောက်ရန် ရွှေသိန်းက လူသစ်စုဆောင်းထားပြီး ၎င်း၏ နေအိမ်တွင် ခေတ္တခေါ်ထားသူများ ဖြစ်ကြောင်း၊ ရွှေသိန်း၏ နေအိမ်တွင် နေထိုင်စဉ် ရွှေသိန်းစေခိုင်းသည့် မူးယစ်ဆေးဝါး သယ်ဆောင်မှု ကိစ္စများကို ဆောင်ရွက်ပေးရကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

**အဆင့်ဆင့်သယ်ဆောင်**

ယခု မူးယစ်ဆေးဝါးဖမ်းဆီးရမိသည့် ကန်သာယာကျေးရွာသည် ရခိုင်တိုင်းရင်းသားများ နေထိုင်သည့်ကျေးရွာဖြစ်ပြီး အနီးဝန်းကျင်ရှိ ကျေးရွာများမှာလည်း ရခိုင်တိုင်းရင်းသားအများစုနှင့် မြို တိုင်းရင်းသားများ နေထိုင်ရာ ကျေးရွာများဖြစ်ကြောင်း၊ အင်ဂူမော်-မောင်တောကားလမ်းတစ်လျှောက်သည် အင်ဂူမော်မှ မောင်တောအထိ ရခိုင်တိုင်းရင်းသားကျေးရွာများပင်ဖြစ်ကြောင်း၊ AA အကြမ်းဖက်အဖွဲ့သည် ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ်အကြား မေယုမြစ်အရှေ့ဘက်ကမ်းရှိရသေ့တောင် -ဘူးသီးတောင်ကားလမ်းနှင့် မေယုမြစ်ကြောင်းကို ထိန်းချုပ်ထားပြီး ၎င်းတို့ ထိန်းချုပ်ထားသည့် နယ်မြေမှတစ်ဆင့် မူးယစ်ဆေးဝါးများကို လှုဖြင့်လည်းကောင်း၊ စက်လှေ၊ မော်တော်ယာဉ်တို့ဖြင့် လည်းကောင်း အဆင့်ဆင့်သယ်ဆောင်ကာ မောင်တောမြို့ပေါ်နှင့် မောင်တောတောင်ဘက်ခြမ်းသို့ ပို့ဆောင်ကြောင်း။

မောင်တောမြို့တောင်ဘက်ခြမ်း နယ်မြေ၌ ၂၀၂၀ ပြည့်နှစ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိ အမှုပေါင်း ၁၃ မှုနှင့် ဖမ်းဆီးရမိပမာဏမှာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၉၅၀၃၇၉ ပြား ရှိကြောင်း၊ ဖမ်းဆီးရမိပါဝင်ပတ်သက်သူ တရားခံများမှာ ဖမ်းမိတရားခံ ၁၇ ဦး၊ ပြန်လည်ခုခံ တိုက်ခိုက်သဖြင့် ပစ်ခတ်အသေ ဖမ်းဆီးရမိသူ တစ်ဦးနှင့် တရားခံပြေး ခြောက်ဦးတို့ ဖြစ်ကြောင်း၊ မောင်တောမြို့မှတစ်ဆင့် မောင်တောမြောက်ဘက်ခြမ်း နယ်မြေအား ဖြတ်သန်းပြီး တစ်ဖက်နိုင်ငံ နယ်စပ်သို့ မူးယစ်ဆေးဝါး ဆက်လက်ပို့ဆောင်သူများမှာ ARSA အကြမ်းဖက်အဖွဲ့နှင့် ဆက်စပ်သူများ ဖြစ်ကြောင်း။

၂၀၁၉ ခုနှစ်ကုန်ပိုင်း မောင်တောမြို့ပေါ်တွင် ဖမ်းဆီးရမိသူ မြင့်စိုးက မော်တော်ယာဉ်ဖြင့် သယ်ဆောင်လာပြီး မောင်တောမြို့ မြို့မကည်တန်း (အလယ်) ကျေးရွာနေ ဇော်ဝင်း(ခ) နော်ဘီမုလ်ဂျူဟာရ်ထံသို့ လာရောက်ပို့ဆောင်သည့် WY/R စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ် ဆေးပြား ၈၇၇၅၀၀၀ ကို မော်တော်ယာဉ်နှင့်အတူ ဖမ်းဆီးရမိမှုမှ လက်ခံမည့်သူ ဇော်ဝင်း(ခ) နော်ဘီမုလ်ဂျူဟာရ်မှာ တရားခံပြေးဖြစ်နေပြီး မေ ၃၀ ရက်တွင် ၎င်း၏နေအိမ်အား အတည်ပြု စိစစ်ရှာဖွေရာ နေအိမ်မြေအောက်ခန်းအတွင်းမှ WY/R စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၇၀၉၀၇၀၀ နှင့်အတူ ဖခင်ဖြစ်သူ ဂျူဟာရ်ဟူဆိန်းနှင့် ဇနီးဖြစ်သူ မရေခါယာဒ်ဖာတေမာတို့ နှစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိသည့် ဖြစ်စဉ်နှင့် မူးယစ်ဆေးဝါး အရေအတွက်များပြားသော ဖော်ထုတ်ရရှိမှု အပါအဝင် မောင်တောမြို့မြောက်ဘက်ခြမ်း နယ်မြေအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိ အမှုပေါင်း ၃၉ မှုနှင့် ဖမ်းဆီးရမိပမာဏမှာ စိတ်ကြွရူးသွပ်ဆေးပြား ၈၁၂၆၆၅၇ ပြားရှိကြောင်း။

**ချိတ်ဆက်ပူးပေါင်း**

ဖမ်းဆီးရမိ ပါဝင်ပတ်သက်သူ တရားခံများမှာ ဖမ်းမိတရားခံ ၄၅ ဦး၊ ပြန်လည်ခုခံ တိုက်ခိုက်သဖြင့် ပစ်ခတ်အသေ ဖမ်းဆီးရမိသူ လေးဦးနှင့် တရားခံပြေး ခြောက်ဦးတို့ဖြစ်ကြောင်း တွေ့ရှိဖမ်းဆီးရမိမှု ဖြစ်စဉ်များနှင့် စိစစ်ဖော်ထုတ်ချက်များအရ AA အကြမ်းဖက်အဖွဲ့နှင့် ARSA အကြမ်းဖက် အဖွဲ့တို့သည် ချိတ်ဆက်ပူးပေါင်း၍ တရားမဝင် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုမှ ရရှိသော အကျိုးအမြတ်များဖြင့် ၎င်းတို့အဖွဲ့ ရပ်တည်ရေးနှင့် တရားမဝင်လက်နက်ခဲယမ်းများ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပြီး ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားရေးအတွက် လက်နက်စွဲကိုင်အကြမ်းဖက် ဆောင်ရွက်မှုများ တွေ့ရှိရကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။




**သတင်းစဉ်**

# ကိုဗစ်- ၁၉ ထုတ်ပြန်ချက်



## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၁-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၁-၆-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် ဆေးသုတေသနဦးစီးဌာန (DMR)မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၅၉) ခုနှင့် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ(၄၆၀)ခု၊ စုစုပေါင်း (၅၁၉)ခုတွင်-

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

၂။ (၁-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာ (၂၂၈) ဦး ရှိပါသည်။

၃။ (၁-၆-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ် ဆက်တိုက် ပိုးမတွေ့ရှိသူ စုစုပေါင်း (၁၃၈) ဦးရှိပြီး ၎င်းတို့ အနက် (၁၂၈) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီး ဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၃၁-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁-၆-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၉) ဦး ရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၁-၆-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR)မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၉) ခု |
| (၁-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄၆၀) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၂၂၈) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၁၃၈) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၁-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၃၁-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၇၃၄) ခုနှင့် ရန်ကုန်မြို့၊ အမှတ်(၁)တပ်မတော် ဆေးရုံကြီး (ခုတင်-၁,၀၀၀)မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၀၃) ခု၊ စုစုပေါင်း (၈၃၇) ခုတွင် -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၄) ဦးတွေ့ရှိရသည်။

၂။ သို့ဖြစ်ပါ၍ (၃၁-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ(၁၂၇၉)ခု၊ ဆေးသုတေသနဦးစီးဌာန(DMR) တို့မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၇၈) ခု၊ ရန်ကုန်မြို့၊ အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁,၀၀၀)မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၀၃) ခု၊ စုစုပေါင်း (၁,၅၆၀)ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦးတွေ့ရှိရသည်။

၃။ (၁-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၂၈) ဦးရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၃၁-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ဒုတိယအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၇၃၄) ခု |
| (၃၁-၅-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော် ဆေးရုံကြီး (ခုတင်-၁,၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၁၀၃) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၄) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၄) ဦး | (၂၂၈) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၁၃၈) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**COVID-19ရောဂါအတွက်ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၁-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

| လူနာအမှတ်စဉ် | အသက် | ကျား/မ | [illegible] | COVID-19 ရောဂါ အတည်ပြုလူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/မရှိ | ယခု ဆေးကုသမှု ခံယူလျက်ရှိသည့်/ ခံယူစေမည့် ဆေးရုံ | COVID-19 ပိုးတွေ့ရှိ/ မတွေ့ရှိ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 225 | ၃၂ နှစ် | ကျား | လှိုင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တပ်မတော် အသည်းရောဂါအထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ရန်ကုန်တိုင်းဒေသကြီး) |
| 226 | [illegible] နှစ် | ကျား | လှိုင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တပ်မတော် အသည်းရောဂါအထူးကုဆေးရုံကြီး | တွေ့ရှိ | |
| 227 | ၃၂ နှစ် | ကျား | လှိုင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တပ်မတော် အသည်းရောဂါအထူးကုဆေးရုံကြီး | တွေ့ရှိ | |
| 228 | [illegible] နှစ် | ကျား | လှိုင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တပ်မတော် အသည်းရောဂါအထူးကုဆေးရုံကြီး | တွေ့ရှိ | |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## COVID-19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

COVID-19 ကာလမှာ မိမိတစ်ဦးတည်းသာမက လူတိုင်း စိတ်ဖိစီးမှုများခံစား နေကြရတယ်ဆိုသည့်အချက်ကို သတိပြုမိလျှင် အခြားသူတွေအပေါ်မှာလည်း ကိုယ်ချင်းစာစိတ် ပိုမိုဖြစ်ပေါ်လာစေပါသည်။

ကိုယ်ချင်းစာစိတ်သည် လူတစ်ဦးနှင့် တစ်ဦးကြား အမုန်းတရားပွားများမှုကို လျော့နည်းစေပါသည်။ ပြဿနာရပ်များကို ကြိုးစားလက်ခံဖြေရှင်းနိုင်စွမ်းလည်း မြင့်မားစေပါသည်။

ဒီလိုနည်းနှင့် စိတ်ဖိစီးမှုများကို လျှော့ချနိုင်ကာ ခံနိုင်ရည်ရှိပြီး တစ်ဦးချင်းစီက COVID-19 ကာလ၏ ဒုက္ခများကို ရင်ဆိုင်ဖြေရှင်းနိုင်သည့်အဆင့်သို့ ရောက်ရှိအောင် ကြိုးစားသင့်ကြောင်း အသိပေးတိုက်တွန်းလိုပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်**
**မြန်မာနိုင်ငံ ဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)**

# ကိုရိုနာဗိုင်းရပ်စ်နဲ့ တူညီစွာကျော်ဖြတ်ကြမယ် ဘဝသစ်ဆီသို့ကွယ် ...

❒ (ပါမောက္ခသိန်း၊ ဆေးတက္ကသိုလ်-၁-ရန်ကုန်)

**အရာဝတ္ထု တစ်ခုခုကို ကိုင်တွယ်ပြီးတိုင်း၊ အပြင်ကပြန်လာတိုင်း လက်ကို ဆပ်ပြာနဲ့ စက္ကန့် ၂၀ ကြာအောင် စနစ်တကျ လက်ဆေးခြင်း၊ ဆပ်ပြာမရနိုင်တဲ့ မလွယ်တဲ့အချိန်နေရာဆိုရင် Alcohol ၇၀ ရာခိုင်နှုန်းပါတဲ့ လက်သန့်ဆေးရည် Hand Sanitizer နဲ့ လက်ဆေးခြင်း၊ တတ်နိုင်သမျှ မျက်နှာ T-Zone ကို လက်နဲ့မထိအောင် သတိထားခြင်းဟာ အလွန်အရေးကြီးတဲ့ အပြုအမူအလေ့အကျင့်ပါ**

*(ယမန်နေ့မှအဆက်)*

ဒီလို ကူးစက်ရောဂါတွေကို ကာကွယ်ထိန်းချုပ်ရာမှာ ကာကွယ်ဆေးက အရေးကြီးတဲ့အခန်းကဏ္ဍမှာ ရှိနေပါတယ်။ ကာကွယ်ဆေးအသစ်တစ်ခု ထွက်ဖို့ဆိုတာ လွယ်လွယ်နဲ့တော့ မဖြစ်နိုင်ပါဘူး။ ပုံမှန်အားဖြင့်ဆိုရင် သုံးလေးနှစ်ကြာမှ လူအများအသုံးပြုနိုင်တဲ့ အဆင့်ရောက်လေ့ရှိပါတယ်။ အခု ဒီကာကွယ်ဆေးကို ကမ္ဘာ့နိုင်ငံ အတော်များများမှာ စမ်းသပ်တီထွင် ထုတ်လုပ်နေကြပါတယ်။

**စမ်းသပ်လေ့လာ**

၂၀၂၀ ပြည့်နှစ် မတ်လမှာ အမေရိကန်နိုင်ငံ Seattle, Washington က Moderna ကုမ္ပဏီက mRNA (messenger RNA) vaccine ကို ကျန်းမာသန်စွမ်းတဲ့ အစမ်းသပ်ခံ စေတနာ့ဝန်ထမ်း ၄၅ ယောက်နဲ့ Phase 1 Clinical Trial စလုပ်ခဲ့တယ်။ အသက် ၁၈ နှစ်မှ ၅၅ နှစ်အတွင်း စေတနာ့ဝန်ထမ်း ၄၅ ယောက်ကို ကာကွယ်ဆေးနှစ်လုံးကို ၂၈ ရက်ခြား (၂)ကြိမ်ထိုးပြီး စမ်းသပ်လေ့လာမှုလုပ်ခဲ့ပါတယ်။ အဲဒီကုမ္ပဏီဟာ ယခင်က အခြား mRNA Vaccine တွေကို အောင်အောင်မြင်မြင် ထုတ်လုပ်ခဲ့ဖူးတဲ့ ကုမ္ပဏီတစ်ခုပါ။

ဒါကြောင့်လည်း ဒီလို ကမ္ဘာ့ကပ်ရောဂါလိုဖြစ်နေတဲ့ အချိန်မှာ ပုံမှန်ကာကွယ်ဆေးတွေ ထုတ်လုပ်ရင် လုပ်နေကျ တိရစ္ဆာန်နဲ့စမ်းသပ်ခြင်းအဆင့်ကို မလုပ်စေတော့ဘဲ ကျော်လိုက်ပြီး လူမှာ တိုက်ရိုက်စမ်းသပ် ထိုးနှံစေတာပါပဲ။ အဲဒီ mRNA- 1273 ကာကွယ်ဆေး ရဲ့ အခုအထိရလဒ်က အားရဖွယ်ဖြစ်တာမို့ အမေရိကန် FDA က Phase 2 Trail ဒုတိယအဆင့်စမ်းသပ်မှုကို လူ ၆၀၀ နဲ့ စမ်းသပ်ခွင့်ပြုလိုက်လို့ ဆက်လုပ်နေကြပါပြီ။

ဧပြီလကုန်မှာလည်း University of Pennsylvania က Inovio ကုမ္ပဏီက ယခင် DNA MERS ရောဂါတုန်းက ထုတ်လုပ်သုံးစွဲခဲ့တဲ့ Vaccine ကို Coronavirus နောက်အသစ်တစ်မျိုးဖြစ်တဲ့ SARS – CoV- 2 အတွက် အသုံးပြုနိုင်မယ့် ကာကွယ်ဆေးအဖြစ် ပြုပြင်တီထွင်နိုင်ဖွယ်ရှိတာမို့ INO-4800 လို့ အမည်ပေးထားတဲ့ ကာကွယ်ဆေးအသစ်ကို U Penn and the Center for Pharmaceutical Research in Kansas City, Missouri မှာ လူ ၄၀ ကို (၂) ကြိမ်ထိုးပြီး စမ်းသပ်နေပါတယ်။

ကာကွယ်ဆေးနဲ့ပတ်သက်လို့ ဗြိတိန်နိုင်ငံ Oxford University က Professor Sarah Gilbert ဦးစီးပြီး လုပ်နေတဲ့ သုတေသနကတော့ အကြီးဆုံးနဲ့ အားရစရာ အကောင်းဆုံးပါပဲ။ အဲဒီသုတေသန စမ်းသပ်မှုက ဒီဗိုင်းရပ်စ်ပိုးကို မျိုးဗီဇနည်းပညာနဲ့ ပြုပြင်ပြောင်းလဲပြီး လူကိုထိုးပေးရင် ရောဂါလက္ခဏာမပြဘဲ ရောဂါကို ကာကွယ်မယ့်အခြေအနေရအောင် လုပ်ဆောင်နိုင်မယ့် ကာကွယ်ဆေး (ChAdOx1 nCoV-19) ကို Phase အဆင့်ဆင့်နဲ့ စမ်းသပ်တီထွင်ထုတ်လုပ်နေကြပါတယ်။

**အောင်မြင်မှု ၈၀ ရာခိုင်နှုန်းအထက်ရှိ**

Phase 1 ကို ၂၀၂၀ ပြည့်နှစ် ဧပြီလ ၂၃ ရက်မှာ စခဲ့ပြီး အသက် ၁၈ နှစ်မှ ၅၅ နှစ်အထိ စေတနာ့ဝန်ထမ်းတွေမှာ စတင်ထိုးပြီးစမ်းသပ်ခဲ့ပါပြီ။ ရလဒ်တွေကောင်းတာမို့ Phase 2 မှာ အသက် ၅၅ နှစ် မှ ၇၀ အထိနဲ့ နောက်ပိုင်း အသက် ၇၀ အထက်ကိုပါ ဆက်လက်စမ်းသပ်နေပါပြီ။ စမ်းသပ်တွေ့ရှိမှုတွေအရ အောင်မြင်မှု ၈၀ ရာခိုင်နှုန်း အထက်ရှိနေတာမို့ Phase 3 အဆင့်(၃) ကို လူ ၆၀၀၀ နဲ့ ဆက်လက်ဆောင်ရွက်နေကြပါတယ်။ Oxford Team ရဲ့ အဆိုအရ စက်တင်ဘာလကုန် အောက်တိုဘာလလောက်မှာ ကာကွယ်ဆေး စတင်သုံးစွဲနိုင်လောက်တယ်လို့ သိကြရပါတယ်။

ဩစတြေးလျနိုင်ငံမှာလည်း University of Queensland in Australia က ကာကွယ်ဆေးတစ်မျိုးကို viral proteins in cell cultures ကနေ ဧပြီလကတည်းက ကြိုးစားထုတ်လုပ်နေကြပါတယ်။ ဒီ ကိုဗစ်-၁၉ စဖြစ်ခဲ့တဲ့ တရုတ်ပြည်မကြီးမှာလည်း ကာကွယ်ဆေးအတွက် လေ့လာစမ်းသပ် ရှာဖွေလျက်ရှိပါတယ်။ ဗိုင်းရပ်စ်ပိုးကို ဓာတုဗေဒနည်းနဲ့ ရောဂါမဖြစ်စေဘဲ ကာကွယ်မှု ဓာတ်ပဲထွက်အောင်ပြုပြင်ထားတဲ့ (Chemically inactivated versions of virus ) ကို Sinovac ကုမ္ပဏီမှာ တစ်နေရာ Phase 1 အနေနဲ့ ပြုလုပ်နေကြသလို နာမည်ကျော် Beijing Institute of Biological Products မှာတော့ လူ ၅၀၀ နဲ့ Phase 2 အဆင့်ရောက်အောင် ဆောင်ရွက်နေကြပါတယ်။

ဒါ့အပြင် ကိုရီးယား၊ ဂျာမနီနိုင်ငံတွေမှာလည်း ကာကွယ်ဆေးအတွက် ကြိုးပမ်းထုတ်လုပ်နေကြသလို ဂျပန်နိုင်ငံတွင်လည်း ဇူလိုင်လကုန်တွင် လူတွေမှာ ကာကွယ်ဆေးကို စမ်းသပ်တော့မှာဖြစ်ပါတယ်။

**ကုထုံးတွေ စမ်းသပ်ရှာဖွေ**

ဒီ ကိုဗစ်-၁၉ ရောဂါရဲ့ ကုသမှုနဲ့ပတ်သက်ပြီး နောက်ထပ်ကုထုံးတွေလည်း စမ်းသပ်ရှာဖွေတွေ့ရှိထားတာလေးတွေရှိပါသေးတယ်။ တစ်ခုကတော့ Convalescent Plasma ခေါ်တဲ့ ကုသမှုပါ။ ကိုဗစ်-၁၉ ရောဂါဖြစ်ပြီး နာလန်ထကာ လုံးဝပြန်နေကောင်းလာပြီး ရောဂါလက္ခဏာ လုံးဝ မရှိတော့ဘဲ ရောဂါကို တိုက်ဖျက်နိုင်တဲ့ဓာတ် လုံလုံလောက်လောက်ရှိနေတဲ့ နာလန်ထပုဂ္ဂိုလ်ရဲ့ သွေးရည်ကြည်ကို သွင်းပြီးကုသခြင်းပါပဲ။ လောလောဆယ်တော့ Severe cases အလွန်ရောဂါပြင်းထန်တဲ့ လူနာတွေကိုပဲ စမ်းသပ်ကုသနေပါတယ်။ သွေးရည်ကြည်ဆိုတာလည်း သွေးရဲ့ အစိတ်အပိုင်းပဲမို့ သွေးသွင်းရင် ဂရုစိုက်ရမယ့်အချက်တွေ အများကြီးရှိနေသလို အဲဒီအလှူရှင်အနေနဲ့ ရောဂါလုံးဝ ကင်းစင်ရုံမက လုံလောက်တဲ့တိုက်ဖျက်တဲ့ ခုခံပစ္စည်း Antibodies ရှိ၊ မရှိကိုလည်း သေသေချာချာ စမ်းသပ်တိုင်းတာကြရမှာဖြစ်ပါတယ်။

နောက်ထပ်ကုထုံးတစ်ခုကတော့ Monoclonal Antibody ခေါ်တဲ့ ကိုရိုနာဗိုင်းရပ်စ်ကနေ ဓာတ်ခွဲခန်းမှာ ပြုပြင်တီထွင်ထားတဲ့ အဲဒီဗိုင်းရပ်စ်ကို တိုက်ဖျက်ခုခံနိုင်တဲ့ ပရိုတိန်းတစ်မျိုးကိုပေးပြီး ကုသခြင်းပါ။ ဒီကုထုံးကို နယ်သာလန်နိုင်ငံ Utrecht University , Erasmus Medical Center and Global Pharmaceutical Company , Harbour BioMed တို့က စမ်းသပ်တာ ရလဒ်ကောင်းတွေ တွေ့ရတယ်လို့ Nature Communication Journal မှာ ဖော်ပြထားပါတယ်။ အလားတူကုထုံးနဲ့ စမ်းသပ်ကုသမှုကို အစ္စရေးနိုင်ငံက State run Israel Institute for Biological Research (IIBR) မှာပြုလုပ်နေသလို India, Hyderabad Bharat Biotech, New Millennium IndiaTechnology Leadership Institute မှာလည်း စမ်းသပ်နေကြပါတယ်။

ဆိုလိုတာကတော့ ဒီ ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီး အတွက် ပျောက်အောင်ကုသတဲ့ဆေးရော ၊ မဖြစ်အောင် ကာကွယ်တဲ့ ကာကွယ်ဆေးနှစ်မျိုးစလုံးကို ကမ္ဘာ့အနှံ့ အထူးဝီရိယစိုက် စမ်းသပ်ရှာဖွေနေကြသော်လည်း အခုထိ ရာနှုန်းပြည့်အောင်မြင်မှု မရသေးဘဲ ၂၀၂၀ ပြည့်နှစ်ကုန်တဲ့ အထိတောင် ဖြစ်၊ မဖြစ်ဆိုတာ သိပ်မသေချာလှသေးပါဘူး။

ဒီ ကိုဗစ်-၁၉ ကပ်ရောဂါ စဖြစ်လာပြီး ကမ္ဘာ့အနှံ့ ပြန့်လာတဲ့အခါ နိုင်ငံတိုင်းက ကိုယ့်တိုင်းပြည်ရဲ့ အခြေအနေအရ ကိုယ့်နည်းကိုယ့်ဟန်နဲ့ကိုယ် ကိုင်တွယ်ဆောင်ရွက်ကြပါတယ်။ အဓိကအောင်မြင်စေတဲ့ အချက်တွေကတော့ ရောဂါ ရှိ၊ မရှိ နှာခေါင်းနဲ့ အာခေါင်တို့ဖတ်မှ ပိုးရှာဖွေခြင်း (Test, Test, Test ) လို့တောင် WHO က လုပ်ခိုင်းခဲ့တာပါ။ Test positive ရောဂါပိုးတွေ့တဲ့လူတွေကို သီးသန့်ခွဲပြီး နေစေခြင်း၊ ရောဂါပိုးရှိသူတွေနဲ့ အနီးကပ်ထိတွေ့ ဆက်ဆံခဲ့သူတွေ (အထူးသဖြင့် ၃ ပေမှ ၆ ပေအတွင်း ၁၅ မိနစ်ကြာအတူ အနီးကပ်နေခဲ့ခြင်း)ကို လိုက်လံရှာဖွေပြီး သူတို့ကိုလည်း သီးသန့်ခွဲပြီးနေစေခြင်းပါ။ ဒီရောဂါ ကူးစက်တာ အဓိကကတော့ Droplet Spread (နှာခေါင်းနဲ့ အသက်ရှူလမ်းကြောင်းကထွက်တဲ့ အမှုန်အမွှား) ဖြစ်ပြီး အဲဒီအမှုန်အမွှားတွေ ကျရောက်နေ၊ ထိနေတဲ့ မျက်နှာပြင်တွေကို လက်နဲ့ထိတွေ့ကိုင်တွယ်မိပြီး အဲဒီလက်နဲ့ T-Zone လို့ခေါ်တဲ့ မျက်စေ့မျက်လုံး နှစ်စုံ၊ နှာခေါင်း၊ ပါးစပ်တွေကို ထိတွေ့မိတာကြောင့်ပါ။ ဒါကြောင့် အရာဝတ္ထုတစ်ခုခုကို ကိုင်တွယ်ပြီးတိုင်း၊ အပြင်ကပြန်လာတိုင်း လက်ကို ဆပ်ပြာနဲ့ စက္ကန့် ၂၀ ကြာအောင် စနစ်တကျ လက်ဆေးခြင်း၊ ဆပ်ပြာမရနိုင်တဲ့ မလွယ်တဲ့အချိန်နေရာဆိုရင် Alcohol ၇၀ ရာခိုင်နှုန်းပါတဲ့ လက်သန့်ဆေးရည် Hand Sanitizer နဲ့ လက်ဆေးခြင်း၊ တတ်နိုင်သမျှ မျက်နှာ T-Zone ကို လက်နဲ့မထိအောင် သတိထားခြင်းဟာ အလွန်အရေးကြီးတဲ့ အပြုအမူအလေ့အကျင့်ပါ။

**လေထုထဲက ပြန့်ပွားနိုင်**

ဒီရောဂါ စဖြစ်ခါစကတော့ Surgical Mask ဆိုတဲ့ နှာခေါင်းစည်းကို လူနာတွေကိုပြုစုကုသနေတဲ့ ကျန်းမာရေးဝန်ထမ်း Health Care Workers တွေကိုသာ တပ်ဖို့ တိုက်တွန်းပြီး အများပြည်သူတွေက မလိုဘဲ မတပ်ကြခြင်းဖြင့် ကျန်းမာရေးဝန်ထမ်းတွေအတွက် ထားပေးကြဖို့ ပြောခဲ့ရာက နောက်ပိုင်း ရောဂါပိုပြန့်ပွားလာတဲ့အပြင် ကူးစက်မှုကလည်း Airborne Transmission လေထုထဲက ပြန့်ပွားနိုင်သလို ယူဆလာတဲ့အခါမှာတော့ အိမ်အပြင်ထွက်တဲ့ လူတိုင်း နှာခေါင်းစည်းတပ်ကြဖို့ တိုက်တွန်း ခဲ့ကြရပါတယ်။ လူတစ်ဦးကနေတစ်ဦး ကူးစက်ခြင်းလျော့နည်းအောင် Physical (Social) Distancing လို့ခေါ်တဲ့ လူတစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာနေကြခြင်းကိုလည်း ကျင့်သုံးစေကြပါတယ်။

ရောဂါပိုးတွေ့ရှိတဲ့ လူတွေမှာလည်း တချို့နိုင်ငံတွေမှာ အိမ်မှာပဲနေခိုင်းပြီး အသက်ရှူကျပ်လာမှ ဆေးရုံတင်ကြတဲ့ နိုင်ငံတွေရှိသလို ရောဂါပိုးတွေ့ပြီး ရောဂါလက္ခဏာမရှိ၊ မပြသေးတဲ့လူနဲ့ ရောဂါလက္ခဏာ လုံးဝမရှိ၊ မပြတဲ့လူတွေကို ဆေးရုံတင် စောင့်ကြပ်ကြည့်ရှုပြီး လိုသလိုကုသမှုလုပ်တဲ့နိုင်ငံတွေလည်း ရှိပါတယ်။ ဒီရောဂါ ကူးစက်ခံရတဲ့ လူတွေမှာ ၈၀-၈၅ ရာခိုင်နှုန်းက အပရိကလောက်နဲ့ပြီးသွား၊ ပျောက်သွားတတ်တာမို့ တချို့နိုင်ငံကြီးတွေက ဒီရောဂါကို လျှော့တွက်ခဲ့ကြပြီး လူထုထဲမှာ ရောဂါပိုးပြန့်ပြီး Herd Immunity ခေါ်တဲ့ လူအုပ်စုလိုက် ရောဂါခုခံတိုက်ခိုက်နိုင်စွမ်းပေါ်အောင် ရောဂါရှိတဲ့လူတွေကို ပြုစုကုသမှု သိပ်မလုပ်ကြဘဲ တမင်လွှတ်ထားခဲ့ကြတဲ့သဘောနဲ့ လုပ်ခဲ့ကြပါတယ်။

ရောဂါကို လျှော့တွက်ခဲ့လို့ အင်္ဂလန်လိုနိုင်ငံကြီးမှာ အဲဒီလိုလူနာတွေကို ရှေ့တန်းမှာ ကြည့်ရှုကုသပေးနေရတဲ့ ဆရာဝန်၊ ဆရာမ၊ ကျန်းမာရေးဝန်ထမ်းတွေကို လုံလောက်တဲ့ အကာအကွယ်ပစ္စည်းတွေဖြစ်တဲ့ PPE, N-95 Respirator, Goggles စသည်ဖြင့် မပေးဘဲ ရိုးရိုး Surgical Mask, Scrub Suit, Apron တွေနဲ့ပဲ လုပ်ခဲ့ကြရလို့ ဆရာဝန်၊ ဆရာမ ၊ ကျန်းမာရေးဝန်ထမ်းတွေ ရာနဲ့ချီပြီး ရောဂါကူးစက်ကြရပြီး အသက်ဆုံးပါးသွားကြရတဲ့အထိ ဖြစ်ခဲ့ရပါတယ်။

မိမိတို့နိုင်ငံအနေနဲ့ ကိုယ့်နိုင်ငံအခြေအနေအပေါ် မူတည်ပြီး ဆောင်ရွက်ခဲ့ကြရာမှာ တိုင်းပြည်ရဲ့ ဘဏ္ဍာရေးကြောင့် စမ်းသပ်မှု Test ကို ပထမပိုင်းမှာ အများကြီးမလုပ်နိုင်ခဲ့ပေမယ့် ကျန်တဲ့လုပ်ဆောင်ချက်တွေကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဦးဆောင်မှုနဲ့ ဌာနဆိုင်ရာ အဆင့်ဆင့်သော ဝန်ထမ်းများရဲ့ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်မှု၊ ပြည်သူလူထု၊ အလှူရှင်များရဲ့ သဒ္ဓါတရားအပြည့်နဲ့ လှူဒါန်းပံ့ပိုးမှုတွေနဲ့ လက်ရှိအနေနဲ့ ထိန်းထားနိုင်တဲ့ အခြေအနေဖြစ်နေပါတယ်။

**အဘက်ဘက်မှာ ထိခိုက်ယုတ်လျော့**

အပေါ်မှာ ဖော်ပြခဲ့သလို ဒီ ဗိုင်းရပ်စ်ပိုးက အသစ်မို့လို့ သူ့အကြောင်းကို လေ့လာနေဆဲဖြစ်ပေမယ့် သေချာတာကတော့ ဒီ ကိုဗစ်-၁၉ ရောဂါဟာ လောကကြီးကနေ လုံးဝပျောက်ကွယ်သွားမှာမဟုတ်ဘဲ ဆက်ရှိနေတော့မှာပါ။ ဒီရောဂါဟာ လူသားတွေကို ကျန်းမာရေး ထိခိုက်ရုံ တင်မကပါဘူး ။ ခရီးအသွားအလာတွေပိတ်၊ အလုပ်ရုံ၊ စက်ရုံတွေပိတ်၊ ကျောင်းတွေပိတ်၊ ပန်းခြံတွေ၊ ကစားကွင်းတွေ အပန်းဖြေစခန်း၊ ကမ်းခြေတွေပိတ်၊ လူသားအားလုံးကိုယ့်အိမ်မှာပဲနေပြီး တစ်ယောက်နဲ့တစ်ယောက် ခပ်ဝေးဝေးနေ၊ လုံးဝ ပိတ်ဆို့မှုတွေ လုပ်နေကြရတာမို့ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ဆက်ဆံပေါင်းသင်းရေး အဘက်ဘက်မှာ ထိခိုက်ယုတ်လျော့နေတာ အငြင်းပွားစရာမရှိပါဘူး။ အခု ဒီရောဂါဆိုးကြီးဟာ နိုင်ငံအတော်များများမှာ ဖြစ်ပွားမှုတန့်သွားပြီး အချို့နိုင်ငံတွေမှာ ဖြစ်ပွားမှုကျဆင်းလာကာ ပထမလှိုင်း ပြီးသွားလောက်ပြီလို့ ယူဆနေတဲ့ နိုင်ငံတွေလည်း ပေါ်ပေါက်လာပါတယ်။ ဖြစ်ပွားမှု မကျသေးလို့ အရေးပေါ်အခြေအနေတို့၊ ပိတ်ဆို့မှုတို့ကို ဆက်တိုးမြှင့်ဆဲ တိုင်းပြည်တွေလည်း ရှိနေသေးပါတယ်။

အဲဒီလို ဖြေလျှော့ကြတဲ့အခါ တချို့က အချက်ကြီးလေးချက်ကိုမူတည်ပြီး ဆောင်ရွက်ဖို့လိုတယ်လို့ ယူဆကြပါတယ်။ (၁) ရောဂါကူးစက်မှု အဆင့် အခြေအနေ၊ (၂) ပြည်သူလူထုရဲ့ လက်ခံနိုင်မှုသဘောထား၊ (၃)ပြည်သူ့ကျန်းမာရေး စွမ်းဆောင်နိုင်မှုအတိုင်းအတာနဲ့ (၄) ကျန်းမာရေးစနစ်ကြီးတစ်ခုလုံးရဲ့ မျှဝေသုံးစွဲဆောင်ရွက်နိုင်မှုတို့ပဲ ဖြစ်ပါတယ်။

ပထမဆုံးအချက် ရောဂါကူးစက်မှု အဆင့်အခြေအနေ infection status နဲ့ပတ်သက်လို့ (က) ရောဂါဖြစ်ပွားမှုနှုန်းနဲ့ တွက်ချက်ကြပါတယ်။ အဲဒါကတော့ သတ်မှတ်ထားတဲ့ အချိန်အတိုင်းအတာတစ်ခုအတွင်းမှာ ဖြစ်နိုင်ခြေရှိနေတဲ့ လူတွေထဲမှာ တွေ့ခဲ့ဖြစ်ခဲ့တဲ့ လူနာအသစ် (the number of new cases within a time period, as a proportion of the number of people at risk) ကို မူတည်ပြီးတွက်လေ့ရှိပါတယ်။ လူနာအသစ်တွေ့ရှိမှုနှုန်းနည်းလာခြင်းဟာ ရောဂါပိုးပျံ့နှံ့မှု လျော့နည်းသွားတာ တစ်နည်းအားဖြင့် ရောဂါဖြစ်နှုန်း တန်းသွားတာလို့ ယူဆလို့ရပါတယ်။

**နည်းနိုင်သမျှ နည်းဖို့လို**

ဒီလိုကူးစက်ရောဂါတွေ ကူးစက်ပြန့်ပွားတဲ့အခါ the basic reproduction number (Ro) လို့ခေါ်တဲ့ အခြေခံပိုးပွားနှုန်း နည်းနိုင်သမျှနည်းဖို့လိုပါတယ်။ (Ro) should be below 1 (ခ) နောက်တစ်ချက်က ရောဂါကူးစက်သွားတဲ့လူ နှစ်ဆဖြစ်အောင် စုစုပေါင်း ဘယ်နရက်လိုမလဲ (the doubling rate of infection)၊ အဲဒီ doubling rate က နှစ်ပတ်ကနေ တစ်လလောက်ဖြစ်ပြီဆို ပိတ်ဆို့မှုတွေ ဖြေလျှော့နိုင်ဖွယ်ရှိတယ်လို့ ယူဆကြပါတယ်။ (ဂ) တတိယအချက်အနေနဲ့ ပိုးရှိနေတဲ့ လူတွေကနေ ထိတွေ့မိနိုင်တဲ့ Contact တစ်ယောက်ထက် နည်းရပါမယ်။ ဆိုလိုတာက ပိုးရှိတဲ့လူ ၁၀ ယောက်ကနေ Contact ၁၀ ယောက်နဲ့အောက် ဖြစ်ရမယ့်သဘောပါ။ (ဃ) နောက်ဆုံးအချက်ကတော့ testing positivity rate ခေါ်တဲ့ လူအများအပြားစစ်တဲ့ထဲက ပိုးတွေ့တဲ့လူ ၅ ရာခိုင်နှုန်းထက် မများသင့်ပါဘူး။ အဲဒီ (၄) ချက်ကနေ ရောဂါကူးစက်မှု အဆင့်အခြေအနေ infection status ကို တွက်ချက်မှန်းဆကြပါတယ်။

ပြည်သူလူထုရဲ့ လက်ခံနိုင်မှုသဘောထားကလည်း Exit Strategy အတွက် အရေးကြီးတဲ့ အချက်ပါ။ ဒီအချက်ကိုစဉ်းစားတဲ့အခါ ပြည်သူလူထုရဲ့ ကျန်းမာရေးအသိသာမက စီးပွားရေး၊ နိုင်ငံရေး၊ လူမှုဆက်ဆံရေးတွေပါ အကုန်ထည့်စဉ်းစားကြရမှာပါ။ ရောဂါကိုကြောက်ပြီး တစ်သက်လုံး Stay at Home တွေ၊ Lockdown တွေ လုပ်နေလို့ မဖြစ်နိုင်သလို၊ စီးပွားရေး၊ လူမှုရေးတွေအတွက် မတ်လမတိုင်ခင်က နေခဲ့သလို၊ လုပ်ခဲ့သလိုလည်း နေလို့၊ လုပ်လို့ မဖြစ်နိုင်တော့ပါဘူး။ Social Distancing ကတော့ လပေါင်းများစွာ ဆက်ရှိနေလုပ်နေကြရမှာပါ။ ။

*(ဆက်လက်ဖော်ပြပါမည်)*

## ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သွားလာကန့်သတ်စောင့်ကြည့်ထားသည့် တပ်မတော်သား လေးဦးတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိ

နေပြည်တော် ဇွန် ၁

ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း အိန္ဒိယနိုင်ငံမှ သင်တန်းတက်ရောက်ပြီး မေ ၂၄ ရက်တွင် မြန်မာအမျိုးသားလေကြောင်းဖြင့် ပြန်လည်ရောက်ရှိလာသည့် တပ်မတော်သား ၁၈ ဦးအား အသွားအလာကန့်သတ် သီးခြားစောင့်ကြည့်ထားလျက်ရှိပြီး အဆိုပါ တပ်မတော်သားများ၏ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်များ ရယူ၍ ၎င်းနေ့တွင်ပင် ပထမအကြိမ် စစ်ဆေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါပိုးမတွေ့ရှိရကြောင်း။

၂၀၂၀ ပြည့်နှစ် မေ ၃၀ ရက်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ အဆိုပါ တပ်မတော်သားများ စီးနင်းလိုက်ပါလာသည့် လေယာဉ်ဖြင့် လိုက်ပါလာသူများအနက် အရပ်သား အမျိုးသား ကိုးဦး၊ အမျိုးသမီး ရှစ်ဦးတို့တွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိကြောင်း သိရှိရသဖြင့် ၎င်းတပ်မတော်သားများအား ဒုတိယအကြိမ် နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်များ ရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(NHL) သို့ ပေးပို့စမ်းသပ်စစ်ဆေးရာ ဇွန် ၁ ရက် နံနက် ၇ နာရီခွဲတွင် ဓာတ်ခွဲအတည်ပြုထုတ်ပြန်ချက်အရ အရာရှိ၊ စစ်သည် ၁၈ ဦးအနက် လေးဦးတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိကြောင်း။

၎င်း အရာရှိ၊ စစ်သည်များအား တပ်မတော်က ကိုဗစ်-၁၉ ရောဂါ အထူးကုသရန် ကြိုတင်စီစဉ်ထားသည့် တပ်မတော်အသည်းရောဂါအထူးကုဆေးရုံကြီး (မင်္ဂလာဒုံ)သို့ ပို့ဆောင်၍ ကုသမှုခံယူလျက်ရှိကြောင်းနှင့် ၎င်းတို့၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်ကောင်းမွန်လျက်ရှိကြောင်း သိရှိရသည်။

၎င်းတို့နှင့် ဆက်စပ်ထိတွေ့မှုရှိခဲ့သူများကိုလည်း လိုအပ်သည့်ရောဂါရှာဖွေဖော်ထုတ်ခြင်း၊ အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

## ဇွန် ၁ ရက်တွင် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ ၄ ဦးထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၂၈ ဦးရှိသွားပြီ

နေပြည်တော် ဇွန် ၁

ယနေ့တွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူ ၄ ဦးရှိပြီး ၎င်းတို့အားလုံးမှာ အိန္ဒိယနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ အမျိုးသားများ ဖြစ်ကြောင်း၊ သို့ဖြစ်၍ ရောဂါပိုးရှိသူ စုစုပေါင်း ၂၂၈ ဦးရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၂၂၈ ဦးအနက် သေဆုံးသူ ၆ ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၁၃၈ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၁၂၈ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၂၇၀၇၇ | ၂၂၈ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၁၃၈ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၄၉၉၃

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၁၂၈ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၈၂ | ၅ |
| ၂ | ချင်း | ၉ | |
| ၃ | ပဲခူး | ၇ | ၁ |
| ၄ | စစ်ကိုင်း | ၇ | |
| ၅ | မန္တလေး | ၃ | |
| ၆ | ရှမ်း(ရှေ့) | ၃ | |
| ၇ | ရှမ်း(တောင်) | ၂ | |
| ၈ | နေပြည်တော် | ၂ | |
| ၉ | ရှမ်း(မြောက်) | ၂ | |
| ၁၀ | ကရင် | ၂ | |
| ၁၁ | ရခိုင် | ၂ | |
| ၁၂ | မကွေး | ၂ | |
| ၁၃ | ဧရာဝတီ | ၂ | |
| ၁၄ | ကချင် | ၁ | |
| ၁၅ | တနင်္သာရီ | ၁ | |
| ၁၆ | မွန် | ၁ | |
| စုစုပေါင်း | | ၂၂၈ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ၁-၆-၂၀၂၀ ရက်နေ့ ည (၈:၀၀) နာရီ

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၁၈၃၉၆၉၈ | ၅၉၉၉၂၅ | ၁၀၆၂၆၂ |
| ဘရာဇီး | ၅၁၄၉၉၂ | ၂၀၆၅၅၅ | ၂၉၃၄၁ |
| ရုရှား | ၄၁၄၈၇၈ | ၁၇၅၈၇၇ | ၄၈၅၅ |
| စပိန် | ၂၈၆၅၀၉ | ၁၉၆၉၅၈ | ၂၇၁၂၇ |
| ဗြိတိန် | ၂၇၄၇၆၂ | စိစစ်ဆဲ | ၃၈၄၈၉ |
| အီတလီ | ၂၃၂၉၉၇ | ၁၅၇၅၀၇ | ၃၃၄၁၅ |
| အိန္ဒိယ | ၁၉၄၅၀၄ | ၉၃၃၄၃ | ၅၄၄၈ |
| ပြင်သစ် | ၁၈၈၈၈၂ | ၆၈၃၅၅ | ၂၈၈၀၂ |
| ဂျာမနီ | ၁၈၃၅၆၄ | ၁၆၅၉၀၀ | ၈၆၀၅ |
| ပီရူး | ၁၆၄၄၇၆ | ၆၇၂၀၈ | ၄၅၀၆ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| စင်ကာပူ | ၃၅၂၉၂ | ၂၁၆၉၉ | ၂၃ |
| အင်ဒိုနီးရှား | ၂၆၉၄၀ | ၇၆၃၇ | ၁၆၄၁ |
| ဖိလစ်ပိုင် | ၁၈၆၃၈ | ၃၉၇၉ | ၉၆၀ |
| မလေးရှား | ၇၈၅၇ | ၆၄၀၄ | ၁၁၅ |
| ထိုင်း | ၃၀၈၂ | ၂၉၆၅ | ၅၇ |
| ဗီယက်နမ် | ၃၂၈ | ၂၉၃ | ၀ |
| မြန်မာ | ၂၂၈ | ၁၃၈ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၂ |
| ကမ္ဘောဒီးယား | ၁၂၅ | ၁၂၃ | ၀ |
| လာအို | ၁၉ | ၁၆ | ၀ |

## မြဝတီနှင့် ရမည်းသင်းမြို့တို့တွင် ကန့်သတ်စောင့်ကြည့် ဝင်နေရသူ ရွှေ့ပြောင်းအလုပ်သမားများအတွက် ရောဝတီဖောင်ဒေးရှင်းက လိုအပ်မှုများ ပံ့ပိုး

ရန်ကုန် ဇွန် ၁

ရောဝတီဖောင်ဒေးရှင်းက ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် ရွှေ့ပြောင်းအလုပ်သမားများအတွက် မြဝတီမြို့ရှိ မက်စ်မြန်မာက ပိုင်ဆိုင်သော အဆောက်အအုံ လေးခုတွင် လူ ၂၀၀ နေထိုင်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားသည့်အပြင် ရွှေ့ပြောင်းအလုပ်သမားများ ၎င်းတို့၏ နေရပ်ပြန်ရန်အတွက် ခရီးစရိတ်အဖြစ် တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းစီ ထောက်ပံ့ကူညီပေးခဲ့ပြီး မြဝတီမြို့နယ်အတွင်းရှိ ကန့်သတ်စောင့်ကြည့်စခန်းများအတွက် လိုအပ်နေသော ကော်ဇော အလိပ် ၁၀၀ အပါအဝင် ငွေကျပ်သိန်း ၁၀၀ ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်ထံမှတစ်ဆင့် ပေးအပ်လှူဒါန်းခဲ့သည်။

အလားတူ ရောဝတီဖောင်ဒေးရှင်းက ရွှေ့ပြောင်းအလုပ်သမားအများဆုံးပြန်လည်ဝင်ရောက်လာသည့် မြို့နယ်တစ်ခုဖြစ်သော ရမည်းသင်းမြို့မှ ရွှေ့ပြောင်းအလုပ်သမား ၅၃၉ ဦးအတွက် ဆန်၊ ဆီ၊ အစားအသောက်နှင့် အလှူငွေများ လှူဒါန်းခဲ့ရာ ငွေကျပ်သိန်း ၃၀ နှင့်အတူ ဆန်အိတ် ၂၀၀၊ ဆီပိဿာ ၃၀၀၊ ကုလားပဲတစ်အိတ်နှင့် ကြက်ဥအလုံး ၉၀၀ တို့ကို ရမည်းသင်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး ကော်မတီသို့ ရောဝတီဘဏ်ဝန်ထမ်းများမှတစ်ဆင့် သွားရောက်လှူဒါန်းပေးခဲ့သည်။

ရောဝတီဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်ပူးပေါင်းကာ ဘက်ပေါင်းစုံမှ ပါဝင်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

သတင်း-ရဲရင့်ရှိုင်း
ဓာတ်ပုံ-ကိုမိုး



# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကိုဗစ် -၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် ဇွန် ၁**

သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် မေ ၂၇ ရက်က ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၃၂ မြို့နယ်ရှိ နေရာ ၆၆ နေရာတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၅၈ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၁၂ ကီလိုဂရမ်၊ ရေဂါလန် ၄၂၀၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရခိုင်ပြည်နယ် ပေါက်တောမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

# ပုံမှန်ကာကွယ်ဆေး တစ်သန်းကျော်နှင့် ကိုဗစ်-၁၉ ရောဂါပိုးစမ်းသပ်ကိရိယာများသယ်ဆောင်လာသော အထူးလေယာဉ် ရန်ကုန်မြို့သို့ရောက်ရှိ

**ရန်ကုန် ဇွန် ၁**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကာကွယ်ဆေးထိုးအစီအစဉ်များ ပြန်လည်စတင်မှုကို ပံ့ပိုးရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ငွေကြေးပံ့ပိုးမှုဖြင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) မှတစ်ဆင့် ဝယ်ယူထားသော ပုံမှန်ကာကွယ်ဆေးထိုး ဆေးဝါးပစ္စည်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ရောဂါပိုးစမ်းသပ်ကိရိယာများ သယ်ဆောင်လာသော အထူးလေယာဉ်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိသည်။



အဆိုပါအထူးလေယာဉ်သည် UNICEF ၏အစီအစဉ်ဖြင့် ရောက်ရှိလာခြင်းဖြစ်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကမ္ဘာ့ကပ်ရောဂါ တိုက်ဖျက်ရေးဆောင်ရွက်မှုများနှင့် ရောဂါပိုးကို အရှိန်မြှင့်ပြီး ပိုမိုစစ်ဆေးနိုင်ရန်အတွက် UNICEF ၏ စဉ်ဆက်မပြတ် ပံ့ပိုးမှုများမှ အစိတ်အပိုင်းတစ်ရပ်အဖြစ် ရောက်ရှိလာခြင်းဖြစ်သည်။

အထူးလေယာဉ်ဖြင့် ရောက်ရှိလာသည့် ဆေးဘက်ဆိုင်ရာပစ္စည်းများမှာ ကိုဗစ်-၁၉ ရောဂါပိုးစမ်းသပ်ကိရိယာ အခုရေ ၁၀၀၀၀ နှင့် ပုံမှန်ကာကွယ်ဆေး ပမာဏ ၁ ဒသမ ၁၆ သန်းဖြစ်ပြီး အဆိုပါဆေးဘက်ဆိုင်ရာပစ္စည်းများကို UNICEF ၏အစီအစဉ်ဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရှိ သက်ဆိုင်ရာဌာနများသို့ ပို့ဆောင်သွားမည်ဖြစ်သည်။

ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်အတွက် ကာကွယ်ဆေးများ ရောက်ရှိလာရေးကို ကူညီပေးရန် UNICEF အနေဖြင့် မြန်မာနိုင်ငံအစိုးရ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ Gavi (Global Alliance for Vaccines and Immunisation) အဖွဲ့တို့အပြင် အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း UNICEF ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အလားတူ UNICEF အနေဖြင့် Gavi အဖွဲ့၏ထောက်ပံ့မှုဖြင့် မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်ကိရိယာနှင့် ဆက်စပ်ပစ္စည်းများကို မေလအတွင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ထောက်ပံ့ကူညီခဲ့သည့်အပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ကလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့်ပတ်သက်သည့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများကို ထောက်ပံ့ကူညီမှုများပြုလုပ်ခဲ့သည်။

ထို့အတူ မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် အိန္ဒိယ၊ တရုတ်၊ ကိုရီးယား၊ စင်ကာပူနှင့် ဂျပန်နိုင်ငံတို့ကလည်း ဆေးဝါး၊ စက်ပစ္စည်းနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့ကူညီလှူဒါန်းမှုများ ပြုလုပ်ခဲ့သည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# ကိုဗစ်-၁၉ အလွန် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာရေး အွန်လိုင်းမှဆွေးနွေး

**နေပြည်တော် ဇွန် ၁**

မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်းက ဆောင်ရွက်ခဲ့သည့် COVID-19 Wave and Myanmar Tourism Today Online Discussion ကို ယနေ့မွန်းလွဲပိုင်းတွင် Video Conferencing ဖြင့် ဆွေးနွေးသည်။

### အွန်လိုင်းမှ ပါဝင်တက်ရောက်

အဆိုပါ Online Discussion သို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်နှင့် နေပြည်တော်ကောင်စီ ဒုတိယမြို့တော်ဝန် ဦးရဲမင်းဦးတို့က အွန်လိုင်းမှ ပါဝင်တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မေမြတ်မွန်ဝင်းက ညှိနှိုင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆွေးနွေးရာတွင် ဒုတိယဝန်ကြီး ဦးတင်လတ်က ဝန်ကြီးဌာနအနေဖြင့် UNWTO၊ PATA တို့၏ သတ်မှတ်ချက်များ၊ ကိုဗစ်-၁၉ နှင့် ပတ်သက်၍ စီးပွားရေးသက်ရောက်မှုအပေါ် ပြန်လည်ကုစားရေးကော်မတီ၏ လမ်းညွှန်ချက်များ၊ ဝန်ကြီးဌာန၏ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများ၏ အကြံပြုချက်များနှင့်အညီ ကိုဗစ်-၁၉ ကာလနှင့် ကိုဗစ်-၁၉ အလွန်ကာလတွင် လုပ်ဆောင်မည့် Tourism Strategic Road Map ကို ဆက်လက်ရပ်တည်နိုင်ရေး၊ ပြန်လည်ဖွင့်လှစ်ခြင်းနှင့် ပြန်လည်ဖိတ်ခေါ်ခြင်းဟူ၍ အဆင့်သုံးဆင့်ဖြင့် ရေးဆွဲပြီး စတင်အကောင်ထည်ဖော်နေပြီဖြစ်ပါကြောင်း၊ ဆက်လက်ရပ်တည်နိုင်ရေးအဆင့်တွင် လိုင်စင်ကြေးများ ကင်းလွတ်ခွင့်ပြုခြင်း၊ Stimulus Package မှ ချေးငွေထုတ်ပေးခြင်းများ ဆောင်ရွက်ပြီးဖြစ်ပြီး ပြန်လည်ဖွင့်လှစ်ခြင်းအဆင့်အတွက် ခရီးသွားများကို COVID Safe Service ပေးနိုင်ရန် လမ်းညွှန်ချက်များ၊ SOP များ ရေးဆွဲပြင်ဆင်နေပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီ ဒုတိယမြို့တော်ဝန် ဦးရဲမင်းဦးက ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်နေသည့် အရေးပေါ်ကာလတွင် ကုစားရေးနှင့် ကယ်ဆယ်ရေးအတွက် ဦးစားပေး၍ ပထမအကြိမ် ချေးငွေကို ထုတ်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ လုပ်ငန်းများပျက်မသွားစေရန်နှင့် ဝန်ထမ်းများကို လစာပေးနိုင်ရန် ဦးစားပေးစဉ်းစား၍ ထုတ်ပေးခြင်းဖြစ်ပါကြောင်း၊ ချေးငွေတင်ပြရာတွင် မှန်ကန်မှု ရှိ၊ မရှိ စိစစ်၍ ရသင့်ရထိုက်သူများကို ရရှိစေရေးအတွက် စိစစ်ပါကြောင်း၊ ခရီးသွားကဏ္ဍကို ချေးငွေထုတ်ပေးရာတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ လိုင်စင်ရယူထားသည့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများအား ချေးငွေထုတ်ပေးပြီး စည်ပင်သာယာရေးကော်မတီမှ လိုင်စင်ရယူထားသည့် တည်းခိုရိပ်သာများအား SME လုပ်ငန်းများအဖြစ် ချေးငွေထုတ်ပေးနိုင်အောင် ဆောင်ရွက်ခဲ့ပါကြောင်း၊ ချေးငွေထုတ်ပေးရာတွင် ခရီးသွားကဏ္ဍအနေဖြင့် ပထမအကြိမ် ချေးငွေ၏ သုံးချိုးတစ်ချိုး ရရှိခဲ့ပါကြောင်း၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ချေးငွေရရှိခြင်းမှာ မူလက SCMB နှင့် SME များကိုသာ ထုတ်ပေးရန် သတ်မှတ်ထားသော်လည်း ဝန်ကြီးဌာန၏ တင်ပြချက်ကြောင့်သာ ချေးငွေများရရှိခဲ့ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

### ပြန်လည်ကုစားရေးအတွက်

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးက ကိုဗစ်-၁၉ နှင့် ပတ်သက်၍ စီးပွားရေးသက်ရောက်မှုကို ပြန်လည်ကုစားရေးအတွက် မတ် ၁၃ ရက်တွင် ကော်မတီတစ်ရပ် ဖွဲ့စည်းခဲ့ပါကြောင်း၊ အဆိုပါ ကော်မတီအတွင်း လုပ်ငန်းစဉ် (၆)ရပ်အပြင် ချက်ချင်းဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ကာလတို၊ ကာလရှည် လုပ်ငန်းစဉ်များ ချမှတ်ထားပါကြောင်း၊ ကိုဗစ်-၁၉ စတင်ချိန်တွင် ကုန်သွယ်မှုလုပ်ငန်းများနှင့် အထည်ချုပ်လုပ်ငန်းများအပေါ် ဖြစ်ပေါ်ခဲ့သည့် သက်ရောက်မှုအပေါ် မူတည်၍ ခရီးသွားလုပ်ငန်းအပေါ်တွင်ပါ ထိခိုက်လာနိုင်ကြောင်း သုံးသပ်မိသည့်အတွက် လုပ်ငန်းစဉ်များ ချမှတ်ရာတွင် ကုန်သွယ်မှုနှင့် ခရီးသွားလုပ်ငန်းများတွင် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများကို သုံးသပ်၍ သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များနှင့် ပေါင်းစပ်ကာ ကာလတို၊ ကာလရှည်စီမံချက်များ ရေးဆွဲဆောင်ရွက်ရာတွင် ခရီးသွားကဏ္ဍကိုပါ ထည့်သွင်းခဲ့ပါကြောင်း၊ ကုစားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် SCMB၊ SME နှင့် Tourism ဟူသော ကဏ္ဍသုံးခုကို ကုစားနိုင်ရေးအတွက် အခွန်ဆိုင်ရာဖြေလျှော့မှုများ၊ အတိုးနှုန်းထားများ ဖြေလျှော့မှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ရန်ပုံငွေ မှ ဘီလီယံ ၁၀၀ မှ sector သုံးခုကို ဦးစားပေး၍ ကုစားနိုင်ရေးအတွက် အသုတ်လေးသုတ် ချေးငွေထုတ်ချေးပေးပြီးဖြစ်ရာ စတုတ္ထအကြိမ်အထိ ၂၈ ဘီလီယံ သုံးစွဲထားပြီးဖြစ်ပါကြောင်း၊ ချေးငွေထုတ်ချေးရာတွင် ဟိုတယ်လုပ်ငန်း ၁၆၈ ခုအတွက် ငွေကျပ် ၇ ဒသမ ၁၄၅ ဘီလီယံကို လည်းကောင်း၊ ခရီးသွားလုပ်ငန်း ဆက်စပ်ကုမ္ပဏီ ၁၀၇ ခုအတွက် ငွေကျပ် ၁ ဒသမ ၈၉၉ ဘီလီယံ ကိုလည်းကောင်း၊ စားသောက်ဆိုင်လုပ်ငန်း ၅၈ ခုအတွက် ငွေကျပ် ၁ ဒသမ ၄၆၆ ဘီလီယံကို လည်းကောင်း စုစုပေါင်း လုပ်ငန်း ၃၃၃ ခုအတွက် ငွေကျပ် ၁၀ ဒသမ ၅၁ ဘီလီယံ ထုတ်ပေးထားပြီးဖြစ်ပါကြောင်း၊ ပဉ္စမအကြိမ်ထုတ်ချေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

### လေကြောင်းလိုင်းများတွင် များစွာထိခိုက်မှုရှိ

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်က ပို့ဆောင်ရေးလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းသည် များစွာဆက်စပ်လျက်ရှိပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်အတွင်း ခရီးသည် သန်းပေါင်း ၃၂၀၀ ကျော် ကျဆင်းသွားပြီး အကျိုးအမြတ်အနေဖြင့် ဘီလီယံ ၄၂၀ ခန့် ကျဆင်းသွားပါကြောင်း၊ ကိုဗစ်-၁၉ ကာလအတွင်း ကမ္ဘာ့နိုင်ငံများရှိ လေကြောင်းလိုင်းများတွင် များစွာထိခိုက်မှုရှိနေပါကြောင်းနှင့် လက်ရှိတွင် မြန်မာနိုင်ငံတွင် ပြေးဆွဲလျက်ရှိသည့် နိုင်ငံပိုင်လေကြောင်းလိုင်းအနေဖြင့် ကုန်စည်သယ်ယူပို့ဆောင်ရေးလေယာဉ်များကိုသာ အလေးထားပြေးဆွဲနေရကြောင်း ပြောကြားသည်။


ထို့နောက် တက်ရောက်လာကြသည့် အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦး၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်နှင့် ဒုတိယမြို့တော်ဝန် ဦးရဲမင်းဦးတို့က ကိုဗစ်-၁၉ ကာလအတွင်း ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ဆက်စပ်သည်များကို သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးရှင်းလင်းဆွေးနွေးကာ သိရှိလိုသူများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မဟာဓာတ်အားလိုင်းပြင်ပ လျှပ်စစ်ဓာတ်အားပေးစီမံကိန်းမှ ကျေးလက်အိမ်ခြေ ၃၆၃၅၁၆ လုံးကို လျှပ်စစ်မီးလင်းအောင် ဆောင်ရွက်ပေးနိုင်ခဲ့

**နေပြည်တော် ဇွန် ၁**

အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (National Electrification Project-NEP) စတင်ခဲ့သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အိမ်သုံးဆိုလာစနစ်နှင့် အသေးစားဓာတ်အားစနစ်ဖြင့် ကျေးလက်အိမ်ခြေ ၃၆၃၅၁၆ လုံး၊ လူဦးရေ ၂ ဒသမ ၅ သန်းခန့်ကို လျှပ်စစ်မီးလင်းအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး မဟာဓာတ်အားလိုင်းပြင်ပရေိယာ လွှမ်းခြုံမှု ၂၇ ရာခိုင်နှုန်းခန့်ရှိပြီဖြစ်ကြောင်း သိရသည်။



၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေးမျှော်မှန်းချက်ဖြင့် ကမ္ဘာ့ဘဏ်၏ နိုင်ငံတကာဖွံ့ဖြိုးရေးချေးငွေ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ရယူ၍ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (National Electrification Project-NEP) ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

NEP စီမံကိန်းတွင် မြေမျက်နှာသွင်ပြင် အနေအထားအရ ကုန်ကျစရိတ် အသက်သာဆုံး မီးလင်းရေး အစီအစဉ်ကို ရေးဆွဲခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ပထမငါးနှစ်တာ စီမံကိန်းကို ယခုအခါ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

### ဆောင်ရွက်လျက်ရှိ

အဆိုပါစီမံကိန်းအောက်တွင် ကမ္ဘာ့ဘဏ်၏ နိုင်ငံတကာဖွံ့ဖြိုးရေး ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၄၀၀ အနက်မှ မဟာဓာတ်အားလိုင်း တိုးချဲ့သွယ်တန်းခြင်းအတွက် ဒေါ်လာသန်း ၃၀၀ နှင့် နည်းပညာအကူအညီပေးရေးအတွက် ဒေါ်လာ ၁၀ သန်း စုစုပေါင်း ဒေါ်လာသန်း ၃၁၀ သုံးစွဲကာ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဒေါ်လာ သန်း ၈၀ နှင့် နည်းပညာ အကူအညီပေးရေးအတွက် ဒေါ်လာ ၁၀ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၉၀ ဖြင့် မဟာဓာတ်အားလိုင်းပြင်ပ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည်။

မဟာဓာတ်အားလိုင်းပြင်ပ အစီအစဉ်သည် မဟာဓာတ်အားလိုင်း မရောက်ရှိသေးသည့် ကျေးလက်ဒေသများ လျှပ်စစ်ဓာတ်အားရရှိရေးကို ရည်ရွယ်သည့် ကနဦးအစီအစဉ်တစ်ခု ဖြစ်သည်။

ကျေးလက်ဒေသတွင် လျှပ်စစ်ဓာတ်အား တိုးမြှင့်ရရှိရန်၊ မဟာဓာတ်အားလိုင်းနှင့် ဝေးကွာသည့် ကျေးရွာများတွင် အကြိုလျှပ်စစ်ဓာတ်အားပေးရေးစနစ် အကောင်အထည်ဖော်ရန်၊ ပြည်သူထည့်ဝင်ငွေဖြင့် ပိုမိုကောင်းမွန်သည့် မီးလင်းရေးစနစ် အကောင်အထည်ဖော်ရန်၊ ပြည်သူ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် စနစ်(Public-Private Partnership) ဖွံ့ဖြိုးလာစေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် မဟာဓာတ်အားလိုင်းပြင်ပ အစီအစဉ်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အဓိကတာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်းက "ကျွန်တော်တို့အနေနဲ့ လုပ်ငန်းတွေဆောင်ရွက်တဲ့အခါ ကမ္ဘာ့ဘဏ်က ချမှတ်ထားတဲ့ လမ်းညွှန်ချက်တွေ၊ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်တွေနဲ့အညီ ဆောင်ရွက်ရတာဖြစ်တဲ့အတွက် ဘတ်ဂျက်ကာလနဲ့ ကိုက်ညီမှုရှိဖို့ အခက်အခဲရှိနိုင်ပါတယ်။ ပြည်သူ့ထည့်ဝင်ငွေ ကောက်ခံတဲ့အချိန်မှာ မမျှော်မှန်းနိုင်တဲ့ ကိစ္စရပ်တွေ ကြုံတွေ့ရလေ့ရှိပြီးတော့ ကျေးရွာအိမ်ခြေစာရင်းမတည်ငြိမ်တာတွေ၊ မူလလျာထားစာရင်းနဲ့ လုပ်ငန်းဆောင်ရွက်ချိန် အပြီးသတ်ကောက်ယူမှုစာရင်းကွာခြားလေ့ရှိတာတွေနဲ့ အသေးစားဓာတ်အားစနစ်အတွက် ခိုင်မာတဲ့ စည်းမျဉ်းကန့်သတ်ချက်၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းတွေ စနစ်တကျ ချမှတ်ထားရှိဖို့ လိုအပ်တာတွေ၊ စွမ်းအင်ဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံတဲ့ လုပ်ငန်းရှင် (Developers)တွေကို ဘဏ်လုပ်ငန်းကဏ္ဍကနေ ထောက်ပံ့ကူညီပေးမှု အားနည်းနေသေးတာ စတဲ့အခက်အခဲတွေတော့ ရှိပါတယ်"ဟု ဆိုသည်။

### အိမ်ခြေပေါင်း ၃၆၃၅၁၆ လုံး

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် မဟာဓာတ်အားလိုင်းပြင်ပ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း ပထမငါးနှစ်တာစီမံကိန်းမှ အိမ်သုံးဆိုလာစနစ်နှင့် အသေးစားဓာတ်အားစနစ် ပြီးစီးမှု စုစုပေါင်း ၇၃ ဒသမ ၈၈ ရာခိုင်နှုန်းရှိပြီး အိမ်ခြေပေါင်း ၃၆၃၅၁၆ လုံးကို လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

"ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အဓိကတာဝန်ယူဆောင်ရွက်နေတဲ့ မဟာဓာတ်အားလိုင်းပြင်ပအစီအစဉ်မှာ အိမ်သုံးဆိုလာစနစ် (Solar Home System-SHS) နဲ့ အသေးစားဓာတ်အားလိုင်းစနစ်(Mini Gird) ဆိုပြီး နှစ်မျိုးရှိပါတယ်။ မဟာဓာတ်အားလိုင်းပြင်ပဆောင်ရွက်နေတဲ့ ကျေးလက်မီးလင်းရေးစီမံကိန်း အိမ်သုံးဆိုလာစနစ်ကနေ ကျေးရွာပေါင်း ၇၀၆၈ ရွာ၊ အိမ်သုံးဆိုလာအပါအဝင် အများသုံးဆိုလာစနစ်၊ လမ်းမီးစတဲ့ လုပ်ငန်းပေါင်း ၃၉၅၂၄၈ ခုအတွက် မီးလင်းရေး ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒီလိုပဲ အသေးစား ဓာတ်အားလိုင်းစနစ်မှ ကျေးရွာပေါင်း ၈၆ ရွာ၊ အိမ်ခြေ ၁၈၆၆၇ လုံးကိုလည်း လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါပြီ။ ဒီလို ဆောင်ရွက်နိုင်ခဲ့တာတွေကတော့ စီမံကိန်းစတင်တဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကနေ အခုဘဏ္ဍာနှစ်သုံးနှစ်အတွင်း ဆောင်ရွက်နိုင်ခဲ့တာတွေ ဖြစ်ပါတယ်"ဟု ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်းက ပြောသည်။

### လျာထားဆောင်ရွက်လျက်ရှိ

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် NEP စီမံကိန်းဖြင့် ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့ရှိ မြို့နယ် ၆၂ မြို့နယ်တွင် အိမ်သုံးဆိုလာ မီးလင်းရေးစနစ်ဖြင့် ကျေးရွာ ၆၈၈ ရွာ (အကျိုးပြုအိမ်ခြေ ၃၁၁၅၄ လုံး) ကိုလည်းကောင်း၊ အသေးစားဓာတ်အားစနစ်ဖြင့် ကျေးရွာ ၁၀၀ ခန့်(အကျိုးပြုအိမ်ခြေ ၁၀၀၀၀ ခန့်)အတွက် လျာထားဆောင်ရွက်လျက်ရှိကြောင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ထို့ပြင် ဂျာမန် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့( German Agency for International Cooperation-GIZ)မှလည်း နည်းပညာအကူအညီပေးရေး ရန်ပုံငွေ ယူရို ၄ ဒသမ ၈၇ သန်းဖြင့် အသေးစားလျှပ်စစ်ဓာတ်အားစနစ် ဖွံ့ဖြိုးရေးအတွက် လည်းကောင်း၊ ဂျာမန်ဖွံ့ဖြိုးရေးဘဏ်-KfW အဖွဲ့အထောက်အပံ့ ယူရိုငွေ ကိုးသန်းဖြင့် ရှမ်းပြည် နယ်(တောင်ပိုင်း)တွင် အိမ်သုံးဆိုလာစနစ်ဖြင့် အိမ်ထောင်စုပေါင်း ၂၃၀၀၀ ခန့် မီးရရှိရေးအတွက် လည်းကောင်း၊ Italy Soft Loan ၏ ချေးငွေ ယူရိုသန်း ၃၀ ဖြင့် ချင်းပြည်နယ်နှင့် ၎င်း၏ ဆက်စပ်တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း အိမ်သုံးဆိုလာစနစ်၊ အသေးစားဓာတ်အားစနစ်များဖြင့် အိမ်ထောင်စုပေါင်း ၉၆၅၀၀ ခန့် မီးရရှိရေးအတွက်လည်းကောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည်။

ကျေးလက်နေပြည်သူများ ပညာရည်မြင့်မားရေးနှင့် ကျန်းမာရေးအတွက် ကောင်းမွန်စွာ အထောက်အပံ့ပြုနိုင်ခြင်း၊ အသေးစားကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းများ ပိုမိုရရှိလာခြင်း၊ လောင်စာဆီသုံးစွဲမှုအတွက် ကုန်ကျသည့် အိမ်သုံးစရိတ်များ လျော့ပါးစေခြင်းစသည့် အကျိုးကျေးဇူးများကိုလည်း ကျေးလက်နေပြည်သူများသည် မဟာဓာတ်အားလိုင်းပြင်ပ လျှပ်စစ်ဓာတ်အားပေးမှုမှတစ်ဆင့် ခံစားနိုင်မည်ဖြစ်သည်။

**သတင်း - မင်းမင်းဇော်၊ ဟန်နီဝင်း**

**ဓာတ်ပုံ - DRD**

# ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ ပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

၉၄။ မည်သူမဆို ပုဒ်မ ၈၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၉၅။ မည်သူမဆို ပုဒ်မ ၈၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၉၆။ မည်သူမဆို နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများနှင့် အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၉၇။ မည်သူမဆို ဤဥပဒေ သို့မဟုတ် နည်းဥပဒေ၊ အမိန့်၊ စည်းမျဉ်းနှင့် စည်းကမ်းများပါ တားမြစ်ချက်တစ်ရပ်ရပ်အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုကို ကျူးလွန်ရန် အားပေးကူညီလျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

**အခန်း(၁၅)**

**အထွေထွေ**

၉၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အမိန့်ကြော်ငြာစာဖြင့် မည်သည့်မော်တော်ယာဉ် သို့မဟုတ် မော်တော်ယာဉ်အမျိုးအစားကိုမဆို အများပြည်သူအကျိုးအလို့ငှာ ဤဥပဒေပါ ပြဋ္ဌာန်းချက်အားလုံး သို့မဟုတ် တစ်ခုခုကို အကျိုးသက်ရောက်စေခြင်းမှ စည်းကမ်းချက်ထား၍ ဖြစ်စေ၊ စည်းကမ်းချက်မထားဘဲဖြစ်စေ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၉၉။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ အခြားပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များအား လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးရမည်။

၁၀၀။ ဦးစီးဌာနက ထုတ်ပေးသည့် ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလိုင်စင်၊ အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့်လက်မှတ်၊ ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ်၊ မော်တော်ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်၊ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်၊ မော်တော်ယာဉ်စစ်ဆေးချက် သက်သေခံလက်မှတ်၊ မော်တော်ယာဉ်စစ်ဆေးပြီးကြောင်း အထောက်အထား၊ မော်တော်ယာဉ်မှတ်ပုံတင်နံပါတ်ပြား၊ ယာယီမှတ်ပုံတင်သက်သေခံလက်မှတ်၊ ယာယီမှတ်ပုံတင်အမှတ်အသား၊ လုပ်ငန်းလိုင်စင်တို့နှင့် အခြားအထောက်အထားများကို ဆင်တူယိုးမှားဖြစ်စေ၊ အတုအပဖြစ်စေ ပြုလုပ်လျှင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူခြင်းခံရမည်။

၁၀၁။ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်သူက ကောက်ခံရရှိသော သတ်မှတ်ယာဉ် စစ်ဆေးခမှဦးစီးဌာနသို့ ပေးသွင်းစေရမည့် အခကြေးငွေများအား သတ်မှတ်ကာလအတွင်း ပေးသွင်းရန် ပျက်ကွက်လျှင် အဆိုပါ အခကြေးငွေများကို အခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၁၀၂။ ပုဒ်မ ၈၉၊ ပုဒ်မ ၉၀၊ ပုဒ်မ ၉၄ နှင့် ပုဒ်မ ၉၅ တို့အရ အရေးယူသောပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၁၀၃။ ဤဥပဒေမပြဋ္ဌာန်းမီ ထုတ်ပေးထားသည့် မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်နှင့် သက်သေခံလက်မှတ်၊ မော်တော်ယာဉ်မှတ်ပုံတင်မှတ်တမ်း၊ မော်တော်ယာဉ်စစ်ဆေးချက်သက်သေခံလက်မှတ်၊ မော်တော်ယာဉ်မှတ်ပုံတင်နံပါတ်ပြား၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလိုင်စင်၊ အပြည်ပြည်ဆိုင်ရာယာဉ်မောင်းနှင်ခွင့်လက်မှတ်၊ ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ်၊ ယာဉ်မောင်းလိုင်စင်မှတ်တမ်းနှင့် လုပ်ငန်းလိုင်စင်များသည် ဤဥပဒေအရ ထုတ်ပေးသော စာတမ်းအမှတ်အသားများဖြစ်သည်ဟု မှတ်ယူရမည်။

၁၀၄။ ရုပ်သိမ်းပြီးသော ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေ (၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၇) အရဖြစ်စေ၊ မော်တော်ယာဉ်ဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၅။) အရဖြစ်စေ ထုတ်ပြန်ထားသော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၁၀၅။ ဦးစီးဌာနသည် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် စပ်လျဉ်းသည့်ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

၁၀၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်–

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) ဝန်ကြီးဌာနနှင့် အမျိုးသားကောင်စီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

( ဂ ) ဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၁၀၇။ မော်တော်ယာဉ်ဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၅။)ကို ဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## တိုင်းဒေသကြီး /ပြည်နယ်အချို့တို့တွင် လေပြင်းများတိုက်ခတ်၊ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁**

မြန်မာနိုင်ငံတွင် ယခုကာလအတွင်း၌ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းများဖြစ်ပွားလျက်ရှိရာ မေ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူ၊ အောင်လံ၊ ပေါက်၊ ရေနံချောင်း၊ မကွေးမြို့နယ်တို့၌ နေအိမ်သုံးလုံး ပြိုကျပျက်စီးပြီး နေအိမ် ၁၆၃ လုံးနှင့် ဘာသာရေးအဆောက်အအုံနှစ်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်၌ နေအိမ်တစ်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို၊ ဝက်လက်နှင့် မြောင်မြို့နယ်တို့၌ နေအိမ်တစ်လုံး ပြိုကျပျက်စီးပြီး နေအိမ်လေးလုံး အမိုးအကာလန် ပျက်စီးခြင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းနှင့် မြင်းခြံမြို့နယ်တို့၌ နေအိမ်တစ်လုံး ပြိုကျပျက်စီးပြီး နေအိမ် ၁၂ လုံး အမိုးအကာလန်ပျက်စီးခြင်း၊ ရှမ်းပြည်နယ် ကျေးသီးမြို့နယ်၌ နေအိမ် ၁၃ လုံးပြိုကျပျက်စီးပြီး နေအိမ်နှစ်လုံးနှင့် ဘာသာရေးအဆောက်အအုံတစ်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာ၊ ကြံခင်းနှင့် အင်္ဂပူမြို့နယ်တို့၌ နေအိမ်နှစ်လုံး ပြိုကျပျက်စီးပြီး နေအိမ်ရှစ်လုံး အမိုးအကာလန်ပျက်စီးခြင်းတို့ ဖြစ်ပွားခဲ့သည်။

ဧပြီ ၉ ရက်မှ ဇွန် ၁ ရက်အထိ မြန်မာနိုင်ငံတစ်ဝန်း၌ လေပြင်းတိုက်ခတ်မှုနှင့် မိုးသီးကြွေကျမှုတို့ကြောင့် နေအိမ် ၉၈၇ လုံးနှင့် ဘာသာရေးအဆောက်အအုံခြောက်လုံး ပြိုကျပျက်စီးခြင်း၊ နေအိမ် ၁၃၁၂၁ လုံးနှင့် ဘာသာရေး အဆောက်အအုံ ၂၄၇ လုံး အမိုးအကာလန်ပျက်စီးခြင်းနှင့် လူ ၁၀ ဦးသေဆုံးပြီး ၂၈ ဦး ဒဏ်ရာရရှိခဲ့သည်။



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ ကယ်ဆယ်ရေးပစ္စည်းဖိုးများနှင့် သေဆုံး၊ ဒဏ်ရာရသူ ထောက်ပံ့ခြင်းများအတွက် စုစုပေါင်းငွေကျပ် ၇၆၁ ဒသမ ၁ သန်းကျော် ထောက်ပံ့ခဲ့ပြီးဖြစ်သည်။

ပြည်သူလူထုအနေဖြင့်လည်း ယခုကာလ၌ ဖြစ်ပွားတတ်သည့် လေပြင်းတိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခြင်းတို့နှင့် ပတ်သက်၍ အထူးဂရုပြုနေထိုင်ကြပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ် အကူအညီတောင်းခံနိုင်ပါကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ Pool ကစားသမား ဘုန်းမြင့်ကျော် ပရိသတ်များ၏ဆန္ဒမဲဖြင့် ရမှတ်ထပ်တိုးရရှိ

**ရန်ကုန် ဇွန် ၁**

Chinese 8 Ball ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာ Pool ကစားသမား ဘုန်းမြင့်ကျော် (ခ) မောင်မောင်သည် ပရိသတ်များ၏ဆန္ဒမဲဖြင့် ရမှတ်ထပ်တိုးရရှိခဲ့ပြီး မေ ၃၁ ရက်ပွဲစဉ်များအပြီးတွင် ရမှတ်စုစုပေါင်း ၄၀၃၀၀ ရရှိထားသည်။

**ထည့်သွင်းတွက်ချက်**

ပြိုင်ပွဲစည်းမျဉ်းအရ ပထမအဆင့်အုပ်စုပွဲများတွင် နိုင်ပွဲရရှိပါက ရမှတ် ၆၀၀၀၊ ရှုံးနိမ့်ပါက ရမှတ် ၂၀၀၀ သတ်မှတ်ထားပြီး ပရိသတ်များ၏မဲဆန္ဒဖြင့်လည်း တစ်ပတ်လျှင်သုံးဦး ရမှတ်များ ထည့်သွင်း တွက်ချက်ပေးထားသည်။ တစ်ပတ်လျှင် ပရိသတ်များ၏ ဆန္ဒမဲအများဆုံးရရှိသူကို ရမှတ် ၁၀၀၀၊ ဒုတိယမဲအများဆုံးရရှိသူကို ရမှတ် ၈၀၀၊ တတိယမဲအများဆုံးရရှိသူကို ရမှတ် ၅၀၀ ရရှိခြင်းဖြစ်သည်။ ဘုန်းမြင့်ကျော်သည် မေ ၃၁ ရက်ပွဲစဉ်မတိုင်မီအထိ ရမှတ်စုစုပေါင်း ၃၇၈၀၀ သာရရှိထားပြီး ယင်းပွဲတွင် ရှုံးနိမ့်ခဲ့သော်လည်း ရမှတ် ၂၀၀၀ ရရှိကာ ပရိသတ်များ၏ဆန္ဒမဲတွင် တတိယအများဆုံးရသောကြောင့် ရမှတ် ၅၀၀ ထပ်ပေါင်းကာ စုစုပေါင်းရမှတ် ၄၀၃၀၀ ရရှိထားခြင်းဖြစ်သည်။ ဘုန်းမြင့်ကျော်သည် ပရိသတ်များ၏ဆန္ဒမဲကြောင့် ရမှတ် လေးကြိမ် ထပ်တိုးရခဲ့ပြီး ရမှတ် ၅၀၀ သုံးကြိမ်နှင့် ရမှတ် ၈၀၀ တစ်ကြိမ် ရရှိထားသည်။ ထို့ကြောင့် ဘုန်းမြင့်ကျော်သည် ပထမအဆင့်အုပ်စုပွဲအားလုံးယှဉ်ပြိုင်အပြီး ခြောက်ပွဲနိုင်၊ တစ်ပွဲရှုံး ရလဒ်အတွက် ရမှတ် ၃၈၀၀၀၊ ပရိသတ်များဆန္ဒမဲကြောင့် ရမှတ် ၂၃၀၀ ရရှိထားသည်။ ဘုန်းမြင့်ကျော်သည် မေ ၃၁ ရက်ပွဲစဉ်များအပြီးအထိ ထိပ်ဆုံးနေရာတွင် ဆက်လက်ရပ်တည်နေပြီး အခြားကစားသမားများ၏လက်ကျန်ပွဲများ ကစားရန်ကျန်သေးသောကြောင့် အဆင့်ရပ်တည်မှုအတွက် အခြားရလဒ်များကို စောင့်ကြည့်ရမည်ဖြစ်သည်။

ဘုန်းမြင့်ကျော်သည် ပထမအဆင့်အုပ်စုပွဲများတွင် ခြောက်ပွဲဆက်တိုက်အနိုင်ရခဲ့ပြီး နောက်ဆုံးပွဲတွင် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

**ရှိုင်းထက်ဇော်**

## မူဆယ်မြို့၌ မေလအတွင်း တရုတ်နိုင်ငံဘက်မှ နေရပ်ပြန် ပြည်သူ ၁၆၇၀၀ ကျော်ဝင်ရောက်

**မူဆယ် ဇွန် ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ မြန်မာ-တရုတ်နယ်စပ်ဂိတ် (နန်းတော်ဂိတ်)မှတစ်ဆင့် မေလအတွင်း၌ တရုတ်နိုင်ငံဘက်မှ နေရပ်ပြန်ပြည်သူစုစုပေါင်း ၁၆၇၀၀ ကျော် ဝင်ရောက်လာကြောင်း မူဆယ်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

နေရပ်ပြန်ပြည်သူများကို မူဆယ်မြို့ တရုတ်စာသင်ကျောင်း၌ အမျိုးသားသီးသန့်နှင့် မူဆယ်မြို့ အထက(၃)ကျောင်း၌ အမျိုးသမီးသီးသန့် သုံးရက်ကြာ ယာယီထားရှိသည်။ အဆိုပါသုံးရက်အတွင်း မူဆယ်မြို့ ကျန်းမာရေးဌာနမှ ကျန်းမာရေးစစ်ဆေးခြင်း ဆောင်ရွက်ပေးခြင်း၊ မူဆယ်မြို့ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ စားဝတ်နေရေး စီစဉ်ဆောင်ရွက်ပေးခြင်းနှင့် မိမိဒေသသို့ မီးရထားဖြင့် အသီးသီးပြန်နိုင်ရန် မူဆယ်မြို့မှ လားရှိုးမြို့သို့ ပို့ဆောင်ပေးသည်။

မူဆယ်မြို့သို့ မိမိသဘောအရပုံမှန်ဝင်ရောက်လာကြသည့် မြန်မာ ရွှေ့ပြောင်းအလုပ်သမားများကို မူဆယ်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ၊ လက်ခံရေးနှင့်နေရာချထားရေးဆပ်ကော်မတီက ကိုယ်ရေးကိုယ်တာအချက်အလက်များရယူပြီး မော်တော်ယာဉ်များ စီစဉ်ဆောင်ရွက်မှုဖြင့် မိမိဒေသအသီးသီးသို့ စနစ်တစ်ကျ ပြန်လည်ပို့ဆောင်ပေးသည်။

မူဆယ်မြို့သို့ မေလအတွင်းဝင်ရောက်လာကြသည့် နေရပ်ပြန်ပြည်သူများသည် ဧပြီလအတွင်း ဝင်ရောက်လာသူများထက် တစ်ဆပိုမိုများပြားကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

# ရေသုံးစွဲမှုကို လျှော့ချချွေတာနိုင်မည့် စပါးစိုက်ပျိုးနည်း

မိုးဦးကာလနှင့် မိုးလယ်ကာလ၊ မိုးခေါင်သောအခါတွင်လည်းကောင်း၊ ရေကြီးနစ်မြုပ်ဖြစ်တတ်သော ရေနက်ကွင်းများတွင်လည်းကောင်း၊ ဒီရေအတက်အကျရှိသောနေရာများတွင် လည်းကောင်း၊ သွင်းရေရရှိရန် မလွယ်ကူသော မိုးရေသောက် ကုန်းမြင့်ပိုင်းလယ်များတွင်လည်းကောင်း၊ အချိန်လု၍ စိုက်ပျိုးရန်လိုအပ်သည့်ကာလများတွင်လည်းကောင်း၊ ဒေသအလိုက် သင့်တော်သည့်စိုက်ပျိုးနည်းများအနက် အောက်ပါစိုက်ပျိုးနည်းကို အများပြည်သူသိရှိနိုင်ရန် တင်ပြအပ်ပါသည်။

စပါးကြဲပက်စိုက်ပျိုးနည်း (Broadcasting)

စပါးကြဲပက်စိုက်ပျိုးနည်းသည် အချိန်တိုအတွင်း၊ လုပ်သားနှင့် ရေလိုအပ်ချက်နည်းနည်းဖြင့် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်း၍ ကုန်ကျစရိတ်လျှော့နည်းစေသည့် နည်းစနစ်တစ်ခု ဖြစ်ပါသည်။ စပါးကြဲပက်စိုက်ပျိုးနည်း (၂)နည်းရှိပါသည်။ စပါးအခြောက်ကြဲပက်စိုက်ပျိုးခြင်းနှင့် အစိုကြဲပက်စိုက်ပျိုးခြင်းဟူ၍ဖြစ်ပါသည်။

## စပါးကြဲပက်စိုက်ပျိုးနည်း(အခြောက်/အစို) Broadcasting(Dry/Wet)





### ကြဲပက်စိုက်ပျိုးနည်း၏ အကျိုးကျေးဇူးများ

- ❖ အချိန်တိုအတွင်း ဧကများစွာစိုက်ပျိုးနိုင်ပါသည်။
- ❖ ပျိုးနုတ်ခြင်း၊ ရွှေ့ပြောင်းစိုက်ပျိုးခြင်း၊ လုပ်ငန်းများလုပ်ဆောင်ရန် မလိုအပ်ခြင်းကြောင့် ကုန်ကျစရိတ်သက်သာစေပါသည်။
- ❖ ပြောင်းရွှေ့စိုက်ပျိုးခြင်း မပြုလုပ်ရသည့်အတွက် အပင်ထိခိုက်မှု မရှိစေပါ။
- ❖ အစိုကြဲပက်စိုက်ပျိုးခြင်းသည် အခြောက်ကြဲပက်စိုက်ပျိုးခြင်းထက် အပင်ပေါက်ရောက်ဖြစ်ထွန်းမှုသေချာစေပါသည်။
- ❖ မြေဆီလွှာရုပ်ဂုဏ်သတ္တိကို တိုးတက်ကောင်းမွန်စေပါသည်။
- ❖ မျိုးတူပါက ပျိုးထောင်စိုက်ပျိုးခြင်းထက် ရိတ်သိမ်းချိန် (၇-၁၀) ရက် ခန့်စောနိုင်ပါသည်။

### ၁။ စပါးမျိုးရွေးချယ်ခြင်း

- ✓ ရာသီဥတုဒဏ်ခံနိုင်သည့် အပင်ပေါက်စွမ်းအားကောင်းပြီး၊ အထွက်ကောင်း မျိုးသန့်စပါးမျိုးကို ရွေးချယ်စိုက်ပျိုးရပါမည်။
- ✓ အပင်အရပ်မမြင့်သော သက်လျင်၊ သက်လတ် စပါးမျိုးကို ရွေးချယ် စိုက်ပျိုးရပါမည်။

### ၂။ မြေပြုပြင်ခြင်း

- ✓ အခြောက်ကြဲပက်စိုက်ပျိုးရာတွင် အခြောက်ထယ်ရေးကို ပုံမှန်အတိုင်း ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက် ထွန်ယက်ပြီးမှ ကြဲပက် စိုက်ပျိုးရခြင်းဖြစ်သည် ပုံ(၁)။
- ✓ အစိုကြဲပက်စိုက်ပျိုးရာတွင် တမန်းပြင်ကောင်းစွာပြုပြင်ပြီးမှ ကြဲပက် စိုက်ပျိုးရခြင်းဖြစ်သည် ပုံ(၂)။
- ✓ မျိုးစေ့ချရန် သင့်တော်သော မြေအစိုဓာတ်ရှိချိန်တွင် မြေခံမြေဩဇာ ထည့်သွင်း၍ ကြမ်းတုံးရိုက် မြေညှိပါ။
- ✓ စိုက်ခင်းမြေညီညာပြီး ရေပြောင်စင်အောင် ထုတ်နိုင်ရန် စိမ့်မြောင်း၊ ပတ်မြောင်းများ ပြုလုပ်ထားရမည်။


အခြောက်မြေပြင်ခြင်း　　အစိုမြေပြင်ခြင်း

### ၃။ မျိုးစေ့ချခြင်း

- ✓ တစ်ဧကအတွက် မျိုးသန့်စပါးမျိုးစေ့ (၂) တင်း အသုံးပြုရမည်။ အခြောက်ကြဲပက်စိုက်ပျိုးရာတွင် မျိုးစေ့ကို အခြောက်အတိုင်း ကြဲပက်ပြီး ကြမ်းရိုက်၍ဖုံးအုပ်ရမည်။ အစိုကြဲပက်စိုက်ပျိုးရာတွင် စပါးစေ့များကို (၂၄)နာရီ ကြာ ရေစိမ်၍ ရေပေါ်ပေါ်သော မျိုးစေ့များကို ဖယ်ရှားကာ (၂၄) နာရီကြာ မျိုးအုပ်ရမည်။ မျိုးစပါးကို စပါးစပ်ပြု အနေ အထားတွင် ကြဲပက်ရမည် ပုံ(၃)။
- ✓ မျိုးစေ့ကြဲပက်ရာတွင် ညီညာစေရန် ဂရုပြုရမည်။ မျိုးစေ့ကြဲပက် စက်ကိရိယာကို အသုံးပြု၍လည်း စိုက်ပျိုးနိုင်သည်။
- ✓ မျိုးစေ့ချပြီးချိန်မှ (၅)ရက်အတွင်း ကြွက်၊ ငှက်၊ တိရစ္ဆာန်တို့၏ ဖျက်ဆီးခြင်း မှ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရမည်။
- ✓ အပင်ပေါက်ပြီးနောက် (၁)လအတွင်း ကောက်ပင်ဖာခြင်းလုပ်ငန်းကို ဆောင်ရွက်ရပါမည်။


စပါးစပ်ပြုအနေအထား မျိုးညှောင့်ဖောက်ခြင်း

### ၄။ မြေဩဇာကျွေးခြင်း

- ✓ နွားချေးဆွေးနှင့် သဘာဝမြေဩဇာကို မြေခံအဖြစ်သုံးစွဲပါ။
- ✓ ကောက်ရိုး၊နှမ်းရိုး၊စပါးခွံစသည့် သီးနှံအကြွင်းအကျန်များနှင့် နွားချေး တို့ကို မြေဆွေးပြုလုပ်၍ မြေပြင်ချိန်တွင်ထည့်ပါက အပင်၏ အနည်း လို အာဟာရဓာတ်များကို ပံ့ပိုးပေးသည့်အပြင် မြေ၏ ရေထိန်းစွမ်းအား ကိုပါ တိုးတက်စေသည်။
- ✓ ပုလဲဓာတ်မြေဩဇာအား အပင်ပွားစီးချိန်နှင့် အနှံမထွက်မီ ၅ ရက် အလိုတွင် အိတ်ဝက်စီ(တစ်အိတ်/ကေနှုန်း) မှို့ကပ်ချိန်တွင် ပိုတက်ရှ် မြေဩဇာတစ်ကေ တစ်စိတ် (၁/၄ အိတ်)/ကေနှုန်း ထည့်သွင်းပေးပါ ပုံ(၄)။
- ✓ မြေဆီလွှာဓာတ်ခွဲခန်းများတွင် မြေဆီလွှာစမ်းသပ်စစ်ဆေး၍ ထောက်ခံ ချက်ပေးထားသော နှုန်းထားအတိုင်း ထည့်သွင်းအသုံးပြုပါ။
- ✓ စပါးအရွက်အရောင်တိုင်းကဒ်(LCC)ကို အသုံးပြု၍ နိုက်ထရိုဂျင် ဓာတ်မြေ ဩဇာလိုအပ်ချက်ကို အလွယ်တကူသိရှိနိုင်ပါသည်။


မြေဩဇာကြဲပက်ခြင်း

### ၅။ ရေသွင်းရေထုတ်ပြုလုပ်ခြင်း

- ✓ ရေသွင်းရေထုတ်ကို လိုအပ်သလို ဆောင်ရွက်ပေးရမည်။
- ✓ အပင်ပေါက်ပြီး(၂)ပတ်အတွင်း ရေမမြုပ်စေရန် သတိပြုရမည်။
- ✓ မှို့ကပ်ချိန်နှင့် ရင့်မှည့်ချိန်အကြားတွင် သွင်းရေ လုံလောက်စွာရရှိရန် လိုပါသည်။
- ✓ ရိတ်သိမ်းရာတွင် လွယ်ကူစေရန် ပန်းပွင့်စုံပြီး နောက် (၂၀-၂၅) ရက် အတွင်းရေထုတ်ပေးရပါမည်။

### ၆။ ပေါင်းမြက်ကာကွယ်နှိမ်နင်းခြင်း

ပေါင်းမြက်ထူထပ်ပါက စပါးအထွက်နှုန်းကို ထိခိုက်စေသည့်အတွက် ထိထိရောက်ရောက် ပေါင်းနှိမ်နင်းရန် လိုအပ်ပါသည်။

- ✓ မြေကို ကောင်းစွာပြုပြင်ခြင်းဖြင့် ပေါင်းမြက်များအား နှိမ်နင်းနိုင်သည်။


လက်ဖြင့် ပေါင်းမြက်နုတ်ခြင်း

- ✓ လက်ဖြင့်ဖြစ်စေ၊ ပေါင်းသတ်ဆေးဖြင့်ဖြစ်စေ ပေါင်းမြက်နှိမ်နင်းခြင်း ကို အပင်ပေါက်ပြီး (၁)ပတ်မှ (၁)လအတွင်း ဆောင်ရွက်ရပါမည် ပုံ(၅)၊(၆)။
- ✓ စပါးမျိုးစေ့မကြဲမီနှင့် စပါးပင်ပေါက်ပြီး ပေါင်းပင်အမျိုးအစားပေါ် မူတည်၍ မှတ်ပုံတင်ထားသော ပေါင်းသတ်ဆေးကို ဆေးညွှန်းအတိုင်း တိကျစွာအသုံးပြုပါ ပုံ(၆)။


မျိုးစေ့မကြဲမီ ပေါင်းသတ်ဆေးဖျန်းခြင်း　　အပင်ပေါက်ပြီး ပေါင်းသတ်ဆေးဖျန်းခြင်း

### ၇။ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း

- ✓ ပိုးမွှားရောဂါ ကျရောက်ဖျက်ဆီးမှု ရှိ/မရှိကို အမြဲမပြတ် ကွင်းဆင်း ကင်းထောက်စစ်ဆေးပြီး ပိုးသတ်ဆေးကို လိုအပ်မှသာ အသုံးပြုပါ ပုံ(၇)။
- ✓ ပိုးမွှားရောဂါများ ရှင်သန်ခိုအောင်းရာနေရာဖြစ်သော ပေါင်းပင်နှင့် ပင်ကြွင်းပင်ကျန်များကို သုတ်သင်ရှင်းလင်းပါ။
- ✓ ကြွက်ကြောင့် သီးနှံလေလွင့်ဆုံးရှုံးမှု လျော့နည်းစေရန်အတွက် စိုက်ခင်း၏ ဘေးပတ်ဝန်းကျင်ရှိ ချုံနွယ်များကို ရှင်းလင်းခြင်း၊ ကြွက်ထောင်ချောက်ထောင်ခြင်း၊ ကြွက်ကာပစ္စည်းများ အသုံးပြု ခြင်း စသည့်နည်းလမ်းများကို ဆောင်ရွက်နိုင်ပါသည်။


ကြခင်းအား ပိုးသတ်ဆေးဖျန်းခြင်း

### ၈။ ရိတ်သိမ်းခြင်း

- ✓ စပါးနှံ၏ (၈၀-၈၅)ရာခိုင်နှုန်း ရင့်မှည့်ချိန်(မောင်းညိုချိန်)တွင် အလေအလွင့် အနည်းဆုံးနည်းလမ်းဖြင့် ရိတ်သိမ်းပြီး ချက်ချင်း ခြွေလှေ့၍ အခြောက်ခံပါ။
- ✓ စပါးအစိုဓာတ်သည် မျိုးအတွက် (၁၃) ရာခိုင်နှုန်းနှင့် စားသုံးမည့် စပါးအတွက် (၁၄) ရာခိုင်နှုန်း လိုအပ်ပါသည်။

## တောင်သူလယ်သမားများသို့ အသိပေးတင်ပြခြင်း

ယနေ့ကာလတွင် တောင်သူလယ်သမားများ၏ စိုက်ပျိုး သီးနှံများ ပြည်တွင်းဈေးကွက်အတွင်းသို့ တင်ပို့ရောင်းချ ရာတွင် ကြုံတွေ့နေရသည့်အခက်အခဲများကို ကူညီဖြေရှင်း ပေးနိုင်ရန်အတွက် သမဝါယမကဏ္ဍမှ ကူညီဆောင်ရွက် ပေးမည့်အစီအစဉ်အား အသိပေးတင်ပြအပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် သမဝါယမအသင်းစုချုပ်များနှင့် ညှိနှိုင်းပြီး ပို့ဆောင်၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို အစွမ်းကုန် ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ယင်းကိစ္စရပ်များကို ဆောင်ရွက်ရာတွင် သမဝါယမ၏ မူတစ်ရပ်ဖြစ်သော No Profit, No Loss ဖြင့်ဆောင်ရွက်ပေး သွားမည်ဖြစ်ပါသည်။ တောင်သူလယ်သမားများအနေဖြင့် မိမိတို့၏ စိုက်ပျိုးထုတ်ကုန်များ ရောင်းချလိုပါက ရှမ်းပြည်နယ် အတွက် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ဖုန်း ၀၈၁-၂၁၂၁၆၇၂ နှင့် ရှမ်းပြည်နယ် သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဖုန်း ၀၉-၅၂၁၄၃၇၃ သို့လည်းကောင်း၊ ကျန်တိုင်းဒေသ ကြီး၊ ပြည်နယ်များအတွက် တိုင်းဒေသကြီး၊ ပြည်နယ် သမဝါယမဦးစီးဌာနများနှင့် အသင်းစုချုပ်များ၊ သမဝါယမ ဦးစီးဌာန(ရုံးချုပ်) ဖုန်း ၀၆၇-၄၁၀၃၄၁ သို့ ဆက်သွယ် အကူအညီရယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**သမဝါယမဦးစီးဌာန**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ရေအသုံးချသူများနှင့် ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ဆီသို့

ထက်လျှံ

ကိုဗစ်-၁၉ ထိန်းချုပ်ကာကွယ်ရေးအရ Stay Home ကာလတွင် နွေရာသီနှင့်အတူ သိသိသာသာ မြင့်မားသော အပူချိန်ကို အန်တုဖြတ်သန်းနေထိုင်ရင်း အတန်ငယ် ငြီးငွေ့မှုဖြစ်ပေါ်လာခဲ့ရာ မေလနှောင်းပိုင်းတွင် အမ်ဖန်ဆိုင်ကလုန်းမုန်တိုင်း၏အရှိန်ကြောင့် မိုးရိပ်လေရိပ် သန်းလာပြီး အပူချိန်လည်း တစ်စတစ်စလျော့ကျလာသည့်တစ်နေ့တွင် မိမိနေထိုင်ရာ လယ်ဝေးမြို့နယ်အတွင်းရှိ စစ်တောင်းမြစ်တစ်ဖက်ကမ်း ပင်သောင်ကျေးရွာတွင် နေထိုင်သော မိတ်ဆွေတစ်ဦးထံ အကြောင်းကိစ္စတစ်ခုဖြင့် သွားရောက်ခဲ့သည်။

### စနစ်ကျလယ်ယာမြေ ဖော်ထုတ်နေ

ပေါင်းလောင်းတူးမြောင်းပေါင် လမ်းတစ်လျှောက်သွားလာခဲ့ရာ နွေစပါးစိုက်ခင်းများနှင့် ဆည်ရေပေးဝေနေမှုကို တွေ့မြင်ရပြီး ပင်သောင်ရွာအနီး တူးမြောင်း၏ ယာဘက်တွင် တစ်ဆက်တစ်စပ်တည်း လယ်မြေများအား စက်ယန္တရားကြီးများ အသုံးပြုလျက် စနစ်ကျလယ်ယာမြေ ဖော်ထုတ်နေသည်ကိုလည်း မရောက်ရှိခဲ့သည့် လေးလတာကာလအတွင်း ပြောင်းလဲမှုမြင်ကွင်းသစ်အဖြစ် အံ့သြမှုနှင့်အတူ အားရကျေနပ်စွာ တွေ့မြင်ခဲ့ရသည်။

မိတ်ဆွေနှင့်လာရင်းကိစ္စ ပြောဆိုဆောင်ရွက်ပြီး အပြန်တွင် စနစ်ကျလယ်ယာမြေပေါ်ပေါက်ရေး၌ တောင်သူကိုယ်စားလှယ်တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်နေသည့် ထိုမိတ်ဆွေ၏ အကူအညီဖြင့် လုပ်ငန်းခွင်သို့ ဝင်ရောက်လေ့လာခွင့်ရခဲ့သည့်အပြင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ တာဝန်ခံများနှင့် တွေ့ဆုံကာ သိလိုသည်များ မေးမြန်းခွင့်ရခဲ့သည်။

စနစ်ကျလယ်ယာမြေဆိုသည့်အတိုင်း မူလက မညီညာသော၊ ပုံသဏ္ဌာန်မမှန်သော လယ်ကွက်များကို ကုန်ထုတ်လမ်း၊ ရေသွင်းမြောင်း၊ ရေနုတ်မြောင်း၊ စက်ဆင်းလမ်း၊ ရေသွင်း၊ ရေနုတ် အဆောက်အအုံများ ပါဝင်၍ မျက်နှာပြင်ညီညာသော လယ်ကွက်များအဖြစ် ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

ယင်းစီမံကိန်းကို International Fund for Agri-cultural Development(IFAD) ချေးငွေဖြင့် မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ရှင်သန်နိုးကြားမှု မြှင့်တင်ခြင်းစီမံကိန်း (FARM Project) ၏ စိုက်ပျိုးရေးအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအခန်းကဏ္ဍအနေဖြင့် ဆောင်ရွက်ခဲ့သည်။

ပင်သောင်စနစ်ကျလယ်ယာမြေဧက ၃၄၀ စီမံကိန်း အကောင်အထည်ဖော် ဖြစ်မြောက်နိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြစ်သည်။ တည်ဆောက်ရေးလုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ ပူးပေါင်းဖော်ဆောင်ခဲ့သည်။

စီမံကိန်းအတွက် တည်ဆောက်ရေးမစမီ အကြိုပြင်ဆင်ခြင်းလုပ်ငန်းများအနေဖြင့် တောင်သူသဘောတူညီချက်ရယူခြင်း၊ တိုင်းတာပုံထုတ်ခြင်း၊ တောင်သူပိုင်ဆိုင်မှုမြေပုံနှင့် စာရင်းပြုစု သဘောတူညီချက်ရယူခြင်း၊ ပြန်လည်နေရာချထားရေး အစီအစဉ်ရေးဆွဲ အတည်ပြုခြင်းတို့ကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ပြီး တည်ဆောက်ရေးကာလမှာ လေးလခန့်ကြာမြင့်၍ ယခု မေလကုန်တွင်



ပေါင်းလောင်းတူးမြောင်းမှရရှိသည့် ဆည်ရေဖြင့် စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းကို တွေ့ရစဉ်။

ရာနှုန်းပြည့် ပြီးစီးတော့မည်ဖြစ်သည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၅)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သီဟက "စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်းဖြင့် သမားရိုးကျလက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်မည်ဖြစ်ပြီး သိပ္ပံနည်းကျစိုက်ပျိုးရေးစနစ်များ အသုံးပြုနိုင်၍ စိုက်ပျိုးရေး ကုန်ထုတ်စွမ်းအား မြင့်မားရေး၊ ထုတ်ကုန်အရည်အသွေးကောင်းမွန်ရေး၊ ထုတ်လုပ်မှုစရိတ်လျော့ကျနိုင်ရေးနှင့် ကျေးလက်နေ တောင်သူတို့၏ဝင်ငွေ တိုးတက်မြင့်မားလာ၍ လူနေမှုဘဝတိုးတက်လာစေရန် ရည်ရွယ်ကြောင်း" ပြောသည်။

လူမှုရေးအကျိုးသက်ရောက်မှုများနှင့် ရေရှည်တည်တံ့စေရန် ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ "စနစ်ကျလယ်ယာမြေ ဖော်ဆောင်ခြင်းက သီးထပ်၊ သီးညှပ်တွေ တိုးမြှင့်စိုက်ပျိုးနိုင်တဲ့ လယ်ယာမြေတွေအဖြစ် ပြောင်းလဲသွားတဲ့အတွက် မူလတန်ဖိုးထက် များစွာမြင့်တက်လာခြင်း၊ ရေသွင်း၊ ရေနုတ်စနစ်တွေ ထည့်သွင်းဆောင်ရွက်ထားတဲ့

**ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ကို လက်တွေ့အသုံးချ ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကဆောင်ရွက်နေသူများဖြစ်သည့် ရေအသုံးချသူများ၏ ပူးပေါင်းပါဝင်မှုသည် အရေးကြီးသော အခန်းကဏ္ဍဖြစ်သည့် ရေအသုံးချသူများ အဖွဲ့/အသင်းကို ထူထောင်ခြင်း၊ နည်းပညာဖြန့်ဝေခြင်းဆိုင်ရာ သင်တန်းများပေးခြင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ရေရှည်တည်တံ့နိုင်သည့် ပံ့ပိုးမှုအစီအမံများ ဆောင်ရွက်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်**

အတွက် တောင်သူတွေ ရေကို စနစ်တကျလွယ်ကူစွာ ရယူနိုင်ခြင်းကြောင့် ရေကြောင့်ဖြစ်ပွားတဲ့ ပဋိပက္ခတွေ ကင်းဝေးခြင်း၊ ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံတွေ ပျက်စီးဆုံးရှုံးခြင်းဒုက္ခများမှ ကင်းဝေးခြင်း၊ ကုန်ထုတ်လမ်းတွေ ပါဝင်တဲ့အတွက် သွင်းအားစုနဲ့ ထုတ်ကုန်တွေကို သယ်ယူမှု လွယ်ကူခြင်း၊ ကုန်ကျစရိတ် လျော့နည်းသက်သာလာခြင်း၊ စိုက်ပျိုးရေးစက်ယန္တရားတွေ လွယ်ကူစွာ ဝင်ထွက်သွားလာနိုင်တဲ့အတွက် အချိန်ကုန်သက်သာပြီး ကုန်ထုတ်လုပ်မှုတွေ တိုးတက်လာတဲ့အတွက် တောင်သူတွေ ဝင်ငွေတိုးတက်လာပြီး ဒေသတွင်း ဝမ်းစာလုံလောက်ခြင်းစတဲ့ ကောင်းမွန်တဲ့ အကျိုးသက်ရောက်မှုတွေကို ရရှိခံစားနိုင်မှာဖြစ်ပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သီဟက ရှင်းပြသည်။

စနစ်ကျလယ်ယာမြေ ဖော်ဆောင်ပြီးနောက် တည်ဆောက်ပြီး အခြေခံအဆောက်အအုံများနှင့် ၎င်း၏ အကျိုးရလဒ်များ ရေရှည်တည်တံ့ပြီး ပုံမှန်လည်ပတ်နိုင်ရေးအတွက် သက်ဆိုင်ရာ တောင်သူများဖြင့် ရေအသုံးချသူများအဖွဲ့ (WUG)များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းကို စီမံကိန်းတွင် လျာထားဆောင်ရွက်လျက်ရှိသည်။

### ရေကို အကျိုးရှိစွာအသုံးပြုနိုင်ရေး

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် တောင်သူဦးကြီးများ သီးနှံစိုက်ပျိုးထုတ်လုပ်ရေးအတွက် လိုအပ်သည့်ရေကို အကျိုးရှိစွာ အသုံးပြုနိုင်ရေးနှင့် ဆည်မြောင်းစနစ် ဆောင်ရွက်ချက်များ တိုးတက်လာစေရန် နိုင်ငံတော်အစိုးရ၏ စီမံခန့်ခွဲမှုအပြင် ရေအသုံးချတောင်သူများ ပါဝင်သော ပူးပေါင်းစီမံခန့်ခွဲ မှုနည်းလမ်းကိုပါ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ နိုင်ငံများစွာတွင် ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်စီမံခန့်ခွဲမှုသည် အများလက်ခံနိုင်သည့် အလေ့အကျင့်ကောင်းတစ်ခုဖြစ်လာသည်။ မြန်မာနိုင်ငံသည် အခြားနိုင်ငံများ၏ အတွေ့အကြုံများကို လေ့လာသိရှိလာခြင်းနှင့် ဒီမိုကရေစီပြောင်းလဲမှုများ ရှိလာပြီဖြစ်သည်နှင့်အညီ အစိုးရစီမံမှုစနစ်မှ ပူးပေါင်းစီမံမှုစနစ်သို့ ပြောင်းလဲလာခြင်းကို အထောက်အကူပြုလာသဖြင့် ပိုမိုကောင်းမွန်သော ပူးပေါင်းပါဝင်ဆည်မြောင်းစနစ် စီမံခန့်ခွဲမှုကို ဖြစ်ပေါ်လာစေသည်။

ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ကို လက်တွေ့အသုံးချဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိက ဆောင်ရွက်နေသူများဖြစ်သည့် ရေအသုံးချသူများ၏ ပူးပေါင်းပါဝင်မှုသည် အရေးကြီးသော အခန်းကဏ္ဍဖြစ်သည့် ရေအသုံးချသူများ အဖွဲ့/အသင်းကို ထူထောင်ခြင်း၊ နည်းပညာဖြန့်ဝေခြင်းဆိုင်ရာ သင်တန်းများပေးခြင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ရေရှည်တည်တံ့နိုင်သည့် ပံ့ပိုးမှု အစီအမံများ ဆောင်ရွက်ခြင်းတို့ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်သည်။

FARM Project စီမံကိန်းကာလတွင် ယနေ့အထိ ပေါင်းလောင်းဆည် ရေသောက်ဧရိယာအတွင်း ဧက ၂၈၀၀ ကို စနစ်ကျလယ်ယာမြေဖော်ဆောင်၍ ရေအသုံးချသူများအဖွဲ့ (WUG) ၈၁ ဖွဲ့ ဖွဲ့စည်းထားသည်။

### ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းတည်ထောင်

ရေအသုံးချသူများ အဖွဲ့/အသင်း (WUG/ WUA) ဖွဲ့စည်းတည်ထောင်ခြင်းနှင့်စပ်လျဉ်း၍ "(၁) မြောင်းမကြီး၊ လက်တံမြောင်း (သို့မဟုတ်) လက်တံခွဲမြောင်းက တိုက်ရိုက်ရေပေးတဲ့ ရေထုတ်ပေါက်/ လယ်ကြားမြောင်း (သို့မဟုတ်) ရေထုတ်ပေါက်များ/ လယ်ကြားမြောင်းများမှာ ရေအသုံးချသူများအဖွဲ့ (WUG)ကို ဖွဲ့စည်းနိုင်ပါတယ်။ (၂) မြောင်းမကြီး၊ လက်တံမြောင်း (သို့မဟုတ်) လက်တံခွဲမြောင်း (သို့မဟုတ်) ၎င်းတို့ရဲ့ အစိတ်အပိုင်း တစ်ခုမှာ ရေအသုံးချသူများအသင်း (WUA) ကို ဖွဲ့စည်းနိုင်ပါတယ်" ဟု ဦးစီးအရာရှိ ဦးမျိုးမင်းသန့်က ရှင်းပြသည်။

ပေါင်းလောင်းဆည် ရေသောက်စနစ်အတွင်းရှိ ရေအသုံးချသူများအဖွဲ့(WUG)များနှင့် စပ်လျဉ်း၍ လယ်ဝေးမြို့နယ် ပျံချီကျေးရွာနေ ရေအသုံးချသူများအဖွဲ့ဝင်(WUG) တောင်သူ ဦးညွန့်ဝင်းက "ပျံချီ စနစ်ကျလယ်ယာမြေ ၄၆၈ ဧကမှာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဦးဆောင်ပြီး လယ်ကြားမြောင်း ၁၆ မြောင်းအတွက် WUG အဖွဲ့ ၁၆ ဖွဲ့ကို ၂၀၁၈ ခုနှစ်မှာ ဖွဲ့စည်းပေးခဲ့ပါတယ်။ တစ်ဖွဲ့မှာ တောင်သူ ရှစ်ဦးမှ ၂၀ အထိ ပါဝင်ပြီး တစ်ဖွဲ့အတွက် ခေါင်းဆောင်နဲ့ ဒုတိယခေါင်းဆောင်တို့ကို အဖွဲ့ဝင်တွေကနေ မဲပေးရွေးချယ်ခဲ့ပါတယ်။ ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဦးဆောင်ပြီး တောင်သူတွေနဲ့ တွေ့ဆုံခြင်း၊ အစည်းအဝေးပြုလုပ်ခြင်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ တွေ့ဆုံပွဲနဲ့ အစည်းအဝေးတွေမှာ WUG အဖွဲ့ရဲ့ အရေးပါပုံ၊ ဖွဲ့စည်းရန် လိုအပ်ပုံ၊ ဆောင်ရွက်ရမယ့်တာဝန်ဝတ္တရားတွေ၊ လိုက်နာရမယ့် ဆည်မြောင်းဥပဒေတွေကို ရှင်းလင်းပြောကြားခြင်း၊ လက်ကမ်းစာစောင်တွေ ဖြန့်ဝေခြင်းစတဲ့ အသိပညာပေးခြင်းတွေကို ဆောင်ရွက်ကြပါတယ်" ဟု ရှင်းပြသည်။

**စာမျက်နှာ ၂၃ သို့** ❖

❖ စာမျက်နှာ ၂၂ မှ

ဆည်ရေပေးသွင်းရာတွင် ဌာနမှ တူးမြောင်းမကြီးမှ တစ်ဆင့် လက်တံမြောင်း၊ လက်တံခွဲမြောင်း၊ တိုက်ရိုက်မြောင်းတို့၏ ရေထုတ်ပေါက်များအထိပေးဝေပြီး ရေထုတ်ပေါက်မှ စိုက်ကွင်းများအတွင်းသို့ တောင်သူများမှ ရေသွင်းစိုက်ပျိုးသည့်အတွက် စိုက်ကွင်းများအတွင်း အချိန်တိုအတွင်း လိုအပ်သည့်နေရာသို့ ဆည်ရေရောက်ရှိနိုင်ရန်၊ မိမိလယ်ကွက်အတွင်း မိမိမြောင်းဖြင့် လိုအပ်သည့်အချိန် ရေယူနိုင်ရန်၊ အချင်းချင်း ရေပဋိပက္ခများမှ ကင်းဝေးစေရန်၊ ရေအလေအလွင့်နည်းပြီး ပိုမိုများပြားသော လယ်ကွက်များသို့ ဆည်ရေတိုးချဲ့ပေးနိုင်ရန်၊ ဆည်ရေပေးဝေရာတွင် မိမိတို့ကိုယ်တိုင် ပါဝင်စီမံဆောင်ရွက်နိုင်ရန် ကွက်ဆင့်သောက်စနစ်မဟုတ်ဘဲ စိုက်ကွင်းအတွင်း ဆည်ရေပေးအခြေခံအဆောက်အအုံဖြစ်သည့် တောင်သူပိုင် လယ်ကြားမြောင်းကို တူးဖော်ရန် လိုအပ်သည်။ တူးဖော်ပြီး လယ်ကြားမြောင်းများ ကောင်းမွန်စွာလည်ပတ်နိုင်ရေးအတွက် စဉ်ဆက်မပြတ် ပြုပြင်ထိန်းသိမ်းရန် လိုအပ်သည့်အတွက် ရေအသုံးချသူများအဖွဲ့ကို ဖွဲ့စည်းရခြင်းဖြစ်သည်။

### မျှတသောရေပေးဝေမှုဖြစ်စေရန်ဖြေရှင်းပေး

"ရေရယူရန်အတွက် စိုက်ပျိုးမယ့်သီးနှံ၊ အချိန်တို့ကို ညှိနှိုင်းသတ်မှတ်ခြင်းနဲ့ ဌာနကိုတင်ပြခြင်း၊ ရေပေးချိန်သတ်မှတ်ရန် အချိန်မီ လယ်ကြားမြောင်းရှင်းလင်းခြင်း၊ ပြုပြင်ခြင်းတွေဆောင်ရွက်ဖို့ စည်းရုံးခြင်း၊ အချိန်မီဆောင်ရွက်ခြင်း၊ ရေပေးဝေတဲ့ကာလမှာ မျှတတဲ့ ရေပေးဝေမှုဖြစ်စေဖို့ စောင့်ကြည့်ညှိနှိုင်းဖြေရှင်းခြင်း၊ WUG က ဆောင်ရွက်နိုင်တဲ့ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းတွေကို ဌာနသို့တင်ပြပြီး ပူးပေါင်းစီမံခန့်ခွဲမှုဆောင်ရွက်ရပါတယ်" ဟု တောင်သူ ဦးညွန့်ဝင်းက ပြောသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် FARM Project နှင့်ပူးပေါင်း၍ WUG အဖွဲ့ဝင်များကို စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် လေ့လာရေးခရီးစဉ်များကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၉ ခုနှစ် မေလအတွင်း နေပြည်တော်မှ တောင်သူလယ်သမားကိုယ်စားလှယ် ၄၀ သည် ပဲခူးအနောက်ခြမ်း ဆည်ရေဖွံ့ဖြိုးရေး စီမံကိန်းဖြစ်သည့် ဝဲကြီးနှင့် တောင်နဝင်းဆည်ရေသောက်စနစ် ပြုပြင်မွမ်းမံခြင်းစီမံကိန်းများ၌ ရေအသုံးချသူများအဖွဲ့(WUG) များ ဖွဲ့စည်းဆောင်ရွက်မှု၊ ရေအသုံးချသူများအသင်းသို့ တိုးမြှင့်ဖွဲ့စည်းမှုများ ဌာနနှင့်ပူးပေါင်း၍ စီမံခန့်ခွဲဆောင်ရွက်မှု၊ ထိန်းသိမ်းလည်ပတ်ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများ၊ တောင်သူများနှင့် တွေ့ဆုံမေးမြန်းခြင်း၊ မိမိနေရပ်ရှိ မိတ်ဆွေတောင်သူများသို့ အတွေ့အကြုံများ ပြန်လည်မျှဝေခြင်း၊ ရေအသုံးချသူများအသင်း တိုးမြှင့်ဖွဲ့စည်းနိုင်ရန်နှင့် ပူးပေါင်းပါဝင်ဆည်မြောင်းစနစ် ထွန်းကားလာရေးတို့ကို ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



တစ်ဆက်တစ်စပ်တည်း လယ်မြေများအား စက်ယန္တရားများဖြင့် စနစ်ကျလယ်ယာမြေဖော်ထုတ်မှုကို တွေ့ရစဉ်။

### ရေချို့ရှားပါးမှုတိုးလာ

ကမ္ဘာတွင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်နှင့်အတူ ရေသယံဇာတများ ထိခိုက်လာပြီး ရေချို့ရှားပါးမှုသည် တစ်စထက်တစ်စ တိုးမြင့်လာလျက်ရှိသည်။ လူသားတို့၏ လိုအပ်ချက်များအရ ရေသယံဇာတအရင်းအမြစ်များကို နည်းလမ်းအမျိုးမျိုးဖြင့် ထုတ်ယူသုံးစွဲလျက်ရှိရာ စိုက်ပျိုးရေသုံးစွဲမှုပမာဏသည် များပြားလျက်ရှိသည်။

သိသာထင်ရှားသည့် သာဓကအနေဖြင့် စာရေးသူလေ့လာမိသမျှ ပေါင်းလောင်းဆည်ရေသောက်နွေစပါးဆည်ရေပေးဝေရန် တစ်ရက် ရေဧကပေ ၁၂၀၀ ခန့် (ရေဂါလန် ၃၂၄ သန်း) ဖြန့်ဝေသုံးစွဲနေရပြီး နေပြည်တော်၏ လူဦးရေ ကိုးသိန်းခန့် အနာဂတ် သောက်သုံးရေဖူလုံရေးအတွက် တိုးမြှင့်ပေးဝေနိုင်ရေး လျာထားသော တစ်ရက် ရေဂါလန် ၃၅ သန်းနှင့် နှိုင်းယှဉ်ပါက ၁၀ ဆခန့်ရှိသည်ကို လေ့လာတွေ့ရှိရသည်။

စိုက်ပျိုးရေ အလေအလွင့်နည်းပါးရေး၊ ထိရောက်အကျိုးရှိစွာသုံးစွဲနိုင်ရေး၊ ရေအသုံးချသူများအဖွဲ့/အသင်းများ တည်ထောင်၍ ပါဝင်စီမံမှုသည် ရေသယံဇာတအရင်းအမြစ်စီမံမှုအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ဖြစ်စေပြီး ကျေးလက်နေပြည်သူအများစုဖြစ်သည့် တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်နိုင်ခြင်းဖြင့် "ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်"ကို "လူထုဗဟိုပြုသော ရေစီမံခန့်ခွဲမှု" တစ်ခုအနေဖြင့် မှတ်တမ်းပြုတင်ပြလိုက်ရပါသည်။ ။



စက်ယန္တရားများ အသုံးပြု၍ စနစ်ကျလယ်ယာမြေဖော်ထုတ်နေမှုကို တွေ့ရစဉ်။

## မြဝတီချစ်ကြည်ရေးအမှတ် (၂) တံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၁၀၄၃ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ ဇွန် ၁**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများအား မေ ၁ ရက်မှစ၍ လက်ခံခဲ့ရာ ယနေ့တွင် မြဝတီ အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ၁၀၄၃ ဦး ပြန်လည်ဝင်ရောက်လာကြောင်း သိရသည်။

ထိုသို့ ပြန်လည်ဝင်ရောက်လာသူများအနက် ၃၀၈ ဦးသည် ထိုင်းနိုင်ငံ မော်ချစ်ကားဂိတ်မှ ကား ၁၅ စီးဖြင့် နှစ်နိုင်ငံအစိုးရ၏ ညှိနှိုင်းမှု ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်သူများဖြစ်ပြီး ကျန် ၇၃၅ ဦးသည် ထိုင်းနိုင်ငံ ဒေသအသီးသီးမှ ၎င်းတို့၏အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်သူများဖြစ်သည်။

ပြန်လည် ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ပြန်လည် ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်တွင် ၆၀၊ မေ ၂ ရက်တွင် ၅၄ ဦး၊ မေ ၃ ရက်တွင် တစ်ဦး၊ မေ ၄ ရက်တွင် ၄၄ ဦး၊ မေ ၅ ရက်တွင် ၂၃ ဦး၊ မေ ၆ ရက်နှင့် ၇ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ မေ ၈ ရက်တွင် ၁၀၀၊ မေ ၉ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ မေ ၁၀ ရက်တွင် ၄၄ ဦး၊ မေ ၁၁ ရက်တွင် ၁၃ ဦး၊ မေ ၁၂ ရက်တွင် ၄၁ ဦး၊ မေ ၁၃ ရက်တွင် ၁၆ ဦး၊ မေ ၁၄ ရက်တွင် ၃၈ ဦး၊ မေ ၁၅ ရက်တွင် ၁၂၀၊ မေ ၁၆ ရက်တွင် ၇၆ ဦး၊ မေ ၁၇ ရက်တွင် ၉၀၊ မေ ၁၈ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ မေ ၁၉ ရက်တွင် ၆၄ ဦး၊ မေ ၂၀ ရက်နှင့် ၂၁ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ မေ ၂၃ ရက်တွင် ၆၀၄ ဦး၊ မေ ၂၄ ရက်တွင် ၁၁၁၈ ဦး၊ မေ ၂၅ ရက်တွင် ၁၂၇၇ ဦး၊ မေ ၂၆ ရက်တွင် ၁၃၉၄ ဦး၊ မေ ၂၇ ရက်တွင် ၁၄၃၄ ဦး၊ မေ ၂၈ ရက်တွင် ၁၁၆၈ ဦး၊ မေ ၂၉ ရက်တွင် ၁၂၀၂ ဦး၊ မေ ၃၀ ရက်တွင် ၁၁၅၂ ဦး၊ မေ ၃၁ ရက်တွင် ၁၅၁၁ ဦး၊ ယနေ့တွင် ၁၀၄၃ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီး စုစုပေါင်း ၁၂၆၈၇ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

အဆိုပါနေ့အလိုက် ပြန်လည်ဝင်ရောက်သူများအနက် မေ ၁၃ ရက်မှ ၁၅ ရက်အထိ ပြန်လည်ဝင်ရောက်သူများနှင့် မေ ၁၇ ရက်ဝင်ရောက်သူ ၉၀ အနက် ၄၅ ဦး၊ မေ ၂၇ ရက် ဝင်ရောက်သူ ၁၄၃၄ ဦးအနက် ၅၂ ဦးတို့အနေဖြင့် ထိုင်းနိုင်ငံတွင် ပြစ်ဒဏ်ကျခံရပြီးသောသူများနှင့် အချုပ်မှ ပြန်လည်လွှတ်မြောက်လာသူများ ဖြစ်သဖြင့် ထိုင်းနိုင်ငံ တာဝန်ရှိသူများက လာရောက်လွှဲပြောင်းပို့ဆောင်ပေးခဲ့ခြင်းဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများအနေဖြင့် တိုင်းဒေသကြီး ပြည်နယ်အသီးသီးမှ အမျိုးသား ၆၄၇ ဦး၊ အမျိုးသမီး ၃၉၆ ဦး စုစုပေါင်း ၁၀၄၃ ဦးဖြစ်ကြောင်း သိရသည်။



**ထိန်လင်းအောင်(ပြန်/ဆက်)**

## ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေးစာစောင်များ ဖြန့်ဝေခြင်းနှင့် သတိပေးတားမြစ်ချက်ဆိုင်းဘုတ်များ စိုက်ထူခြင်းဆောင်ရွက်

**မန္တလေး ဇွန် ၁**

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများ၌ မြစ်ချောင်းအင်းအိုင်အနှံ့အပြားတွင် ငါးရစ်တက်ချိန်၊ ငါးသားပေါက်သော ငါးရစ်ငါးသန်ရာသီချိန်ဖြစ်၍ ငါး၊ ပုစွန်များ မဖမ်းဆီးရေးနှင့် ငါးသယံဇာတ ထိန်းသိမ်းရေးပညာပေးလုပ်ငန်းများကို မေ ၃၀ ရက် နံနက် ၈ နာရီခွဲခန့်တွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက ပုသိမ်ကြီးမြို့နယ် သရက်တပင်ဆိပ်ကမ်းနှင့် အမရပူရမြို့နယ် ရွှေကြက်ယက်ဆိပ်ကမ်းတို့တွင် ငါးသယံဇာတအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ငါးမျိုးပြုန်းတီးမှုကို ဖြစ်ပေါ်စေသည့် လျှပ်စစ်၊ ဘက်ထရီရှော့တိုက်(ကျဉ်စက်) ငါးဖမ်းဆီးခြင်းမပြုရန် သတိပေးတားမြစ်ချက်ဆိုင်းဘုတ်စိုက်ထူခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

တားမြစ်ထားသော ငါးရစ်ငါးသန်ကာလအတွင်း ငါးလုပ်ငန်းဦးစီးဌာနက ငါးဖမ်းဆီးခြင်းမပြုရန် နှိုးဆော်စာများ ထုတ်ပြန်ထားပြီးဖြစ်ရာ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ပါက မန္တလေးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မန်းကိုယ်ပွား**



## အင်တာမီလန်အသင်းတိုက်စစ်မှူး အိုင်ကာဒီ အမြဲတမ်းစာချုပ်တစ်ရပ်နဲ့ ပီအက်စ်ဂျီသို့ ပြောင်းရွှေ့

ပြင်သစ်ပထမတန်းချန်ပီယံ ပီအက်စ်ဂျီအသင်းဟာ အင်တာမီလန်အသင်းရဲ့ တိုက်စစ်မှူး အိုင်ကာဒီကို ပြောင်းရွှေ့ကြေးယူရိုသန်း ၆၀ (ပေါင် ၅၄ သန်း)နဲ့ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့တယ်လို့ သိရပါတယ်။

အသက် (၂၇) နှစ်အရွယ်ရှိ အာဂျင်တီးနားတိုက်စစ်မှူး အိုင်ကာဒီဟာ ပြီးခဲ့တဲ့နှစ် စက်တင်ဘာလအတွင်းက အင်တာမီလန်အသင်းကနေ ပီအက်စ်ဂျီအသင်းဆီ တစ်ရာသီအငှားစာချုပ်နဲ့ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး ကနဦးချုပ်ဆိုထားတဲ့စာချုပ်အရ ပီအက်စ်ဂျီအသင်းဟာ အငှားစာချုပ်သက်တမ်းကုန်ဆုံးပါက အမြဲတမ်းစာချုပ်ချုပ်ဆိုခွင့်လည်း ပါရှိခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး အိုင်ကာဒီဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကြောင့် ဘောလုံးပြိုင်ပွဲတွေ မရပ်နားထားမီအထိ ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းအတွက် ပြိုင်ပွဲအရပ်ရပ်မှာ ၃၁ ပွဲ ပါဝင်ကစားပေးထားပြီး သွင်းဂိုး ၂၀ အထိ သွင်းယူပေးထားတာ ဖြစ်ပါတယ်။

အိုင်ကာဒီဟာ ပီအက်စ်ဂျီအသင်းမှာ နေရာရဖို့အတွက် အသင်းရဲ့ ထိပ်တန်းဂိုးသွင်းရှင်ဖြစ်တဲ့ တိုက်စစ်မှူးကာဗာနီနဲ့ အပြိုင်ကြိုးပမ်းနေရတာဖြစ်ပြီး ကာဗာနီရဲ့ ပီအက်စ်ဂျီအသင်းနဲ့ ချုပ်ဆိုထားတဲ့စာချုပ်သက်တမ်းဟာ ဇွန် ၃၀ ရက်မှာ ကုန်ဆုံးမှာလည်းဖြစ်ပါတယ်။

တိုက်စစ်မှူး အိုင်ကာဒီဟာ ပီအက်စ်ဂျီအသင်းဆီကို အမြဲတမ်းစာချုပ်တစ်ရပ်နဲ့ ပြောင်းရွှေ့ခဲ့ပြီလို့ အင်တာမီလန်အသင်းက ကြေညာခဲ့တဲ့အပြင် ဘောလုံးရာသီခြောက်ရာသီကြာ အင်တာမီလန်အသင်းမှာ အကောင်းဆုံးကစားပေးနိုင်ခဲ့တဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်လို့ အင်တာမီလန်အသင်းက ကြေညာချက်တစ်စောင်မှာ ပြောကြားခဲ့ပါတယ်။

## မန်ယူအသင်းက အိုင်ဟာလိုရဲ့ အငှားစာချုပ်ကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလအထိ သက်တမ်းတိုးမြှင့်



တိုက်စစ်မှူး အိုင်ဟာလိုဟာ မန်ယူအသင်းနဲ့ လက်ရှိချုပ်ဆိုထားတဲ့စာချုပ်သက်တမ်းကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလအထိ သက်တမ်းတိုးမြှင့်လိုက်တယ်လို့ သိရပါတယ်။

အသက် (၃၀) အရွယ်ရှိ တိုက်စစ်မှူး အိုင်ဟာလိုဟာ ဇန်နဝါရီဈေးကွက်အတွင်းက တရုတ်စူပါလိဂ်ကလပ် ရှန်ဟိုင်းရှင်ဟွာအသင်းကနေ မန်ယူအသင်းဆီကို အငှားစာချုပ်နဲ့ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး အဲဒီစာချုပ်ဟာမေ ၃၁ ရက်ကသက်တမ်းကုန်ဆုံးခဲ့တာလည်း ဖြစ်ပါတယ်။

မန်ယူအသင်းအနေနဲ့ ကနဦးစာချုပ်ချုပ်ဆိုစဉ်ကတည်းက နိုင်ဂျီးရီးယားကြယ်ပွင့် အိုင်ဟာလိုကို အမြဲတမ်းစာချုပ်နဲ့ ခေါ်ယူနိုင်မယ့်အခွင့်အရေးမရှိခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ အငှားစာချုပ်ကို သက်တမ်းတိုးလိုက်တဲ့အတွက် အိုင်ဟာလိုရဲ့ မန်ယူအသင်းနဲ့အတူ ဆုဖလားတွေရယူဖို့ မျှော်လင့်ထားတဲ့ မျှော်လင့်ချက်အိပ်မက်တစ်ခုကို ဖန်တီးပေးလိုက်တာဖြစ်တယ်လို့ မန်ယူအသင်းနည်းပြ ဆိုးရှားက ပြောကြားခဲ့ပါတယ်။

အိုင်ဟာလိုဟာ မတ် ၁၂ ရက်က LASK အသင်းကို မန်ယူအသင်းက ငါးဂိုးပြတ်နဲ့အနိုင်ရရှိခဲ့တဲ့ ယူရိုပါလိဂ်ပွဲစဉ်မှာ သွင်းယူခဲ့တဲ့သွင်းဂိုးတစ်ဂိုးအပါအဝင် မန်ယူအသင်းအတွက် ရှစ်ပွဲကစားပေးခဲ့ရာမှာ သွင်းဂိုးလေးဂိုးသွင်းယူနိုင်ခဲ့တဲ့ ကစားသမားလည်းဖြစ်ပါတယ်။

ပရီမီယာလိဂ်ဘောလုံးရာသီကို ဇွန် ၁၇ ရက်မှာ ပြန်လည်စတင်မှာဖြစ်ပြီး လက်ရှိမှာ မန်ယူအသင်းဟာ ကစားဖို့ ကိုးပွဲကျန်နေချိန်မှာ အဆင့် ၄ နေရာက ချယ်လ်ဆီးအသင်းနဲ့ သုံးမှတ်အကွာ အမှတ်ပေးဇယားရဲ့ အဆင့်ငါးနေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

o---- ငွေကြယ် ----o

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်၊ ဧည့ဝတီလမ်း၊ အမှတ်(၈)၊ ၅လွှာတိုက်ခန်းနှင့် အကျိုးခံစားခွင့်တို့ကို ပိုင်ဆိုင်သူ မနှင်းပွင့်ဖြူ[၁၂/စခန(နိုင်)၀၇၁၁၈၈]၊ မသန်းသန်းထက်[၁၂/စခန(နိုင်)၀၇၈၁၄၈] ထံမှ ကျွန်မဒေါ်အုန်းမြကြည်[၆/ကသန(နိုင်)၀၀၄၅၃၀]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေချထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းနှင့် အကျိုးခံစားခွင့်ကို ရောင်းဝယ်မှုအပေါ် ကန့်ကွက်လိုပါက ကျွန်မထံသို့ ခိုင်လုံသည့် အထောက်အထားနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၃)ရက်အတွင်း ဖုန်းဆက်၍ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တိုက်ခန်း နှင့်အကျိုးခံစားခွင့် တရားဝင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အုန်းမြကြည်**

**Ph:09-420761119,09-660117111**

**အနုပညာ**

## TWICE ရဲ့ တေးဗီဒီယိုသစ် ထွက်ရှိ

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ TWICE ဟာ လတ်တလောမှာ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်မှာ ပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ကို တေးဗီဒီယိုနဲ့အတူ ထုတ်လွှင့်ပေးခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇွန် ၁ ရက်မှာ အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဂျေဝိုင်ပီအင်တာတိန်းမန့်က တေးဗီဒီယိုသစ် More N More ကို စတင်ထုတ်လွှင့်ပေးခဲ့တာ ဖြစ်ပါတယ်။ ဒီတေးဗီဒီယိုဟာ အဖွဲ့ရဲ့ ကိုးခုမြောက် မီနီတေးအယ်လ်ဘမ် More N More မှာ ပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်လည်း ဖြစ်ပါတယ်။

**အေးပြည့်**

## Black Pink အဖွဲ့ဝင်တွေရဲ့ တစ်ကိုယ်တော်တေးသီချင်းများ ထွက်ရှိမည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Black Pink ရဲ့ အဖွဲ့ဝင်တွေဟာ တစ်ကိုယ်တော်တေးသီချင်းသစ်တွေကို ပြင်ဆင်နေပြီး မကြာမီမှာ ထုတ်လွှင့်သွားဖို့ရာ စီစဉ်ထားကြောင်း အဖွဲ့ရဲ့ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအင်တာတိန်းမန့်က လတ်တလောမှာ ထုတ်ဖော်ပြောကြားလာကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျန်းနီက တစ်ကိုယ်တော်တေးသီချင်းလို့ အဓိပ္ပာယ်ရတဲ့ စာသားကို သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့ပြီးနောက် ပရိသတ်တွေက အခြားသော အဖွဲ့ဝင်တွေရဲ့ တစ်ကိုယ်တော်တေးသီချင်းတွေနဲ့ပတ်သက်ပြီး မေးမြန်းခဲ့ရာမှ အေဂျင်စီက အဖွဲ့ဝင်တိုင်းရဲ့ တစ်ကိုယ်တော်တေးသီချင်းတွေကို ပြင်ဆင်နေကြောင်း ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။

အေဂျင်စီရဲ့ ပြောကြားချက်အရ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ရို့စ်ရဲ့ တစ်ကိုယ်တော်တေးသီချင်းဟာ လတ်တလောမှာ ပြင်ဆင်ပြီးပြီဖြစ်ကာ ထုတ်လွှင့်ဖို့ အသင့်ရှိနေပြီဖြစ်ကြောင်း သိရပါတယ်။ အခြားသော အဖွဲ့ဝင်တွေဖြစ်ကြတဲ့ လီဆာနဲ့ဂျီဆိုးရဲ့ တစ်ကိုယ်တော်တေးသီချင်းသစ်တွေကိုလည်း ပြင်ဆင်နေဆဲဖြစ်တယ်လို့ သိရပါတယ်။

**အေးပြည့်**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့၊ မိုးညိုတန်းရပ်ကွက်၊ ချမ်းမြသာမြေ(၂)လမ်း၊ အမှတ်(၁)ရှိ "**စကြာဝဠာစိုက်ပျိုးရေးစွမ်းအားစုကုမ္ပဏီလီမိတက်**"၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်(၁၂၄၂၆၂၉၁) ကုမ္ပဏီ၏ကိုယ်စား ဒါရိုက်တာအဖွဲ့ဝင် ဦးထက်ရှိန်းကို(ဘ)ဦးလွင်စန်းမြင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၇/အဖန(နိုင်)၀၉၉၆၄၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

**စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်**
**(၂၉၄၁/၂၀၂၀)(၆-၃-၂၀၂၀)**

**စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်**
**(၂၉၄၂/၂၀၂၀)(၆-၃-၂၀၂၀)**

အထက်ပါ "DEKO"နှင့် "UAG"အမည်နှင့်အမှတ်အသားကို ကုမ္ပဏီမူပိုင်အဖြစ် အသုံးပြုရန်အတွက် ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ပူးတွဲပါစာချုပ်နံပါတ်များဖြင့် တရားဝင်မှတ်ပုံတင်သွင်းထားခဲ့ပြီးဖြစ်ပါသည်။


အထက်ပါ "DEKO"နှင့် "UAG"အမည်နှင့်အမှတ်အသားကို အသုံးပြု၍ လယ်ယာစိုက်ပျိုးရေးသုံးဆေးပစ္စည်းအမျိုးမျိုး၊ ကွန်ပေါင်းဓာတ်မြေသြဇာ၊ စပါးသီးသန့်မြေသြဇာ၊ ရော်ဘာသီးသန့်မြေသြဇာ၊ စိုက်ပျိုးသီးနှံ မျိုးစုံအတွက် မြေသြဇာ၊ သီးနှံမျိုးစုံအတွက် ရွက်ဖြန်းမြေသြဇာအမျိုးမျိုး၊ အပင်အားဆေး၊ အသီးအားဆေး၊ သီးနှံအထွက်တိုး မြေသြဇာအမျိုးမျိုး၊ စိုက်ပျိုးသုံးအားဆေးအမျိုးမျိုး၊ စိုက်ပျိုးရေးသုံးဓာတ်မြေသြဇာ အမျိုးမျိုးနှင့် အခြားဓာတ်မြေသြဇာအမျိုးမျိုး တည်ခင်းရောင်းချသည့် ဆိုင်များတွင် "စကြာဝဠာစိုက်ပျိုးရေး စွမ်းအားစုကုမ္ပဏီလီမိတက်" အမည်အမှတ်အသား Trade Name အမည်ဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ချိရောင်းချနေပါသည်။ ထိုသို့ရောင်းချရာ၌ အဆိုပါကုန်အမှတ်တံဆိပ်အမှတ်အသားကို အရောင်မျိုးစုံ၊ အရွယ်မျိုးစုံတို့ဖြင့် ပြုလုပ်၍အသားတံဆိပ်နှင့် ဖိနှိပ်၍ဖြစ်စေ၊ ကပ်နှိပ်၍ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့် ထင်ရှားစေရန် ပြုလုပ်၍ဖြစ်စေ အသုံးပြုနေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်၏ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူပုံပွားများ တုပပြုလုပ်သုံးစွဲခြင်းများ လုံးဝမပြုလုပ်ရန်နှင့် ပြုလုပ်ကြောင်းတွေ့ရှိက တည်ဆဲတရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝါဝါခိုင်(စဉ်-၃၇၁၁၈)(LL.B,D.B.L,D.I.L)**
**(တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၀၁၀၇၇၁၉**

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်

အောက်ဖော်ပြပါ လုပ်ငန်းတံဆိပ်အမည်အမှတ်အသားသည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးပြုံးချို(ဘ)ဦးသာအေး [၈/ရစက(နိုင်)၁၄၇၉၀၂] ၊ အမှတ်-၁၃၁၈၊ အေးသာ(၆)လမ်း၊ ၄၄ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့မှ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် "YA MONE DRINK WATER" ကုန်အမှတ်တံဆိပ်ကို(၄/၈၀၉/၂၀၁၈၏)ဖြင့် ၂၃-၁-၂၀၁၈ရက်တွင် မှတ်ပုံတင်ပြီးဖြစ်ပါသည်။ အဆိုပါကုန်အမှတ်တံဆိပ်အမှတ်အသားဖြင့် သောက်ရေသန့်ကို ဘူးကြီး၊ ဘူးလတ်၊ ဘူးသေးစသည့် အရွယ်အစားအမျိုးမျိုးတို့ဖြင့် ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းတွင် ထုတ်လုပ်၊ ဖြန့်ချိ၊ ရောင်းချသွားမည်ဖြစ်ပါသည်။




၎င်းကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ထည့်သွင်းထုတ်ပိုးမည့်ပစ္စည်းပေါ်တွင် အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ပြုလုပ်ပြီးလျှင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍ အသားတံဆိပ်ပြုလုပ်၍ ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူး၊ ပလတ်စတစ်ပတ်၊ စက္ကူပတ်၊ စက္ကူဘူး၊ စက္ကူပုံး၊ စက္ကူအိတ်၊ ပါဆယ်ထုတ်များပေါ်တွင် ရိုက်နှိပ်အသုံးပြုဖြန့်ချိလျက်ရှိပါသည်။ အထက်ပါ ကုန်အမှတ်တံဆိပ်အမည်နှင့်ပတ်သက်၍ အခြား မည်သူတစ်ဦးတစ်ယောက်ကမျှ ကုန်အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်၍သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ထင်ရောင်ထင်မှား၊ ဆင်တူယိုးမှား တုပသုံးစွဲခြင်းမပြုရန် တုပသုံးစွဲနေခြင်းကို တွေ့မြင်ကြားသိရပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန်းစန်းမြင့်(အင်းမ) B.A(Law),LL.B,D.B.L,D.I.L**
**တရားလွှတ်တော်ရှေ့နေ(လိုင်စင်-၂၈၅၃)**
**Ph:095002950.Email.sansanmyint1955@g.mail.com**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရေကြည်မြို့နယ်၊ မကျည်းလဟာကျေးရွာအုပ်စု၊ ထန်းငါးပင်ကျေးရွာနေ မစုဟေကို၏ဖခင် ဦးသက်ပိုင်(ခ)ဦးမျိုးမင်းထွန်း[၁၄/ရကန(နိုင်)၁၄၀၃၂၆]သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသက်ပိုင်(ခ)ဦးမျိုးမင်းထွန်း**

### အမည်ပြောင်း

အဖ ဦးနိုင်အေး [၁၂/ လမန (နိုင်) ၀၉၂၀၇၉]၏သား အထက(၂)လှိုင် Grade7 မှမောင်ဖွဲ့ထက်နိုင် အား မောင်အောင်ဝေလင်းဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**အောင်ဝေလင်း**

### မြေညီထပ်(ငှား/ရောင်း)

လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်း Juction Mortin Center ရှေ့တည့်တည့်၊ အကျယ် ပေ(၁၂ ½ x၅၀)၊ မြေညီ HK ၂-လွှာ၊ ငှားမည်။ တစ်လ-(၁၅)သိန်း။
အရောင်း -သိန်း(၄၆၀၀)
**ဆက်သွယ်ရန်-ဖုန်း-၀၉-၅၀၂၀၈၀၀**

### ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အတွင်းပဒံကျေးရွာ ရပ်ကွက်အဆင့်မြှင့် ပြန်လည်ပြင်ဆင် နေရာချထားခဲ့သည့် မြေတိုင်းရပ်ကွက်အမှတ်(သကတ-၁၆)၊ မြေကွက်အမှတ်(၅၂)၊ အမည်ပေါက် ဦးမြင့်သိန်း[၁၂/စခန(နိုင်)၀၁၇၃၇၆]ထံမှ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဦးသန်းထွန်း[၁၂/ကမန(နိုင်)၀၃၀၂၀၃]မှ မြေချစလစ်ပြား(မူရင်း)၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ရပ်ကွက် ထောက်ခံစာများ ပူးတွဲတင်ပြ၍ မြေချပါမစ် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေယာဌာနခွဲသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထား(မူရင်း)များတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက မြေချပါမစ် ထုတ်ပေးခြင်းကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းရုံး**

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၁၆) ကြိမ်မြောက် ကျပ်၁၀၀၀တန်ထီပေါက်စဉ် ၂၀၂၀ ပြည့်နှစ် ၊ ဇွန် လ (၁) ရက်နေ့

*အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၁၅၀၀၀) ဆု

ဃ - ၃၁၃၁၀၂

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

ထ - ၃၄၀၂၂၂

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀၀)ဆု

ကဂ - ၃၈၈၉၈၀

ဝ - ၅၇၇၁၁၄

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲနှုန်းပေါင်း ထပ်မံ၍အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၅၀၀၀)ဆု ( ၁ ) ဆု

ပ - ၇၂၉၀၆၀

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၂၀၀၀)ဆုများ

စ - ၈၁၀၀၂၂
ရ - ၉၅၀၁၀၆
ဝ - ၉၇၆၅၈၅

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲနှုန်းပေါင်း ထပ်မံ၍အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၂၀၀၀)ဆု ( ၂ ) ဆု

ဗ - ၅၀၄၄၃၀
ဇ - ၆၈၅၅၈၇

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ

ဃ - ၂၅၅၅၅၉
ည - ၆၈၆၉၅၀
မ - ၇၅၅၆၂၆

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲနှုန်းပေါင်း ထပ်မံ၍အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၁၀၀၀)ဆု ( ၂ ) ဆု

ဝ - ၁၅၁၀၆၇
ပ - ၅၄၈၀၂

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ

| | |
|---|---|
| ခ - ၁၅၀၅၂၅ | ဏ - ၅၅၈၂၅၄ |
| ကဂ - ၁၈၁၈၃၃ | ကက - ၇၁၄၀၉၉ |
| ဃ - ၃၈၃၁၉၀ | ဍ - ၈၂၁၁၇၆ |
| ကဂ - ၄၇၈၄၁၈ | ထ - ၈၄၀၈၆၅ |
| ဈ - ၅၂၂၇၉၀ | စ - ၉၈၆၁၁၀ |
| ဆ - ၅၄၁၅၃၆ | |

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲနှုန်းပေါင်း ထပ်မံ၍အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၅၀၀)ဆု ( ၁၁ ) ဆု

| | | |
|---|---|---|
| ကင - ၂၈၉၆၃၉ | ပ - ၅၅၁၆၈၀ | ပ - ၇၈၂၅၃၆ |
| ဏ - ၂၉၂၁၄၀ | ထ - ၆၇၀၀၆၄ | ခ - ၈၃၁၇၀၃ |
| ဌ - ၄၄၄၈၈၇ | ထ - ၇၂၉၁၅၈ | ကဂ - ၈၉၅၄၈၇ |
| ကဂ - ၅၂၂၂၄၅ | မ - ၇၆၄၆၄၆ | |

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၂၀၀)ဆုများ

| | |
|---|---|
| က - ၁၀၉၄၁၉ | ခ - ၆၆၆၇၉၆ |
| ဟ - ၁၃၇၂၂၈ | ကင - ၆၉၉၀၃၉ |
| ထ - ၂၀၉၅၀၉ | ကင - ၇၀၅၃၀၇ |
| ရ - ၂၇၆၅၄၅ | င - ၈၂၄၁၆၃ |
| ဍ - ၃၆၇၇၂၀ | ဘ - ၈၄၀၂၉၄ |
| ဇ - ၃၉၇၁၇၂ | ဂ - ၈၇၅၈၄၃ |
| ရ - ၄၄၅၁၅၂ | တ - ၈၈၈၈၄၉ |
| ဗ - ၅၆၅၃၄၉ | ယ - ၉၂၄၀၃၀ |
| ကင - ၆၀၃၉၈၅ | |

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲနှုန်းပေါင်း ထပ်မံ၍အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း(၂၀၀)ဆု ( ၁၀ ) ဆု

| | |
|---|---|
| သ - ၁၂၁၆၀၈ | ဏ - ၄၁၆၁၀၈ |
| ဘ - ၁၅၈၉၁၀ | ထ - ၄၁၆၆၂၀ |
| သ - ၂၅၀၆၃၁ | တ - ၅၆၂၉၇၇ |
| ဟ - ၃၇၄၈၁၈ | ဘ - ၇၇၁၅၆၄ |
| မ - ၄၀၁၆၃၂ | ဘ - ၉၂၇၆၅၇ |

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၁၀၀)ဆုများ

| | |
|---|---|
| ကဃ - ၁၅၈၅၀၉ | ဆ - ၆၀၁၉၇၇ |
| ကစ - ၂၈၄၇၄၈ | ကခ - ၆၀၃၀၅၇ |
| ဏ - ၃၂၀၀၀၈ | ဏ - ၆၈၈၆၀၀ |
| ဟ - ၄၁၆၆၆၀ | ဍ - ၇၁၂၁၅၈ |
| ထ - ၄၃၄၈၅၅ | ဌ - ၇၇၁၉၂၃ |
| န - ၅၁၄၉၅၄ | ဍ - ၈၁၁၃၀၀ |
| မ - ၅၂၉၆၈၀ | ကဂ - ၈၈၇၈၄၄ |
| ယ - ၅၄၆၆၄၂ | ဇ - ၉၁၅၈၇၉ |
| စ - ၅၉၃၁၅၃ | ခ - ၉၂၀၀၀ |

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲနှုန်းပေါင်း ထပ်မံ၍အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်သိန်း(၁၀၀)ဆု (၉)ဆု

ဖ - ၁၇၆၁၀၀
ည - ၂၃၀၈၇၉
ယ - ၄၆၂၂၈၄
ဍ - ၅၄၇၅၈၃
ကင - ၆၃၉၄၈၀
င - ၇၄၀၂၀၆
ကခ - ၇၇၉၅၁၀
ထ - ၈၀၃၁၆၉
ဌ - ၈၅၃၁၉၇

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၅၀)ဆုများ

| | | | |
|---|---|---|---|
| ဘ - ၁၅၀၀၀၅ | ဇ - ၃၇၆၇၃၅ | ဈ - ၇၀၈၅၁၉ | ပ - ၉၁၁၁၇၆ |
| ဗ - ၁၇၆၆၆၈ | အ - ၄၁၀၆၇၁ | ဌ - ၇၁၂၈၂၂ | ကင - ၉၂၁၆၆၀ |
| စ - ၂၂၅၀၂၁ | င - ၄၁၀၇၀၂ | စ - ၇၅၅၈၇၀ | တ - ၉၃၀၉၅၇ |
| ခ - ၂၃၁၉၂၈ | ဍ - ၄၁၃၆၁၆ | တ - ၇၇၂၄၉၅ | ခ - ၉၇၀၇၅၅ |
| ကစ - ၃၂၉၅၄၀ | ရ - ၄၂၁၂၁၅ | ဖ - ၇၈၂၉၅၁ | ဖ - ၉၇၈၀၇၆ |
| အ - ၃၄၈၇၄၀ | ဋ - ၆၈၄၇၅၃ | ဍ - ၈၅၆၅၃၈ | သ - ၉၇၈၁၄၂ |

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲနှုန်းပေါင်း ထပ်မံ၍အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၅၀) ဆု ( ၃ ) ဆု

သ - ၆၆၃၂၁၇
ကဃ - ၈၂၁၄၆၈
ယ - ၈၇၀၅၁၈

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၂၀)ဆုများ

| | | | |
|---|---|---|---|
| က - ၁၅၀၇၁၆ | ပ - ၃၁၈၉၀၄ | ဟ - ၅၂၁၈၈၅ | ကဆ - ၈၈၇၁၁၇ |
| ည - ၁၆၀၈၆၉ | ဇ - ၃၇၇၂၉၀ | ဂ - ၅၅၁၅၇၀ | ကဃ - ၈၈၈၇၈၀ |
| ကင - ၁၆၈၁၅၉ | ပ - ၃၄၀၉၁၃ | မ - ၆၉၈၅၇၄ | န - ၈၉၄၇၂၀ |
| ဍ - ၁၈၂၇၉၉ | ဒ - ၃၄၉၅၇၄ | ယ - ၇၀၀၂၀၉ | င - ၉၄၈၂၂၄ |
| ဖ - ၂၆၉၅၆၈ | ဋ - ၃၆၈၂၁၈ | မ - ၇၅၁၈၈၁ | ဝ - ၉၄၉၄၇၉ |
| ကဂ - ၂၇၈၁၇၃ | ဍ - ၄၃၈၆၃၀ | ဇ - ၇၉၉၃၆၉ | ဂ - ၉၉၄၇၉၈ |

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲနှုန်းပေါင်း ထပ်မံ၍အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၂၀) ဆု ( ၄ ) ဆု

ဏ - ၁၁၂၅၈၆
မ - ၄၂၂၅၄၄
ကခ - ၄၃၀၈၂၈
ကက - ၆၅၃၀၉၁

[illegible] ကျပ်(၁၀)သိန်းဆုများ

[illegible]

[illegible] ဆုမဲစနစ်

[illegible] ကျပ်(၃)သိန်းဆုများ

[illegible]

[illegible] ကျပ်(၂)သိန်းဆုများ

[illegible]

[illegible] ကျပ်(၁)သိန်းဆုများ

[illegible]

[illegible] ကျပ်(၅)သောင်းဆုများ

[illegible]

[illegible] ဆုမဲများ

[illegible]

[illegible] ကျပ်(၁၀)သိန်းဆုများ

| | | | |
|---|---|---|---|
| ယ - ၃၁၆၂၁၈ | ဓ - ၄၉၉၁၄၄ | ရ - ၉၄၂၁၀၄ | ထယ - ၉၉၉၇၆၆ |

[illegible] ဆုမဲစနစ်

[illegible] ကျပ်(၃)သိန်းဆုများ

န - ၁၄၇၆၄ ဘ - ၉၅၁၄၁

[illegible] ကျပ်(၃)သိန်း

[illegible] ကျပ်(၂)သိန်းဆုများ

ည - ၂၆၁၅
ထဝ - ၄၅၉၀

[illegible] ကျပ်(၂)သိန်း

[illegible] ကျပ်(၁)သိန်းဆုများ

အ - ၄၂၉
ဓ - ၄၅၁

[illegible] ကျပ်(၁)သိန်း

[illegible]

[illegible] www.lrd.gov.mm [illegible]

[illegible]

## ဒေါက်တာအေးအေးသန်း(ခ)ဒေါ်စီစီ M.B.,B.S(Rgn)
### အသက်(၇၅)နှစ်

မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်း၊ ကျိုက်ဖနဲဘုရားလမ်း၊ အမှတ်(၃၂-အေ)နေ (ဦးဝမ်းကြည်-ဒေါ်သန်းတင်)တို့၏ သမီး၊ (ဦးကြည်လွင်)၊ ဦးယုကြည် (ဌာနမှူး-သင်တန်းရေးရာ-ငြိမ်း၊ မော်လမြိုင်တက္ကသိုလ်)တို့၏ ညီမ၊ (ဦးကင်ကြည်)၊ [ဦးတင်ကြည် (ထွေ/အုပ်-ငြိမ်း)]၊ ဗိုလ်ကြီးတင်ရီ(ငြိမ်း)၊ ဒေါ်ခင်ခင်သန်း (အလပြ-ငြိမ်း၊ အထက-၁၀၊ မော်လမြိုင်)၊ ဒေါ်လှလှသန်း(အလပြ-ငြိမ်း၊ အထက-၁၀၊ မော်လမြိုင်)တို့၏ အစ်မသည် ၃၁-၅-၂၀၂၀ (တနင်္ဂနွေနေ့) ည ၉:၄၅ နာရီတွင် ဘဝတစ်ပါးပြောင်းရွှေ့ ကွယ်လွန်သွားပြီးဖြစ်ပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၂-၆-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ပိန္နဲကုန်းသုသာန်၌ သရဏဂုံတင်တရားတော်နာယူ၍ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၆-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၆ နာရီတွင် သမုတိသံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်၊ ဝတ္ထုအစရှိသည့် လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း ရေစက်ချ အမျှပေးဝေမည်ဖြစ်ပါသောကြောင့် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်အတူတကွနာယူရန်အတွက် ကြွရောက်ပါရန် ကျန်ရစ်သူမိသားစုများမှ လေးစားစွာဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကံအေး
### အသက် (၅၇) နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၀) ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၄၂၀) (က+ခ)နေ ဦးပြေအေး-ဒေါ်အေးချစ်တို့၏သားကြီး၊ (ဦးသိန်း အောင်-ဒေါ်စန်းခင်)တို့၏ သားသမက်၊ ဦးစိုးဝင်း-ဒေါ်လှဝင်းကြည်တို့၏ ညီ/မောင်၊ ဦးခင်အောင်-ဒေါ်သိန်းထိ၊ ဦးမြင့်လွင်-ဒေါ်စန်းစန်းဌေး၊ ဦးဟန်ထွန်း-ဒေါ်ခင်မျိုးမျိုးထွန်းတို့၏အစ်ကို၊ ဦးစောထွန်းဦး-ဒေါ်တင်ဝင်းကြည်၊ ဦးကျော်သူ-ဒေါ်ခင်ဌေးကြည်၊ ဦးထွန်းဆန်း-ဒေါ်စိန်ကြည်၊ ကိုကံထွန်း-ဒေါ်ထွားစိန်၊ ဦးတင်ထွန်း-ဒေါ်စန်းဌေးကြည်၊ (ဦးဝင်းညွန့်)-ဒေါ်စန်း စန်းကြည်တို့၏အစ်ကိုကြီး၊ ကိုကျော်မိုးထွန်း-မစိုးစိုးဦး၊ ဦးသက်ပိုင်ထွန်း-ဒေါ်နေခြည်လင်း၊ မောင်လင်းလင်းထွန်းတို့၏မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်သိန်းအေး၏ချစ်လှစွာသောခင်ပွန်းသည် ၃၀-၅-၂၀၂၀ (စနေနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ထိန်ပင်သုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေသင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၅-၆-၂၀၂၀ (သောကြာ နေ့) နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

M.V SD GLORIA သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်နေသော ကျော်ထင်(ခ)သစ္စာ (Chief officer)၏ဖခင်ဖြစ်သူ ဗိုလ်မှူးခင်မောင်နွယ်(ငြိမ်း)၊ လေ/၁၄၅၈၊ D.S.A (8 Intake) အသက် (၇၉) နှစ်သည် ၂၇-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၆:၁၀ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံ(ခုတင်-၇၀၀)၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။

**M.V SD GLORIA**
**မိသားစုများ**

---

## ဝမ်းနည်းကြေကွဲခြင်း

နတ်မောက်မြို့နယ်အသင်း(ရန်ကုန်) အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးကံအေး အသက်(၅၇)နှစ် (မန်ကျီးချို-နတ်မောက်) သည် ၃၀-၅-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌနှင့်အမှုဆောင်အဖွဲ့**
**နတ်မောက်မြို့နယ်အသင်း(ရန်ကုန်)**

---

## ဝမ်းနည်းကြေကွဲခြင်း

နတ်မောက်မြို့နယ်အသင်း (ရန်ကုန်) အလုပ်အမှုဆောင်အဖွဲ့ဝင် မန်ကျီးချို-ထောက်ကြန့်ကုန်းလူငယ်ညီညွတ်ရေးအဖွဲ့(ရန်ကုန်) ဥက္ကဋ္ဌ ဦးကံအေး အသက်(၅၇)နှစ် (မန်ကျီးချို-နတ်မောက်)သည် ၃၀-၅-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မန်ကျီးချို-ထောက်ကြန့်ကုန်း**
**လူငယ်ညီညွတ်ရေးအဖွဲ့(ရန်ကုန်)**

---

## အနိစ္စ

ရတနာ
သစ်တော
ပြည့်သွေး
ကြော
သစ်တော
ရတနာ
ထိန်းသိမ်း
ပါ

---

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကြင်လွမ်း (တံခွန်တိုင်)
### အသက် (၈၇) နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ထူပါရုံ(၁၂)လမ်း(အရှေ့)၊ (၁) ရပ်ကွက်၊ အမှတ်(၁၄၄၆)နေ (ဦးမြတ်ဇင်)၏ဇနီး၊ ဦးထင်အောင်ချို-ဒေါ်စန်းစန်းဝင်း၊ ဦးဇော်ဝင်း-ဒေါ်အေးအေးမိုး၊ ဦးမျိုးဆင့်အောင်-ဒေါ်ဝါဝါဘိုတို့၏မွေးသမိခင်၊ မြေး သုံးယောက်တို့၏အဘွား ဒေါ်ကြင်လွမ်းသည် ၁-၆-၂၀၂၀ (တနင်္လာနေ့) နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသောကြောင့် ၃-၆-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၂၀ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
### ဦးရဲသောင်း
### အသက်(၈၁)နှစ်

**လ/ထ ကထိက(ငြိမ်း)**
**G.T.I (မန္တလေး)**
**T.H.S (တောင်ကြီး) T.H.S (ဟသ်ာတ)**
**T.H.S (မြစ်ကြီးနား) T.H.S (မိတ္ထီလာ)**

မိဘကဲ့သို့လေးစားချစ်ခင်ရပါသော ဆရာကြီးရဲသောင်းသည် ၃၀-၅-၂၀၂၀ ရက်နေ့ ညနေ ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တပည့် လှသိန်း (ကျောင်းသားဟောင်း)**
**တောင်ကြီး T.H.S**
**Chairman**
**Myanmar T.H.S**
**Alumni**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာစိုးသန့်နိုင် (ဆမ-၄၅၅၄)
**အထွေထွေရောဂါကုသမားတော်ကြီး (ငြိမ်း)**
**65 Intake၊ ဆေး-၁ (မကွေးမြို့)**
### အသက် (၇၃) နှစ်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ကန်သာရပ်၊ သစ္စာလမ်း၊ အမှတ်(C-၄၁၂၊ ၄၁၃)နေ ဒေါ်မြင့်မြင့်ဆွေ(အလပြ-ငြိမ်း)၏ခင်ပွန်း၊ တောင်ငူမြို့၊သောသီရိအထူးကုဆေးရုံ CEOဒေါက်တာအောင်ကျော်မင်းနှင့် ဒေါက်တာထက်မွန်သက်တို့၏ ချစ်လှစွာသောဖခင်ကြီးသည် ၂၉-၅-၂၀၂၀ ရက်က ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ (ဆရာကြီး ကောင်းရာသုဂတိလားပါစေ)

**သောသီရိအထူးကုဆေးရုံမိသားစု**
**တောင်ငူမြို့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးစောခိုင်
**ညွှန်ကြားရေးမှူး (ပညာ)**
### အသက် (၅၄) နှစ်

အဆင့်မြင့်ပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစောခိုင်သည် ၃၁-၅-၂၀၂၀ ရက် နံနက် ၃:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန မိသားစု**

---

## ဦးဝင်းမောင်
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန်အိမ်ရာဝင်းနေ ဦးချစ်အောင်၏ သား၊ ဒေါ်နွယ်နွယ်၏ ခင်ပွန်း၊ မောင်ဇေယျာလင်း-မအိစန္ဒာရွှေ၊ ဗိုလ်မှူးဇော်ဇော်အောင်-မတင်နွယ်နီဝင်းတို့၏ မွေးသဖခင်၊ မြေးသုံးယောက်တို့၏အဘိုး ဦးဝင်းမောင်သည် ၂၉-၅-၂၀၂၀ ရက် ည ၁၀:၃၀ နာရီတွင် ဇွဲ ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၂၀ (စနေနေ့) နံနက် ၁၀:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၄-၆-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်အေးအေးကြည်
### အသက်(၆၃)နှစ်
**အငြိမ်းစားဆရာမ**
**အမက(၂၁) တာမွေ၊ အလက(၁၁) တာမွေ**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီလမ်း၊ အမှတ်(၃၃၇/ခ)နေ ဦးဝီစင်း-ဒေါ်ကြည်တို့၏ သမီးကြီး၊ ဦးအောင်လင်း-ဒေါ်အေးအေးဌေး၊ ဒေါ်ခင်စမ်းမော်(လ/ထ ညွှန်မှူး၊ အမျိုးသားလွှတ်တော်၊ နေပြည်တော်)၊ ဦးဇော်နိုင်ထွန်း-ဒေါ်သင်းသင်းခိုင်(ခင်မောင်ညွှန့် ထရေးဒင်း ကုမ္ပဏီလီမိတက်)၊ ဦးကျော်သီဟ-ဒေါ်ခင်မြတ်သူ (ခင်မောင်ညွှန့် ထရေးဒင်း ကုမ္ပဏီလီမိတက်)၊ ဦးထွန်းနေလင်း-ဒေါ်နုနုလွင် (Shwe Takhon Auto Services)တို့၏ အစ်မကြီး၊ တူ/တူမ သုံးယောက်တို့၏ ကြီးတော်သည် ၁-၆-၂၀၂၀ ရက် နံနက် ၃:၁၅ နာရီတွင် ဇွဲ ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသိန်းဝင်း (ဆောက်လုပ်ရေး)
**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)**
### အသက်(၆၀)

ပြင်ဦးလွင်မြို့နယ်၊ ထုံးဘိုကျေးရွာ၊ ဓမ္မဝိသုခကျောင်းတိုက် (စိန်ဗိမ္မာန်)နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကတို့ကုန်းကျေးရွာ၊ မြောင်မြို့နေ (ဦးပေါညွန့်-ဒေါ်အေးကြင်)တို့၏ သား၊ ဦးမြင့်သိန်း-ဒေါ်လှလှ၊ ဦးဝင်းထိန်-ဒေါ်တင်တင်လှိုင်၊ ဒေါ်စမ်းမြင့်၊ ဒေါ်ရွှေအိတို့၏ ညီ/မောင်၊ ဦးခင်မောင်ရီ-ဒေါ်မြသီတို့၏အစ်ကို၊ ဒေါ်နန်းစိန်နု၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဉာဏ်လင်းထွန်း-မယဉ်မင်းသွင်တို့၏ ဖခင်၊ မောင်ဘုန်းသက်တည်၏ ဘိုးဘိုးကြီးသည် ၃၁-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၁:၃၀ နာရီတွင် အောင်ရတနာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးရဲသောင်း
### အသက်(၈၁)နှစ်

ကုသရေးဦးစီးဌာန၊ ဆေးနှင့်ဆေးပစ္စည်းဝယ်ယူ/ဖြန့်ဖြူးရေးဌာနခွဲမှ ဒေါက်တာဝင်းနိုင် (ဒုတိယညွှန်ကြားရေးမှူးချုပ်)၏ဖခင် ဦးရဲသောင်းသည် ၃၀-၅-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးရဲသောင်း
### အသက်(၈၁)နှစ်

ကုသရေးဦးစီးဌာန၊ ဆေးနှင့်ဆေးပစ္စည်းဝယ်ယူ/ဖြန့်ဖြူးရေးဌာနခွဲမှ ဒေါက်တာဝင်းနိုင် (ဒုတိယညွှန်ကြားရေးမှူးချုပ်)၏ဖခင် ဦးရဲသောင်းသည် ၃၀-၅-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ကုသရေးဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးရဲသောင်း
### အသက်(၈၁)နှစ်

အတန်းတူသူငယ်ချင်း Dr.ဝင်းနိုင် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဝယ်ယူဖြန့်ဖြူးရေး၊ ကုသရေးဦးစီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)၏ဖခင်ဖြစ်သူ ဦးရဲသောင်းသည် ၃၀-၅-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆေးတက္ကသိုလ်-၂၊ သူငယ်ချင်းများ (၁၉၈၄-၁၉၉၀)**

---

## ဝမ်းနည်းကြေကွဲခြင်း
### Dr.စိုးသန့်နိုင် အသက်(၇၂)နှစ်

ကင်ဆာရောဂါ ဆေးပညာဌာန၊ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးမှ ကင်ဆာအထူးကုဆရာဝန် Dr.နေမျိုးသန့်၏ ချစ်လှစွာသောဖခင် Dr.စိုးသန့်နိုင်သည် ၂၉-၅-၂၀၂၀ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**Myanmar Oncology Society**
**ဥက္ကဋ္ဌနှင့် အဖွဲ့သားများ**

---




---

## COVID-19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

COVID-19 ကာလမှာ မိမိတစ်ဦးတည်းသာမက လူတိုင်း စိတ်ဖိစီးမှုများခံစားနေကြရတယ်ဆိုသည့်အချက်ကို သတိပြုမိလျှင် အခြားသူတွေအပေါ်မှာလည်း ကိုယ်ချင်းစာစိတ် ပိုမိုဖြစ်ပေါ်လာစေပါသည်။

ကိုယ်ချင်းစာစိတ်သည် လူတစ်ဦးနှင့် တစ်ဦးကြား အမုန်းတရားပွားများမှုကို လျော့နည်းစေပါသည်။ ပြဿနာရပ်များကို ကြိုးစားလက်ခံဖြေရှင်းနိုင်စွမ်းလည်း မြင့်မားစေပါသည်။

ဒီလိုနည်းနှင့် စိတ်ဖိစီးမှုများကို လျှော့ချနိုင်ကာ ခံနိုင်ရည်ရပြီး တစ်ဦးချင်းစီက COVID-19 ကာလ၏ ဒုက္ခများကို ရင်ဆိုင်ဖြေရှင်းနိုင်သည့်အဆင့်သို့ ရောက်ရှိအောင် ကြိုးစားသင့်ကြောင်း အသိပေးတိုက်တွန်းလိုပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်
မြန်မာနိုင်ငံ ဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)

---

## ဥတုရာသီ တောကိုမှီ၏

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

**နေပြည်တော် ဇွန် ၁**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၇ အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအား တာဝန်မှရုပ်သိမ်းရန် အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ထန်းတပင် မဲဆန္ဒနယ်မှ ဦးနေမျိုးထွန်းက အဆိုလွှာ အပိုဒ် ၂ အပိုဒ်ခွဲ (၈)အပိုဒ်ခွဲငယ်(၁)တွင် ဖော်ပြပါအရေးကြီးအဆိုသည် လွှတ်တော်အစီအစဉ်များအရ ဦးသိန်းထွန်းနှင့် ဒေါက်တာမောင်သင်းတို့ တင်သွင်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးမူကြမ်းများကို လက်ခံဆွေးနွေးရန် တိုက်တွန်းကြောင်း အဆိုဖြစ်သည်ဟု ယူဆပါကြောင်း၊ ယင်းအဆိုကို တင်သွင်းသည့်အချိန်တွင် ဦးသိန်းထွန်းနှင့်အဖွဲ့ တင်သွင်းလာသည့် ဥပဒေမူကြမ်းအပေါ် လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီက အစီရင်ခံစာတင်ပြီး

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ✪**




ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပစဉ်။

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး




ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပစဉ်။

**နေပြည်တော် ဇွန် ၁**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်၏ လာမည့် ၂၀၂၀ ပြည့်နှစ်အတွင်း ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲကြီးတွင် မဲဆန္ဒရှင်ပြည်သူများ မဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်နှင့် အဆင်ပြေသက်သာစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မည်ကဲ့သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်အောင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ မဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်အတွက် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်စေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်း၊ မဲဆန္ဒရှင်ပြည်သူများ ရွေးကောက်ပွဲအပေါ်တွင်

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖**

TMR 004815(0320) / (ဆေးမှုန့်)TMR 000394(0320)
RE GD.
ကွမ်းရုက်ပုံ
မြန်မာ့တိုင်းရင်းဆေးဖက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ဩလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။
RE GD
လိင်း
ဝမုန်းရှင်
လေငန်းလိမ်းဆေးရည်